ကြေးမုံ

The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ စနေနေ့၊ (26-9-2015) (၈၃၃၅)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဉပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# မြန်မာ့အထူးစီးပွားရေးဇုန်များ၏ အနာဂတ်သစ်ကို ဦးဆောင်လာမည့် သီလဝါအထူးစီးပွားရေးဇုန်

**မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာအဆင့်မီစံနှုန်းများနှင့်အညီ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ် လုပ်ကိုင်နိုင်စေရန် သီလဝါအထူးစီးပွားရေးဇုန်ကို တည်ဆောက်ခဲ့သည်။**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာမူဝါဒများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြောင်းလဲရန် မလွယ်ကူသည့်အတွက် အထူးစီးပွားရေးဇုန်များတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ စတင်ကျင့်သုံးခဲ့သည်။ ယင်းစံနှုန်းများသည် အထူးစီးပွားရေးဇုန်များတွင် အောင်မြင်ပါက စီးပွားရေးဇုန်ပြင်ပရှိ လုပ်ငန်းများတွင်ပါ အသုံးပြုသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

Photo Essay…..
YKN၊ MTM၊ MTSH၊ TSEZ
စီမံခန့်ခွဲမှုကော်မတီ



သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လူနေနှင့် စီးပွားရေးဆိုင်ရာအဆောက်အအုံများကို ဤသို့ တွေ့မြင်ရမည်ဖြစ်သည်။ (ဓာတ်ပုံ-MTSH)

### သီလဝါအထူးစီးပွားရေးဇုန်တည်ဆောက်မှု ရက်စွဲမှတ်တမ်း

* ၂၀၁၂ ခုနှစ် မေ ၂၁ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် စတုတ္ထအကြိမ် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့ အထူးတွေ့ဆုံညှိနှိုင်းမှုမှ သီလဝါ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန် အစပြုနိုင်ခဲ့သည်။
* ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းလွှာကို မြန်မာ-ဂျပန် နှစ်ဖက်လက်မှတ်ရေးထိုးခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒

### ယနေ့ မာတိကာ

ရေဘေးလွန်ကာလ ပြန်လည်ထူထောင်ရေး မူလအခြေအနေထက် သာလွန်အောင် ဆောင်ရွက်သွားမည် စာမျက်နှာ » ၇

ပြိုင်ဘက်အသင်းရဲ့ ကြော်ငြာသင်ပုန်းကြီးကို ဖြုတ်ချခဲ့တဲ့ အာဆင်နယ်ပရိသတ် စာမျက်နှာ » ၁၃



အတွေးအမြင်

**ကြေးမုံစာတည်းရှုထောင့် | ၂၆-၉-၂၀၁၅၊ စနေနေ့**

# အစွမ်းကုန်ကြိုးပမ်းအားထုတ်

မျက်မှောက်ကာလ ဒီမိုကရေစီအစိုးရသည် နိုင်ငံ့တာဝန်ယူခဲ့သည့် လေးနှစ်ကျော်ကာလအတွင်း နိုင်ငံနှင့်ပြည်သူအတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ သိသာထင်ရှားပြီး ထင်သာမြင်သာရှိခဲ့သည်ဟု ဆိုရမည်။ ပြုပြင်ပြောင်းလဲမှုများနှင့် အမှန်တကယ်တိုးတက်မှုများ ရှိခဲ့သည်မှာလည်း မည်သူမျှငြင်းပယ်၍ မရသောအချက် ဖြစ်သည်ဟုလည်း ဆိုချင်ပါသည်။ သို့သော် အားနည်းချက်၊ လိုအပ်ချက်များ ရှိခဲ့သည်ဟုဆိုလျှင်လည်း လက်ခံရမည်ဖြစ်သည်။

ယမန်နေ့က နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည့် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီအစည်းအဝေးတွင် ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က "ပြောင်းလဲတိုးတက်မှုများကို အားရကျေနပ်နေ၍မရဘဲ တိုးတက်သည်ထက် တိုးတက်အောင်၊ အောင်မြင်သည်ထက် အောင်မြင်အောင် အားသွန်ခွန်စိုက်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အားနည်းချက်များကို ဖော်ထုတ်ပြီး ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း" ပြောကြားခဲ့သည်။

မည်သည့်အလုပ်ကိုမဆို မည်မျှကြိုးပမ်းဆောင်ရွက်စေကာမူ အောင်မြင်မှုများ ရှိမည်ဖြစ်သလို ဆုံးရှုံးမှုများလည်း ရှိမည်ဖြစ်သည်။ အလားတူ အားသာချက်များ ရှိမည်ဖြစ်သလို အားနည်းချက်များလည်း ရှိမည်ဖြစ်သည်။ နိုင်ငံတော်ကြီးကို ပြုပြင်ပြောင်းလဲပြီး တိုးတက်ကောင်းမွန်အောင် တည်ဆောက်ရာတွင် အခက်အခဲများပို၍ ရှိမည်ဖြစ်သလို စိန်ခေါ်မှုများစွာလည်း ရှိမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဒီမိုကရေစီအစိုးရသစ်၏ လေးနှစ်ကျော်ကာလ ဆောင်ရွက်ချက်များသည် အားနည်းချက်များရှိစေကာမူ အောင်မြင်မှုများ၊ အားသာချက်များ မြောက်မြားစွာရှိခဲ့ပေသည်။ လူမှုစီးပွားပြုပြင်ပြောင်းလဲမှုတွင် ငွေရေးကြေးရေးကဏ္ဍ တိုးတက်မှုသည် သိသာထင်ရှားပါသည်။ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် အောင်မြင်မှုများမှာ အထူးပြောဖွယ်မရှိချေ။

ပညာရေးကဏ္ဍတွင် သိသာထင်ရှားသည့်ရလဒ်မှာ အထက်တန်းအဆင့်အထိ အခမဲ့ပညာရေးစနစ်ကို ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ တက္ကသိုလ်အဆင့်တွင် စကောလားရှစ်၊ စတိုင်ပင်အသုံးစရိတ်များကို ပိုမိုသုံးစွဲပေးနေသည်။ နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုသည် ထူးခြားမှုပင်ဖြစ်သည်။ နိုင်ငံခြားပညာတော်သင်များကိုလည်း စဉ်ဆက်မပြတ်စေလွှတ်ပေးသည်ကိုတွေ့ရသည်။ အခြေခံပညာ ဆရာ ဆရာမများကိုလည်း တိုးချဲ့ခန့်ထားပေးသည်။

ကျန်းမာရေးကဏ္ဍတွင်လည်း ပြည်သူစိုက်ထုတ်ရသည့် ကုန်ကျစရိတ်များလျော့နည်းစေရန် ဆေးရုံကြီးငယ်၊ တိုက်နယ်ဆေးရုံ၊ ဆေးပေးခန်းအထိ ဝန်ဆောင်မှုပိုပြင်လာသည့်အပြင် ကျန်းမာရေးအသုံးစရိတ်များကို တိုးတက်ချထားပေးသည်ကိုတွေ့ရသည်။ ဆရာဝန်၊ သမားတော်များသာမက သူနာပြုများကိုလည်း တိုးချဲ့ခန့်ထားပေးသည်။ ပြည်သူလူထု လူမှုစီးပွားဖွံ့ဖြိုးစေရန် အလုပ်အကိုင်သစ်များဖန်တီးပေးသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုများလည်း တစ်စတစ်စတိုးတက်လာသည်။

မော်တော်ယာဉ်၊ ဆက်သွယ်ရေးဖုန်းများမှာမူ ဆိုဖွယ်ရာမရှိ။ လူဦးရေထူထပ်သော မြို့ကြီးများရှိပြည်သူများ နေထိုင်ရေးအဆင်ပြေစေရေးအတွက် လူဦးရေ တစ်သိန်းအထက်ရှိသည့် မြို့ကြီးများအား အိမ်ရာစီမံကိန်းများ ရေးဆွဲထားပြီးဖြစ်သည်။ အိမ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ ငွေကျပ် ၄၆ ဘီလီယံ အကုန်အကျခံ၍ အကောင်အထည်ဖော်ပေးနေသည်။

ယနေ့နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များမှာ များပြားလှသည်။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာ စံနှုန်းတိုင်းတာသည့် အဖွဲ့အစည်းများ၏ မှတ်ချက်များအရ တိုးတက်မှုများကို အသိအမှတ်ပြုသော်လည်း ယခုထက်များစွာ ကြိုးပမ်းဆောင်ရွက်ရဦးမည်ဟု ထင်မြင်မိသည်။ ထို့ကြောင့် လက်ရှိရရှိထားသော အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး အနာဂတ်ပြည်သူလူထုဘဝ လိုအပ်ချက်များကို အရှိန်အဟုန်ဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## မြန်မာနှင့်တရုတ်နိုင်ငံတို့အကြား သစ်ကုန်သွယ်မှုနှင့် ပတ်သက်သူများအလုပ်ရုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သစ်ကုန်သွယ်မှုနှင့်ပတ်သက်သော ဆက်စပ်ပတ်သက်သူများ ညှိနှိုင်းဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော် Grand Amara ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်နယ်သစ်တောစီမံအုပ်ချုပ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.FuGuiနှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် Mr. George Dura တို့က အသီးသီး အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နယ်စပ်ဒေသတွင် ဖြစ်ပေါ်နေသော တရားမဝင် သစ်ကုန်သွယ်မှုများသည် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ပုံရိပ်ကို ထိခိုက်စေပါကြောင်း၊ တရားမဝင် သစ်ထုတ်လုပ်မှုကြောင့် သစ်တောများ ပျက်စီးပြုန်းတီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်ကွယ်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းစသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာဆိုးကျိုးများ သက်ရောက်စေကြောင်း၊ ထို့ကြောင့် တရားမဝင်သစ်ထုတ်လုပ်မှု ပြဿနာများကို နှစ်နိုင်ငံ အစိုးရများအနေဖြင့် ထိရောက်စွာ ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး တရားဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

၂၀၁၁ ခုနှစ်မှစပြီး ယနေ့အချိန်ထိ နယ်စပ်ဒေသတစ်လျှောက်တွင်တရားမဝင်သစ်တန် ငါးသောင်းကျော်ဖမ်းဆီးရမိခဲ့ပြီး တရုတ်နိုင်ငံနယ်စပ်တစ်လျှောက်တွင် ဖြစ်ပွားမှုများပြားခဲ့သည်။ ဇန်နဝါရီလဆန်းတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်သစ်တောများအတွင်း တရားမဝင်ဝင်ရောက်ခုတ်လှဲစုပုံထားသောသစ်တန် ၄၅၀၀ ကျော်နှင့် တရုတ်နိုင်ငံဘက်သို့ သယ်ဆောင်သွားရန် သစ်လုံးများ တင်ဆောင်ထားသည့် ယာဉ် ၅၇၅ စီး၊ မော်တော်ဆိုင်ကယ်ကိုးစီးနှင့် တရားမဝင်သစ်ခိုးထုတ်သူ မြန်မာ၊ တရုတ်နိုင်ငံသားများကို ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသ တရားမဝင်သစ်ကုန်သွယ်မှုအား ထိရောက်အောင်မြင်စွာ ကာကွယ်တားဆီးရန် နှစ်နိုင်ငံအစိုးရဌာနများ အပါအဝင် နယ်စပ်ဒေသတွင်ရှိသော အကျိုးဆက်စပ်ပတ်သက်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းနိုင်မည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုနယ်ပယ်အသီးသီးမှ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ၏ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးညှိနှိုင်းမှုများဖြင့် နယ်စပ်ဖြတ်ကျော်တရားမဝင် သစ်ကုန်သွယ်မှုပပျောက်ရေး၊ နှစ်နိုင်ငံအကြားတရားဝင်သစ်ကုန်သွယ်မှုနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကကျသည့် အကြောင်းအရာများကို ဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၅**

လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)၊ ကယားလူမျိုးစု ဒီမိုကရေစီပါတီနှင့် အမျိုးသားတိုးတက်မြင့်မားရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၆ ရက် ည ၇နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ၂၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ရန်ကုန်၏ (၁၄)ကြိမ်မြောက် ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၈ နာရီတွင် အဆိုပါ ဆေးရုံကြီး အလှူတော် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါန အသက်ကယ်နိုင်ရန် ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့် အဖွဲ့ကလက်ခံယူကြမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် လူကိုယ်တိုင် အဆိုပါ ဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန၊ သီလရှင် ပြင်ပလူနာဌာန၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန၊ ဆေးရုံအုပ်ကြီးရုံးနှင့် လူမှုဆက်ဆံရေးဌာနစုတို့တွင် စာရင်းပေးသွင်းနိုင်သည်။ တယ်လီဖုန်းဖြင့် ဆက်သွယ်စာရင်းပေးသွင်းလိုပါက သံဃာတော်များပြင်ပလူနာဌာန ဖုန်း-၇၃၀၀၆၄၄၆၊ သီလရှင်များပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း-၅၄၁၇၉၅ တို့သို့ အောက်တိုဘာ ၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ကြိုတင်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၂၅**

အောက်တိုဘာ ၁ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်မြဝင်း ဦးဆောင်သော လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၄ရက်က ရန်ကုန်တိုင်းဒေသကြီး အမျိုးသားသွေးဌာန၌ ပြုလုပ်ခဲ့သည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် အမျိုးသားသွေးလှူဌာန၌ အမှတ်(၂) လုံခြုံရေး ကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ၂၀၊ အမှတ်(၅) လုံခြုံရေးရဲတပ်ဖွဲ့ဝင် ၇၁ဦး၊ အမှတ် (၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၆၄ဦး၊ တပ်ဖွဲ့ဝင်မိသားစုလေးဦး၊ သင်္ဃန်းကျွန်းစံပြဆေးရုံကြီးတွင် အမှတ်(၃) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၄၀၊ အမှတ်(၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၇ဦး၊ မြောက်ဥက္ကလာပဆေးရုံကြီးတွင် အမှတ်(၇)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၅၇ဦး၊ အမှတ်(၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၆၀၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၅၉ဦး၊ တပ်ဖွဲ့ဝင်မိသားစု ၂၀၊ ဘားအံပြည်သူ့ဆေးရုံတွင် အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၂၁ဦး၊ အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ ရဲတပ်ဖွဲ့ဝင်စုစုပေါင်း ၄၅၃ ဦးတို့ စုပေါင်းသွေးလှူဒါန်းခဲ့သည်။

၂၀၁၅ ခုနှစ်အတွင်း သွေးလှူဒါန်းမှုမှာ ယနေ့အထိ ရဲတပ်ဖွဲ့ဝင်စုစုပေါင်း ၂၂၉၂ ဦးရှိပြီး အရေးပေါ်သွေးလိုအပ်ပါက နီးစပ်ရာ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများသို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

# ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အခြေခံအကျဆုံးနှင့် အဓိကလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၅**

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ရန် ပညာတတ်များစွာလိုအပ်သဖြင့် ပညာရေးမြှင့်တင်မှုလုပ်ငန်းများအား မပြတ်မနေဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ရောက်ရှိရာဒေသတိုင်းတွင် မိမိတို့အနေဖြင့် ပညာရေးမြှင့်တင်ရေးအတွက် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်နေကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ပြုလုပ်သော ရှမ်းပြည်နယ်ရှိ တက္ကသိုလ်၊ အခြေခံပညာကျောင်းများအတွက် ကွန်ပျူတာများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းခြင်း အခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ ပအိုဝ်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စာပေယဉ်ကျေးမှုအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆောင်ရွက်မှု၊ လမ်းတံတားများဖောက်လုပ်မှု၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေး ဆောင်ရွက်မှု၊ အလုပ်အကိုင်ရရှိမှု၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆောင်ရွက်ပေးမှုအခြေအနေများနှင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များ ပူးပေါင်း၍ ကွန်ပျူတာများ လှူဒါန်းရခြင်းမှာ ရှမ်းပြည်နယ်အတွင်း ပညာရေးမြှင့်တင်မှုအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကလေးလူငယ်များ ပညာတတ်များဖြစ်စေရေးအတွက် မိဘပြည်သူများ၊ တာဝန်ရှိသူဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများကလည်း သိရှိနားလည်အောင် ကြပ်မတ်သင်ကြားပေးရန်လိုကြောင်း၊ ရှမ်းပြည်နယ် စိုက်ပျိုးမွေးမြူရေးဇုန်များတွင် အောင်မြင်လျက်ရှိသည့် ကြက်မွေးမြူရေး၊ နွားမွေးမြူရေး စသည့် လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားစေလိုပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးမြေများစွာရှိသဖြင့် ခေတ်မီစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ခြင်းဖြင့် အဓိကစားသောက်ကုန်ထုတ်လုပ်သော ပြည်နယ်ကြီးတစ်ခုဖြစ်လာနိုင်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားသည် စီးပွားရေးလုပ်ငန်းများအတွက် အရေးကြီးလိုအပ်သဖြင့် ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အဓိကအထောက်အကူပြုသည့် လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများ အောင်မြင်ရန် ဒေသခံများကလည်း ကူညီပံ့ပိုးလုပ်ဆောင်ပေးကြစေလိုပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အခြေခံအကျဆုံးနှင့် အဓိကလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန် တိုင်းပြည်၏ရှေ့ရေးကို မြော်တွေးပြီး ဝိုင်းဝန်းလုပ်ဆောင်ကြစေလိုပါကြောင်း၊ မကြာမီပြုလုပ်မည့် ရွေးကောက်ပွဲကြီးအောင်မြင်ရေး လွတ်လပ်ပြီး တရားမျှတရေးအတွက် တပ်မတော်ပိုင်းဆိုင်ရာများတွင် လုပ်ဆောင်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှလည်း နယ်မြေအလိုက်ဖိအားများ မရှိစေရေး Free and Fair ဖြစ်စေရေး ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ ယနေ့လှူဒါန်းမှုပစ္စည်းများကို ဒေသအတွက် အကျိုးရှိအောင် သုံးစွဲကြရန်ဖြစ်ကြောင်း ပြောကြားသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးကုသမှုခံယူနေသော ပြည်သူများအား အားပေးစကားပြောကြားစဉ်။** (မြဝတီ)

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှမ်းပြည်နယ်ရှိ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ပေးအပ်လှူဒါန်းသော ကွန်ပျူတာ အစုံ ၃၀ နှင့် ဆက်စပ်ပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၄၀၀၀၊ သုတရသစာအုပ်စာစောင်များနှင့် အလှူငွေကျပ် ၂၂၅ သိန်းကို ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ ယင်းနောက် အလှူရှင်များက စုစုပေါင်းလှူဒါန်းငွေကျပ် ၁၅၇၅ သိန်း၊ ကွန်ပျူတာ ၁၇၈ စုံနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံးသို့ ရောက်ရှိပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အခြေခံပညာကျောင်းများအတွက် ကွန်ပျူတာနှင့် ဗလာစာအုပ်များ၊ ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ပြုလုပ်သည်။

ရှေးဦးစွာ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ပေးခွင့်ရ၍ ဝမ်းမြောက်ပါကြောင်း၊ ပအိုဝ်းဒေသသိသာစွာ တိုးတက်ပြောင်းလဲလာရခြင်းမှာ နိုင်ငံရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကြောင့် ဒေသခံများအနေဖြင့် ဒေသအတွက် ပိုမိုစိတ်ဝင်စားစွာလုပ်ကိုင်ခွင့်ရရှိခြင်း၊ တည်ငြိမ်အေးချမ်းမှုရရှိခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုဆိုရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးသာမက တရားဥပဒေနှင့်အညီ နေထိုင်လုပ်ကိုင်ကြရန်လိုကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် တည်ငြိမ်အေးချမ်းမှုများစွာ ရရှိနေပြီ ဖြစ်ကြောင်း၊ ရာနှုန်းပြည့်ဖြစ်စေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်မှုမရှိပါက မည်သို့ပင်ဖြစ်စေ ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို မိရိုးဖလာလုပ်ကိုင်နေ၍မရဘဲ ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်မှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာတတ်သူ၊ စာပေတတ်ကျွမ်းသူ များစွာလိုအပ်၍ ပညာရေးမြှင့်တင်မှုကို အထောက်အကူပြုသည့် ကွန်ပျူတာများ၊ စာအုပ်စာစောင်များ လှူဒါန်းရခြင်းဖြစ်ကြောင်း၊ ပညာသင်ကြားရာတွင် လည်းကောင်း၊ အလုပ်လုပ်ရာတွင်လည်းကောင်း ကျန်းမာရန်လိုအပ်သဖြင့် ၂၀၁၂ ခုနှစ်မှစ၍ တပ်မတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဟိုပုံးချိုင့်ဝှမ်းသည် မြေသယံဇာတပေါကြွယ်ဝ၍ စိုက်ပျိုးမွေးမြူရေးအတွက် များစွာကောင်းမွန်ကြောင်း၊ တိုင်းရင်းသားအားလုံးဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် တတ်စွမ်းသရွေ့ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ကမ္ဘာ့အလယ်တွင် တင့်တယ်သည့် ပြည်ထောင်စုနိုင်ငံတော်အဖြစ် လုပ်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အလှူရှင်များက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အခြေခံပညာကျောင်းများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များမှလှူဒါန်းသော ကွန်ပျူတာ ၂၇ စုံ၊ ဗလာစာအုပ် ဒါဇင် ၅၀၀၊ သုတရသစာစောင်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက် စုစုပေါင်း အလှူငွေ ကျပ်သိန်း ၇၀၀ ကို ပေးအပ်လှူဒါန်းကြရာ ဒေသဦးစီးကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဟိုပုံးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုကို ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံသင်တန်းကျောင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် ကျောင်းအုပ်ကြီးက Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘာသာရပ်အလိုက်ကျွမ်းကျင်မှုရှိစေရန် လက်တွေ့လေ့ကျင့်မှုများဖြင့် ထိရောက်စွာ လေ့ကျင့်သင်ကြားပေးရေး၊ တပ်ပိုင်မြေတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား စံနမူနာပြဖြစ်အောင် ဆောင်ရွက်သွားရန်မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်း၌ စစ်ရေးပြကွင်းနှင့် ပွဲကြည့်စင်ဆောက်လုပ်နေမှု၊ ကျောင်းဌာနချုပ်နှင့် လေ့ကျင့်ရေးရုံးနှစ်ထပ်ဆောင်၊ စာပေဌာနရုံး နှစ်ထပ်ဆောင်နှင့် သင်တန်းဆင်းခန်းမဆောက်လုပ်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ သပ်ရပ်ကောင်းမွန်ရေး၊ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေးတို့အားမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဝူဟန်မြို့ရှိ အမှတ်(၁၅) လေကြောင်းချီတပ်မကြီးသို့ သွားရောက်ကြည့်ရှု

**ရန်ကုန် စက်တင်ဘာ ၂၅**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ဝူဟန်မြို့ရှိ အမှတ်(၁၅)လေကြောင်းချီတပ်မကြီး၏ လေ့ကျင့်ရေးဌာနသို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ယာပုံ)**

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား တပ်မကြီးမှူး ဗိုလ်ချုပ် Liu Fa Qing နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တပ်မကြီးမှူးက တပ်သမိုင်းကြောင်းနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် လေ့ကျင့်ရေးဌာနအတွင်း လှည့်လည် ကြည့်ရှုလေ့လာကြရာ တပ်မကြီးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ဝူဟန်မြို့ Tian Hu လေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာရာ ဟူပေပြည်နယ် စစ်ဒေသစစ်ဦးစီးအရာရှိချုပ် ဗိုလ်ချုပ် Yang Wan Jun နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ယူနန်ပြည်နယ် ကူမင်းမြို့အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ရောက်ရှိစဉ် ယူနန်ပြည်နယ် စစ်ဒေသ စစ်ဦးစီးချုပ် Senior Colonel Lu Mei Zhang၊ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး Mr. Li Ji Heng နှင့် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ကူမင်းမြို့ Haigeng Garden Hotel ၌ တွေ့ဆုံသည်။



တွေ့ဆုံပွဲတွင် နှစ်နိုင်ငံအကြား အဆင့်ဆင့် ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နှစ်နိုင်ငံပြည်သူများ အေးချမ်းစွာ ကူးလူးဆက်ဆံသွားလာနိုင်ရေးဆိုင်ရာများနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယူနန်ပြည်နယ် စစ်ဒေသမှူးဗိုလ်ချုပ် Yang Guang Yao နှင့် ဒေသစံတော်ချိန် ၆ နာရီ ၂၅ မိနစ်တွင် ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Green Lake Hotel ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသတွင် နှစ်နိုင်ငံပြည်သူများ အေးချမ်းစွာ ကူးလူးဆက်ဆံနေထိုင်သွားလာနိုင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ယနေ့နံနက် ၉ နာရီခွဲတွင် ကူမင်းမြို့ **စာမျက်နှာ ၇ သို့** ❖

# အမေရိကန်ကွန်ဂရက်လွှတ်တော်၌ ပုပ်ရဟန်းမင်းကြီးဖရန်စစ် မိန့်ခွန်းပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၂၅**

ရွှေ့ပြောင်းအခြေစိုက် နေထိုင်သူများအား ရန်သတ္တရုပြုမှုအဆုံးသတ်ကြပါရန် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က အမေရိကန်ကွန်ဂရက်လွှတ်တော်၌ စက်တင်ဘာ ၂၄ ရက်က မိန့်ခွန်းပြောကြားရာတွင် တိုက်တွန်းလိုက်သည်။

အမေရိကန်ပြည်ထောင်စု၏ စွမ်းပကားကြီးမားမှုနှင့် ဥစ္စာနေကြွယ်ဝမှုတို့ကို လူသားမျိုးနွယ်တိုးတက်ရေးအတွက် အသုံးချသင့်ကြောင်း အသက်(၇၈)နှစ်အရွယ်ရှိ ပုပ်ရဟန်းမင်းကြီးက ကွန်ဂရက်လွှတ်တော်၌ သမိုင်းဝင်မိန့်ခွန်းပြောကြားရာတွင် ဖော်ပြသည်။

ပုပ်ရဟန်းမင်းကြီးသည် ဒီမိုကရက်တစ်သမ္မတတစ်ဦးဖြစ်သူ ဘာရက်အိုဘားမားနှင့်တွေ့ဆုံခဲ့ပြီး နောက်တစ်ရက်အကြာတွင် ရီပတ်ဘလီကန် လွှမ်းမိုးသော ကွန်ဂရက်လွှတ်တော်၌ မိန့်ခွန်းပြောကြားခြင်းဖြစ်သည်။

ဖရန်စစ်သည် အီတလီလူမျိုး ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ မိသားစုတစ်စုမှ ပေါက်ဖွားခဲ့သူဖြစ်ပြီး အာဂျင်တီးနား ဇာတိဖြစ်သည်။

ကမ္ဘာတစ်ဝန်းလုံး၌ သေဒဏ်စီရင်ချက်ချမှတ်ခြင်းကို အဆုံးသတ်စေလိုကြောင်း ကမ္ဘာ့ရိုမန်ကက်သလစ်ဘာသာဝင် ၁ ဒသမ ၂ ဘီလီယံ၏ ခေါင်းဆောင်ဖြစ်သူ ပုပ်ရဟန်းမင်းကြီးက ပြောကြားသည်။ အမေရိကန်ပြည်ထောင်စု၏ ပြည်နယ် ၅၀ အနက် ၃၁ ခု၌ သေဒဏ်စီရင်ချက်အရ အဆုံးစီရင်မှုများ ပြုလုပ်နေကြဆဲဖြစ်သည်။

ဆင်းရဲမွဲတေမှု သံသရာမှ ရုန်းမထွက်နိုင်သော ပြည်သူများအတွက် ပိုမိုတရားမျှတသော စီးပွားရေးစနစ်တည်ဆောက်ရန်လည်းကောင်း၊ လူ့ပယောဂကြောင့်ရာသီဥတုပြောင်းလဲမှုကို တားဆီးနိုင်ရန်ကမ္ဘာ့နိုင်ငံများ ပိုမိုကြိုးပမ်းအားထုတ်ကြရန်လည်းကောင်း ပုပ်ရဟန်းမင်းကြီးက တိုက်တွန်းသည်။

**ရိုက်တာ။**







# အမေရိကန်သမ္မတ အိုဘားမားက တရုတ်သမ္မတ ရှီကျင့်ဖျင်အား အိမ်ဖြူတော်တွင် ကြိုဆိုနှုတ်ဆက်

**ဝါရှင်တန် စက်တင်ဘာ ၂၅**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက အမေရိကန်နိုင်ငံဝါရှင်တန်မြို့သို့ အလည်အပတ်ရောက်ရှိနေသော တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်အား အိမ်ဖြူတော်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ပြီး ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းများအရသိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင် အိမ်ဖြူတော်သို့ ရောက်ရှိစဉ် သမ္မတအိုဘားမားက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ခဲ့သည်။

သမ္မတရှီကျင့်ဖျင်နှင့် အိုဘားမားတို့သည် ညစာသုံးဆောင်ရန် အိမ်ဖြူတော်မှ မီတာ ၂၀၀ ဝေးကွာသည့် ဧည့်သည်ဆောင်သို့သွားသည့် လမ်းတစ်လျှောက်တွင် နှစ်နိုင်ငံအတွက် အရေးပါသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်ဟု ထင်မြင်ယူဆရသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် ဆိုက်ဘာလုံခြုံရေးဆိုင်ရာများကို ဆွေးနွေးနိုင်ဖွယ်ရှိသည်ဟု အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျိုးရှ်အာနက်စ်က ဆိုသည်။

ကုလသမဂ္ဂထိပ်သီးအစည်းအဝေးပွဲတွင် နှစ်နိုင်ငံဆိုင်းငံ့ထားသည့် တရုတ်နိုင်ငံ၏ ဆိုက်ဘာထောက်လှမ်းမှု၊ ပေကျင်းစီးပွားရေးမူဝါဒများနှင့် တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် နယ်မြေပိုင်ဆိုင်မှုအငြင်းပွားမှုကိစ္စရပ်များကို ဆွေးနွေးနိုင်ဖွယ်ရှိကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ။**

# မြေထဲပင်လယ်အရှေ့ပိုင်း၌ ရုရှားရေတပ်စစ်ရေးလေ့ကျင့်မည်

**မော်စကို စက်တင်ဘာ ၂၅**

ဆီးရီးယားနိုင်ငံ၌ ရုရှားနိုင်ငံ၏ စစ်ရေးတည်ဆောက်နေမှုများအပေါ် အနောက်အုပ်စုနိုင်ငံများက စိုးရိမ်သောကဖြစ်နေစဉ်အတွင်း စက်တင်ဘာလနှင့် အောက်တိုဘာလတို့အတွင်း မြေထဲပင်လယ်အရှေ့ပိုင်းဒေသ၌ ရေတပ်စစ်ရေးလေ့ကျင့်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၄ ရက်တွင် ပြောကြားလိုက်သည်။

အဆိုပါရေတပ်စစ်ရေးလေ့ကျင့်မှုတွင် စစ်ရေယာဉ်သုံးစင်းပါဝင်မည်ဖြစ်ပြီး ယင်းရေယာဉ်များမှာ ရုရှားပင်လယ်နက်ရေတပ်ဖွဲ့မှ ဆာရာတော့ဗ်အမည်ရှိ ကမ်းတက်ရေယာဉ်၊ ပဲ့ထိန်းဒုံးကျည်တင်ရေယာဉ် မော့စ်ကဗာနှင့် ဖျက်သင်္ဘော စမက်လီဗီတို့ဖြစ်ကြသည်ဟု ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ စစ်ရေယာဉ်များသည် တိုက်ပွဲဝင် လေ့ကျင့်မှုအမျိုးအစားပေါင်း ၄၀ ကို လေ့ကျင့်မည်ဖြစ်ပြီး ပင်လယ်ပြင်နှင့် လေကြောင်းပစ်မှတ်များကို အမြောက်များနှင့် ဒုံးကျည်များ ပစ်ခတ်လေ့ကျင့်မှုများ ပါဝင်မည်ဟု သတင်းတွင် ဖော်ပြသည်။

မြေထဲပင်လယ်ဒေသတွင် ရေတပ်စစ်ရေးလေ့ကျင့်မှုများကို ၂၀၁၃ ခုနှစ် အစောပိုင်းတွင် ရုရှားက ပြန်လည်ပြုလုပ်ခဲ့ပြီး မြေထဲပင်လယ်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရန် ၂၀၁၃ ခုနှစ် နှစ်ကုန်တွင် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုစစ်ရေးလေ့ကျင့်မှုများသည် ဆီးရီးယားနိုင်ငံတွင် ဖြစ်ပွားနေသည့် လက်နက်ကိုင် တိုက်ခိုက်မှုများနှင့် ဆက်နွှယ်မှုမရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

**ရိုက်တာ။**

# တရုတ်နိုင်ငံတွင် အာဆီယံကာကွယ်ရေးဝန်ကြီးများ တောင်တရုတ်ပင်လယ်အရေးဆွေးနွေးမည်

**ပေကျင်း စက်တင်ဘာ ၂၅**

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ရေးဝန်ကြီးများက လာမည့်လတွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ အစည်းအဝေးတစ်ရပ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၁၅၊ ၁၆ ရက်တွင် ပေကျင်းမြို့၌ အာဆီယံကာကွယ်ရေးဝန်ကြီးများနှင့် တရုတ်ကာကွယ်ရေးဝန်ကြီးတို့ အစည်းအဝေးတစ်ရပ်ကျင်းပမည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဝူကျင်းကဆိုသည်။

အဆိုပါအစည်းအဝေးတွင် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့အကြား သဘောထားတင်းမာနေသည့် တောင်တရုတ်ပင်လယ်အရေးကိစ္စကို ဆွေးနွေးမည်ဖြစ်သည်။

အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးများက တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်ပြီး လေးနက်စွာ အမြင်ချင်းဖလှယ်ကြမည်ဖြစ်ကြောင်း ဝူကျင်းကဆက်လက်ပြောသည်။

နှစ်စဉ် အမေရိကန်ဒေါ်လာ ၅ ထရီလီယံကုန်သွယ်မှုရှိသည့် တောင်တရုတ်ပင်လယ်ကို ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ တရုတ်တိုင်ပေ၊ ဘရူနိုင်းနှင့် တရုတ်နိုင်ငံတို့အကြား ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသည်။

တရုတ်နိုင်ငံသည် ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသည့်ဒေသတွင် တတိယမြောက် လေယာဉ်ကွင်းတစ်ခု တည်ဆောက်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်လျက်ရှိကြောင်း ဂြိုဟ်တုမှတစ်ဆင့် ရိုက်ကူးထားသည့် ဓာတ်ပုံများအရ အမေရိကန်ကျွမ်းကျင် ပညာရှင်တစ်ဦးက ဆိုသည်။

**ဆင်ဟွာ။**

# ခရီးရှည်ချီတက်ပွဲ-၁၁ ဒုံးပျံယာဉ်သစ် တရုတ်နိုင်ငံ အောင်မြင်စွာလွှတ်တင်

**ကျွေ့ယန်(ကျန်းစု) စက်တင်ဘာ ၂၅**

ခရီးရှည်ချီတက်ပွဲ-၁၁ ဟု အမည်ပေးထားသော သယ်ယူပို့ဆောင်ရေး ဒုံးပျံအမျိုးအစားသစ်ကို စက်တင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၁ မိနစ်တွင် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျန်းစုပြည်နယ်ရှိ ကျွေ့ယန်ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ ဒုံးပျံယာဉ်သည် စမ်းသပ်ရေးလုပ်ငန်းများ အဓိကလုပ်ဆောင်မည့် ဂြိုဟ်တုအသေးစား လေးလုံးကို အာကာသအတွင်းသို့ သယ်ဆောင်သွားသည်။

လောင်စာခဲစွမ်းအင်အသုံးပြုသော အဆိုပါဒုံးပျံယာဉ်ကို တရုတ်လေကြောင်း အာကာသသိပ္ပံနှင့် ဂြိုဟ်တုလွှတ်တင်ရေး ဒုံးပျံနည်းပညာသိပ္ပံတို့က ပူးတွဲတည်ဆောက်ခြင်းဖြစ်ပြီး အဆိုပါဒုံးပျံယာဉ်ကို အသေးစားဂြိုဟ်တုများ လွှတ်တင်ရေးတွင် အသုံးပြုရန် တည်ဆောက်ထားခြင်းဖြစ်သည်။

အဆိုပါ ဒုံးပျံယာဉ်ကို အောင်မြင်စွာ လွှတ်တင်နိုင်ခြင်းသည် လောင်စာခဲစွမ်းအင်သုံး ဒုံးပျံယာဉ်လွှတ်တင်မှုအတွက် အဓိကကျသော နည်းပညာအောင်ပွဲဖြစ်ကြောင်း ဂြိုဟ်တုလွှတ်တင်ရေးနည်းပညာသိပ္ပံက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ယခုလွှတ်တင်သော ဒုံးပျံယာဉ်၏ ခရီးစဉ်သည် တရုတ်နိုင်ငံက လွှတ်တင်ခဲ့သော ခရီးရှည် ချီတက်ပွဲ အမည်ရှိ ဒုံးပျံယာဉ် အမျိုးအစားအုပ်စု၏ ၂၁၁ ကြိမ်မြောက် ခရီးစဉ်ဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



# ရွေးကောက်ပွဲအောင်မြင်ရန်အတွက် အားလုံးမျှဝေတာဝန်ယူမှုဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြား




**နေပြည်တော် စက်တင်ဘာ ၂၅**

Konrad Adenauer Stiftung က ကျင်းပသည့် Election and Ethics Conference ကို နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမည့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများမှ တာဝန်ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် Konrad Adenauer Stiftung မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။**(အပေါ်ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက Election and Ethics Conference ကို ကျင်းပသည့် ရည်ရွယ်ချက်မှာ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သောသူများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ်များကို ပိုမိုနားလည်သဘောပေါက်ကာ နိုင်ငံတကာရွေးကောက်ပွဲအတွေ့အကြုံများ၊ ပြဿနာဖြေရှင်းပုံများကို ပိုမိုသိရှိနိုင်စေရန်နှင့် အောင်မြင်သောရွေးကောက်ပွဲတစ်ခု ဖြစ်လာစေရေးတို့အတွက် ဖြစ်ကြောင်း။

ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်များသည် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သောသူများက သဘောတူ လက်ခံထားသည့် ဥပဒေကဲ့သို့သက်ရောက်ခြင်းမရှိသည့် အပြုအမူနှင့်သက်ဆိုင်သော စည်းမျဉ်းများဖြစ်ပြီး လိုက်နာဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် တိုက်ရိုက်ပါဝင်ပတ်သက်နေသူများမှာ ရွေးကောက်ပွဲကိုစီမံခန့်ခွဲရသည့် ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မီဒီယာများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများဖြစ်ကြောင်း၊ ပါဝင်ပတ်သက်သူအားလုံးအတွက် ဆိုင်ရာဆိုင်ရာကျင့်ဝတ်များ ရှိရန်လိုကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲတစ်ခု ကျင်းပသည့်အခါ ဘက်လိုက်မှုမရှိဘဲ ဥပဒေနှင့်အညီ မျှမျှတတ ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အနေဖြင့်လည်း မဲဆွယ်စည်းရုံးသည့်အခါ ကတိကဝတ်ပြုထားသည့် ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ မီဒီယာများအနေဖြင့်လည်း သတင်းရေးသားထုတ်လွှင့်ဖော်ပြရာတွင် ဘက်လိုက်မှုမရှိဘဲ မျှမျှတတရေးသားဖော်ပြထုတ်လွှင့်ပေးရေးသည် အဓိကကျပါကြောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအနေဖြင့်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပေါ် ဖြောင့်မတ်မှန်ကန်စွာ ဘက်လိုက်မှုမရှိဘဲ အကဲဖြတ်ရမှာဖြစ်ကြောင်း။

နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များကို သိရှိနားလည်အောင် လေ့လာမှသာ ဥပဒေနှင့်အညီဝေဖန်ပြောဆိုနိုင်မည်ဖြစ်ပြီး ဥပဒေ၏အကာအကွယ်ကိုလည်း ရယူနိုင်မှာဖြစ်ကြောင်း၊ ပါတီဝင်များနှင့် ပါတီကို ကိုယ်စားပြုအရွေးချယ်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ဥပဒေသာမက ကျင့်ဝတ်များကိုလည်းသိရှိလေးစားလိုက်နာရန်လိုကြောင်း၊ သို့မှသာ ရွေးကောက်ပွဲကာလတွင် ပဋိပက္ခပေါ်ပေါက်ခြင်းမရှိဘဲ အေးချမ်းစွာ ရွေးကောက်ပွဲကို ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

သတင်းမီဒီယာသမားများအနေဖြင့်လည်း မီဒီယာကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ပြီး ပြည်သူလူထုကို မှန်မှန်ကန်ကန် သတင်းပေးနိုင်မှသာ ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုမြင့်တက်လာမှာဖြစ်ကြောင်း၊ မီဒီယာများ၏ မှန်ကန်သော သတင်းရေးသားထုတ်ပြန်ပေးခြင်းကြောင့် ပြည်သူလူထုအနေဖြင့် လူတော်လူကောင်းများ ရွေးချယ်ကြပြီး နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း။

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့်လည်း စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များကို ကျင့်ဝတ်နှင့်အညီဆောင်ရွက်၍ ပါတီစွဲနှင့် ဘက်လိုက်မှုကင်းပြီး ပြဋ္ဌာန်းဥပဒေများနှင့်အညီ မှန်ကန်တည့်မတ်စွာ အကဲဖြတ်ဆောင်ရွက်မှသာ ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲအပေါ် ယုံကြည်မှုမြင့်မားလာမည်ဖြစ်ပြီး ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူဖြစ်စေမှာ ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းပြီး လွတ်လပ်မျှတသည့် ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ရေးနှင့် နိုင်ငံ၏ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးသည် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်နေကြသည့် အဖွဲ့အစည်းတိုင်း ဥပဒေများကို အသိတရားနှင့်ယှဉ်၍ ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်မှုအပေါ် တည်မှီလျက်ရှိပါကြောင်း၊ ကျင့်ဝတ်၏သဘောတရားမှာ မိမိကိုယ်ကိုမိမိ ထိန်းကျောင်းခြင်းနှင့် ကန့်သတ်ခြင်းဖြစ်ပြီး အရေးကြီးဆုံးရည်မှန်းချက်များမှာ ရွေးကောက်ပွဲလုပ်ငန်းစဉ် အောင်မြင်စေရေးကို အထောက်အကူဖြစ်စေရေး၊ သက်ဆိုင်ရာ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ပါဝင်ဆောင်ရွက်သူများကြား ယုံကြည်မှုမပျက်ပြားရေး၊ သည်းခံမှုဖြင့် အပြုသဘောဆောင်သော၊ ချစ်ခင်ရင်းနှီးသော အခြေအနေတစ်ရပ် ဖြစ်ပေါ်လာစေရေး၊ တိုင်းပြည်အကျိုးထမ်းရွက်ရန် အပြုသဘောဆောင် တရားမျှတသော ယှဉ်ပြိုင်မှုဖြစ်ပေါ်လာစေရေးတို့ဖြစ်ပါကြောင်း၊ မည်သည့်မတူကွဲပြားမှုများရှိနေသော်လည်း တည်ငြိမ်အေးချမ်းစွာ ရွေးကောက်ပွဲအောင်မြင်ရေးကိုဦးတည်သော ပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာစေရေးအတွက် မိမိဆန္ဒအလျောက် အသိတရားနှင့်ယှဉ်သော တာဝန်သိစိတ်ဖြင့် ကူညီဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

ရွေးကောက်ပွဲအောင်မြင်ရန်အတွက် အားလုံးမျှဝေတာဝန်ယူမှုဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ယနေ့ Conference မှ ရှင်းလင်းဆွေးနွေးချက်များအပေါ် သင်ခန်းစာရယူ၍ ရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းပြီး အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်အောင် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

၎င်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဝင်းထိန်က မဲဆွယ်စည်းရုံးမှု၊ ရွေးကောက်ပွဲတည်ငြိမ်အေးချမ်းရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ The Innovative မှ Ms. Christian Rieck က ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ Konrad Adenauer Stiftung မှ Dr. Thomas Lawo က ၎င်းတို့အဖွဲ့အစည်း၏ အာဆီယံနိုင်ငံများအတွင်း ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပူးပေါင်းကူညီဆောင်ရွက်ခဲ့မှုများနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲအား ဆက်လက်ကျင်းပခဲ့သည်။ Conference ကို စက်တင်ဘာ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကျောဖုံးမှ

ထိုပန်ဒါနီများကို အာရှဒေသများတွင်သာတွေ့ရှိရပါသည်။ ယခုထက်တိုင် ထိုဒေသရှိ ရှင်သန်ဆဲဝါးမျိုးတို့ကြောင့် ပန်ဒါနီများ ကုသိုလ်ကံကောင်းစေခဲ့ခြင်း (သို့မဟုတ်) မျိုးစိတ်များ ဆက်လက်တည်တံ့နေခြင်းကို အထောက်အကူဖြစ်စေခဲ့ပါသည်။ ပန်ဒါနီများ၏ သဘာဝတောအတွင်း အစားအသောက်ပိုင်းဆိုင်ရာ အမျိုးအစားရွေးချယ်မှုသည် သာမန်ထက်ထူးခြားနေမှုများကြောင့် ထိုအခြင်းအရာသည် ၎င်းတို့၏ နေ့စဉ်ဘဝများ ဖြတ်သန်းမှုအပေါ်တွင် နက်ရှိုင်းစွာအကျိုးသက်ရောက်မှုများ ရှိလာခဲ့ပါသည်။ ပထမအချက်တစ်ချက်အနေဖြင့် ၎င်းတို့မဖြစ်မနေစားသုံးသော ဝါးရွက်သည် အလွန်အစာကြေခဲသော အမျှင်ဓာတ်တစ်မျိုးဖြစ်ပြီး ပန်ဒါနီအတွက် လိုအပ်သော အာဟာရဓာတ်ကို စုပ်ယူရန် အံ့မခန်းစွာ ခက်ခဲစေခြင်းကိုဖြစ်စေပါသည်။ ဒုတိယအချက်အနေဖြင့် နွား၊ မြင်းနှင့် အခြားအသီးအရွက်စား နို့တိုက်သတ္တဝါများတွင် ပုံမှန်အားဖြင့် သန်မာသောသွားများရှိပြီး အူလမ်းကြောင်းတစ်လျှောက်တွင်လည်း အစာကိုအချဉ်ဖောက်ရန် သီးသန့်အစာအိမ်အခန်း ( Rumen ) များရှိပါသည်။ သို့သော် ပန်ဒါနီတွင် သွားများရှိသော်လည်း ၎င်းတို့၏အူလမ်းကြောင်းများသည် သစ်ပင်ထွက်ပစ္စည်းများကို စားသုံးပြီး အစာချေဖျက်နိုင်ရန်အတွက် အထူးတလည် တည်ဆောက်ထားသော အစာချေလမ်းကြောင်းစနစ် မဟုတ်ကြချေ။ စားလိုက်သောအစာပမာဏ၏ လေးပုံတစ်ပုံခန့်ကိုသာ အစာချေဖျက်နိုင်စွမ်းရှိကြသည်။ ထို့ပြင် အစာသည် အစာချေလမ်းကြောင်းအတွင်း အလျင်အမြန် ဖြတ်သန်းသွားခြင်းသည်လည်း အာဟာရဓာတ်လုံလောက်စွာရရှိမှုကို လျော့ပါးစေသည်။ ဤအခြေအနေက အစားအစာရှားပါးသော ဆောင်းတွင်းတွင် အခြားသော ၎င်းတို့ ကြိုက်နှစ်သက်သည့် ဖြည့်စွက်စားစရာများ ဥပမာ အင်းဆက်ပိုးမွှားများ အလွယ်တကူ မရရှိနိုင်ခဲ့လျှင် ပုံမှန်ခန္ဓာကိုယ်အလေးချိန်၏ ၁၅ ရာခိုင်နှုန်းခန့် ကျဆင်းသွားတတ်သည်။

သို့အတွက်ကြောင့် ဆောင်းရာသီတွင် အစာရှားပါးမှုကို ပန်ဒါနီများ ပြန်လည်တုံ့ပြန်နိုင်ရန်အတွက် ၎င်းတို့၏ စွမ်းအင်လိုအပ်ချက်ကို ပြောင်းလဲမှုများပြားစွာသော နည်းလမ်းများဖြင့် သဘာဝကဖြည့်ဆည်းပေးလာသည်။ ဥပမာအားဖြင့် ပန်ဒါနီသည် တစ်နေ့ကို ၁၃ နာရီခန့် အစာရှာဖွေခြင်းနှင့် အစာစားခြင်းကို အသုံးပြုသည်။ ပို၍အေးလာသောအပူချိန်တွင် ခန္ဓာကိုယ်တွင်း ဇီဝဖြစ်ပျက်ခြင်း (Metabolism) ကျဆင်းလာသည်။ လျှော့ချနိုင်သည်။ သို့အတွက် စွမ်းအင်လိုအပ်မှုနည်းပါးသည်။ နောက်ဆုံးတွင်ခန္ဓာကိုယ်မှ အပူမထွက်၊ မဆုံးရှုံးစေရန်အတွက် ထူထဲသောအမွေးများဖြင့် ခန္ဓာကိုယ်တစ်ခုလုံးကို ခြေဖဝါးပါမကျန် ဖုံးလွှမ်းစေပြီး ခန္ဓာကိုယ်အပူချိန်ကို ထိန်းသိမ်းပေးထားသည်။

ပန်ဒါနီများကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ၎င်းတို့ချည်းသာမဟုတ်ဘဲ ၎င်းတို့ကျင်လည်ကျက်စားရာ ဒေသများကိုပါ ယှဉ်တွဲထိန်းသိမ်းသွားရန် လိုအပ်ပါသည်။ ဥပမာ နီပေါနိုင်ငံတွင် တစ်ချိန်တစ်ခါက ထူထပ်သော သစ်တောများနှင့် ချုံနွယ်ပိတ်ပေါင်းများက သစ်တောများကို စိုစွတ်စေပြီး ရေကို တသွင်သွင်စီးဆင်းစေခဲ့သည်။ သို့သော်မကြာသေးမီက သစ်ထုတ်လုပ်ခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းစေခြင်းများက တစ်ချိန်တစ်ခါက တောတောင်များ၏ အခြေအနေကောင်းများနှင့် သဘာဝမျှခြေများကို ကမောက်ကမဖြစ်စေခဲ့ပါသည်။ နှစ်စဉ်မုတ်သုံရာသီတွင် မြေဆီမြေနှစ်များကို တောတောင်တစ်လျှောက် ဝေါခနဲလျှောကျစေခဲ့သည်။ ယခုအခါတွင်မူ နီပေါနိုင်ငံတွင် ပန်ဒါနီများ ကျင်လည်ကျက်စားနိုင်သော ဘေးမဲ့တော ရှစ်ခုကို သတ်မှတ်ထုတ်ပြန်ထားသည်ကို မှတ်သားသိရှိရသည်။

ကမ္ဘာပေါ်တွင် ပန်ဒါနီများ ကျင်လည်ရှင်သန်ကျက်စားရာနေရာဒေသကိုကြည့်လျှင် အလွန်ကျဉ်းမြောင်းသည်ကို တွေ့ရမည်ဖြစ်ပြီး ဤသည်မှာ ပန်ဒါနီများ မျိုးသုဉ်းရန် ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်လာစေသည်။ အရှေ့တောင်အာရှဟုယေဘုယျဆိုနိုင်သော်လည်း တွေ့ရှိရသည့် နိုင်ငံများကို ကြည့်လျှင် နီပေါ၊ အိန္ဒိယ၊ ဘူတန်၊ မြန်မာနိုင်ငံမြောက်ဖျားအရပ်ဒေသများနှင့် တရုတ်နိုင်ငံတောင်ပိုင်းအရပ်များ၌သာ တွေ့ရှိနိုင်သည်။ ပေ ၄၉၀၀ မှ ပေ ၁၃၀၀၀ အမြင့် တောတောင်တန်းများတွင် နေထိုင်လေ့ရှိပြီး ပန်ဒါနီသည် နီညိုရောင်သားမွေးရှိကာ ဝါဂွမ်းကဲ့သို့ နူးညံ့သော သားမွေးများရှိသည့်အမြီးတွင် အဖြူရောင်အကွင်းများရှိသည်။ နားရွက်မှာ သေးငယ်သည်။ အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ်မှ ၂၄ ဒီဂရီစင်တီဂရိတ်အတွင်း နေထိုင်နိုင်သည်ဟုဆိုသည်။ တစ်ကောင်တည်းနေလေ့ရှိပြီး တစ်ခါတစ်ရံမှသာ နှစ်ကောင်တွေ့ရတတ်သည်။ တကြိမ်သားပေါက်လျှင် တစ်ကောင်မှ လေးကောင်အထိ သားပေါက်လေ့ရှိကြပြီး သားပေါက်များမှာ ၁၈ လကြာလျှင် အရွယ်ရောက်ကြသည်။ ဇီးဆောင်ရက်မှာ လေးလဖြစ်သည်။ ပန်ဒါနီများ မွေးဖွားနှုန်းကျဆင်းရခြင်း၏ အကြောင်းရင်းများတွင် အကောင်ပေါက်ငယ်များမှာ ကြီးထွားနှုန်းနှေးကွေးသည့်အတွက် တနှစ်ကျော်ကြာသည့်တိုင်အောင် မိခင်နှင့်တွဲနေတတ်ခြင်း၊ ထို့ပြင် တစ်နှစ်တစ်ခါ မိတ်လိုက်ရာသီချိန်မှာလည်း အလွန်တိုတောင်းသည့်အတွက် အထီးအမ ယှဉ်တွဲတွေ့ဆုံနေထိုင်မှုမှာ ကြာရှည်လှခြင်းမရှိခြင်း၊ သားပေါက်တိုင်းလည်း အသက်ရှင်ရန် ခက်ခဲခြင်းတို့ကြောင့် မွေးဖွားနှုန်းကျဆင်းရသည်ဟု ဆိုသည်။ ၎င်းတို့၏ သက်တမ်းမှာ ရှစ်နှစ် မှ ၁၂ နှစ်ထိဖြစ်ပြီး တိရစ္ဆာန်ဥယျာဉ်များတွင် ၁၅ နှစ်ကြာသည်အထိ နေထိုင်သော ပန်ဒါနီများကိုလည်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် အမိန့်ကြော်ငြာစာအမှတ် ၅၈၃/၉၄ အရ ပန်ဒါနီများကို လုံးဝကာကွယ်ထားသည် တောရိုင်းတိရစ္ဆာန်များစာရင်းတွင် ထည့်သွင်းသတ်မှတ်ခဲ့သည်။ အချုပ်အားဖြင့်တင်ပြရလျှင် တစ်ချိန်တစ်ခါက ကမ္ဘာအနှံ့အပြားတွင် ဝါးရွက်ကိုသာ စားသောသတ္တဝါ အများအပြားရှိခဲ့ကြောင်းကို ရုပ်ကြွင်းများ အထောက်အထားအရသိရှိရပြီး ကမ္ဘာကြီး၏ တိုးလာသော အပူချိန်နှင့် စိုထိုင်းဆအပြောင်းအလဲများကြောင့် ဝါးမျိုးအများအပြား ပြုန်းတီးသွားခြင်းများနှင့်အတူ ဝါးရွက်အဓိကစားသတ္တဝါများလည်း မျိုးသုဉ်းခဲ့ရသည်ဟု သုတေသီများက ဆိုသည်။ သို့ပါ၍ ဝါးတောများ ရှင်သန်ပေါက်ရောက်သော သဘာဝတောတောင်များကို ထိန်းသိမ်းခြင်းအားဖြင့် မြန်မာ့မြေပေါ်တွင် ဝါးရွက်ကို အဓိကထားစားသုံးသော ဂုဏ်ယူဖွယ်တစ်မျိုးတည်းတိရစ္ဆာန်ဖြစ်သည့် ပန်ဒါနီခေါ် ကြောင်နီအား မျိုးသုဉ်းမသွားစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။



# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရေးနှင့် ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ (က) ၂၆-၉-၂၀၁၅ ရက်နေ့တွင် ၃၃ကေဗွီ ကုက္ကိုင်းဓာတ်အားခွဲရုံတွင် အဆင့်မြင့် Panel များ တပ်ဆင်ရန် ၁၁း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် ရန်ကင်းမြို့နယ်ရှိ (၅၊ ၆၊ ၈၊ ၉၊ ၁၂၊ ၁၃၊၁၄) ရပ်ကွက်များ၊ တောင်ဥက္ကလာပမြို့နယ်၊ ဗဟန်းမြို့နယ်ရှိ (ရွှေတောင်ကြား(၁) နှင့်(၂))၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ရွှေသံလွင်ကွန်ဒို၊ ကမာရွတ်မြို့နယ်ရှိ (၁၀ ရပ်ကွက်၊ သံလွင်လမ်း၊ တက္ကသိုလ်ရိပ်သာလမ်း)တို့တွင် အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိပါမည်။

(ခ) ၂၆-၉-၂၀၁၅ ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ (ဗိုလ်ဗထူးအိမ်ရာ၊ ဝင်းသစ်စက်)၊ သာကေတမြို့နယ်ရှိ (ကမာကြည်အိမ်ရာ၊ တိုင်းရင်းသားကျေးရွာ)၊ မှော်ဘီမြို့နယ်ရှိ (လေထီးသင်တန်းကျောင်း၊ အောက်ဝါးနက်ချောင်း၊ လေကြောင်းရန် ကာကွယ်ရေးတပ်)၊ တိုက်ကြီးမြို့နယ်အတွင်းရှိ [ဖူးကြီးရေတွန်းစက်၊ အဆင့်မြင့် (ဆ. သ. ရ)တပ်]၊ လှိုင်သာယာမြို့နယ်ရှိ (၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊၂၂၊ ၂၆)ရပ်ကွက်နှင့် CNG ဆိုင်အချို့တွင် ၀၉း၀၀ နာရီမှ ၁၃း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ပါမည်။

(ဂ) ၂၇-၉-၂၀၁၅ ရက်နေ့တွင် ဒလမြို့နယ်၊ တွံတေးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ လှိုင်သာယာမြို့နယ်အတွင်းရှိ (၆၊ ၈၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆)ရပ်ကွက်များ ၀၉း၀၀ နာရီမှ ၁၃း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ပါမည်။

၃။ ယင်းသို့ ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် အဆင်မပြေမှုများ၊ အခက်အခဲများဖြစ်ပေါ်လာပါက နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ လေးစားစွာဖြင့် အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးအောင် ခရီးသွားကဏ္ဍ စွမ်းအားရလဒ်ဆောင်

ဇော်မင်းဌေး (ထားဝယ်)

ယနေ့ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှု မျက်နှာစာတွင် စဉ်ဆက်မပြတ် (Sustainable) ဟူသော စကားလုံးသည် အထူးရေပန်းစားလာပါသည်။ ဆိုလိုသည်မှာ အနာဂတ်ကမ္ဘာကြီး ရေရှည်တည်တံ့စေရေးအတွက် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရှုထောင့်(၃)ခုစလုံး အပြန်အလှန် အမှီသဟဲပြု ပေါင်းစပ်နိုင်မည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို မိမိတို့၏ သားစဉ်မြေးဆက်တိုင်အောင် လက်ဆင့်ကမ်း အမွေကောင်းများပေးနိုင်ရေးအတွက်ပင်ဖြစ်သည်။ မျက်မှောက်ခေတ်တွင် ခရီးသွားကဏ္ဍသည် ပြီးပြည့်စုံသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအတွက် များစွာထောက်ပံ့ပေးနိုင်သည်နှင့်အညီ ခရီးသွားကဏ္ဍ စွမ်းအားရလဒ်များ ကောင်းမွန်စေရေးအတွက် နိုင်ငံသူ နိုင်ငံသားများက အမျိုးသားရေးအမြင်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ပံ့ပိုးပေးရမည်ဖြစ်သည်။

ကုလသမဂ္ဂ၏ လက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သည့် **ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (United Nations World Tourism Organization-UNWTO)** သည် နှစ်စဉ် စက်တင်ဘာလ ၂၇ ရက်ကို **ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day)** အဖြစ် သတ်မှတ်ပေးထားပြီး အထိမ်းအမှတ် အခမ်းအနားများကို အဖွဲ့ဝင်နိုင်ငံများတွင် နှစ်စဉ်ကျင်းပလေ့ရှိပါသည်။ ယခုနှစ် ၂၀၁၇ ခုနှစ် ကမ္ဘာ့ခရီးသွားလာရေးနေ့အတွက် ဆောင်ပုဒ်ကို "One Billion Tourists, One Billion Opportunities" ဟု သတ်မှတ်ထားပြီး ကျွန်ုပ်တို့နိုင်ငံတွင်လည်း အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၃၀ ရက်နေ့တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)- MICC(2) ၌ ကျင်းပမည်ဖြစ်ပြီး အထိမ်းအမှတ်ဆောင်ပုဒ် မြန်မာဘာသာပြန်ဆိုမှုအတွက် **"ကုဋေကုဋာ ဧည့်များလာ၊ အခွင့်အလမ်းများလည်း တူညီစွာ"**ဟူသော ဆောင်ပုဒ်ကို ရွေးချယ်ထားကြောင်း သိရှိရပါသည်။ ထို့အပြင် **နှစ်လိုဖွယ်ရာပြည်မြန်မာ** အမည်ဖြင့် ဓာတ်ပုံပြိုင်ပွဲ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် အင်္ဂလိပ်ဘာသာဖြင့်စာစီစာကုံးပြိုင်ပွဲ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အကောင်းဆုံးဟိုတယ်များ၊ ဝန်ဆောင်မှုစွမ်းဆောင်ရည် အကောင်းဆုံးပြည်တွင်း၊ ပြည်ပခရီးသွားကုမ္ပဏီများကို လာမည့်ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်မည်ဖြစ်ရာ အဆိုပါ စွမ်းဆောင်ရည်ဆုများမှတစ်ဆင့် ခရီးသွားကဏ္ဍ မြှင့်တင်ခြင်းအတွက် တွန်းအားတစ်ရပ်ကို ရရှိစေမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ် ဇွန်လတွင် **ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့**သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း တစ်နှစ်ထက်တစ်နှစ် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုသည် ပိုမိုများပြားလာပါသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အရှိန်မြှင့်တင်နိုင်ရန်၊ နိုင်ငံခြားခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်စေရန်နှင့် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိနိုင်စေရန် နည်းဗျူဟာကောင်းတစ်ခုဖြစ်သည့် လာမည့် ၂၀၁၆ ခုနှစ်ကို **မြန်မာ့ခရီးသွားနှစ် (Visit Myanmar Year)** အဖြစ် ပြုလုပ်ရန် စီစဉ်နေသည်ဟု ကြားသိရပါသည်။ အဆိုပါ ပုံဖော်မည့် ခရီးသွားနှစ်သည် **မြန်မာ့ခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၀)**နှင့်လည်း တိုက်ရိုက်အကျုံးဝင်စေမည်ဖြစ်သည်။ အဆိုပါ စီမံကိန်းသည် ခရီးသွားလုပ်ငန်းကဏ္ဍအပါအဝင် ဆက်စပ်လုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးလာစေရန် ဦးတည်၍ နိုင်ငံတကာအကူအညီဖြင့် ဖော်ဆောင်နေသည့် နည်းဗျူဟာကောင်းတစ်ခုပင်ဖြစ်သည်။

အဆိုပါစီမံကိန်းကြီးတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ၊ ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုလုပ်မည့် စီမံကိန်းများပါဝင်ပြီး ယင်းစီမံကိန်းကြီးမှသည် ၂၀၂၀ ခုနှစ်တွင် နိုင်ငံခြားဧည့်သည် ၇ ဒသမ ၅ သန်းအထိ ဝင်ရောက်နိုင်ရေးအတွက် ရည်ရွယ်ထားပြီး ထိုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်အထိ မြှင့်တင်နိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရှိရပါသည်။ ယခုနှစ် ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ လေဆိပ်ဝင်ပေါက်၊ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ခရီးသည်ဝင်ရောက်မှုသည် ၃ ဒသမ ဝ၈ သန်းအထိ ဝင်ရောက်ခဲ့ပြီးဖြစ်ကာ လက်ရှိအချိန်အထိ တစ်နိုင်ငံလုံး အတိုင်းအတာတစ်ခုအနေဖြင့် ပြည်တွင်းပြည်ပ ဟိုတယ်ပေါင်း ၁၂၂၅ လုံးနှင့် အခန်းပေါင်း ၄၈၀၀၀ ခန့်ရှိပါကြောင်း ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သည့် **တစ်ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဖိုရမ်**မှတစ်ဆင့် သိရှိခဲ့ရပါသည်။

ကမ္ဘာနိုင်ငံအသီးသီး၏ ကမ္ဘာလှည့်ဧည့်သည်များ အများဆုံး ဝင်ရောက်သော နိုင်ငံများအပေါ် လေ့လာတင်ပြရလျှင် ယဉ်ကျေးမှုသမိုင်းအမွေအနှစ်များ ပေါကြွယ်ဝသည့် နိုင်ငံများ၊ သဘာဝအမွေအနှစ်များ ရှုမငြီးလှပနေသည့် နိုင်ငံများ၊ လေကြောင်းပို့ဆောင်ရေး အခြေခံအဆောက်အအုံများတွင် ပြိုင်ဘက်ကင်းသည့် နိုင်ငံများ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးလှသည့် နိုင်ငံများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုသည် များပြားကြောင်း လေ့လာသိရှိရသည်။ သာဓကများအနေဖြင့် ခရီးသည်ဝင်ရောက်မှုမှာ အာရှပစိဖိတ်ဒေသတွင် တရုတ်၊ ဟောင်ကောင်၊ မလေးရှား၊ ထိုင်း၊ အရှေ့အလယ်ပိုင်းဒေသများတွင် ဆော်ဒီအာရေဗျ၊ ယူအေအီး၊ အီဂျစ်၊ ဥရောပဒေသတွင် ပြင်သစ်၊ စပိန်၊ အီတလီ စသည်ဖြင့် တည်ရှိပြီး ခရီးသွားကဏ္ဍမှ ဝင်ငွေအကောင်းဆုံးနိုင်ငံများအဖြစ် အမေရိကန်၊ စပိန်၊ တရုတ်တို့မှ အစဉ်အတိုင်း ရပ်တည်နေပေသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့် အဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာ ဒေသများ၊ သဘာဝနယ်မြေများ၊ ဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်များ၊ လေ့လာစရာတိုင်းရင်းသားမျိုးနွယ်စုများ၊ လှပသည့်ကမ်းခြေ၊ ကျွန်းစုများ စသည့် ရေမြေတောတောင် သဘာဝအလှအပများသည် ခရီးသွားလာမှု ဖွံ့ဖြိုးမှုအတွက် ဆွဲဆောင်စေမည့်အရာများပင်ဖြစ်သည်။

လက်ရှိအချိန်အထိ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး ဒေသများသည် ကမ္ဘာလှည့်ဧည့်သည်များ အဓိကလာရောက်လည်ပတ်သောနေရာများပင်ဖြစ်သည်။ ထို့အပြင် ဗုဒ္ဓဘာသာကို အခြေခံ၍တည်ထောင်ခဲ့သည့် ဟန်လင်း၊ သရေခေတ္တရာ၊ ဗိဿနိုး စသည့် ရှေးဟောင်းမြို့သုံးမြို့ကို World Heritage List ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ယူနက်စကိုမှ အသိအမှတ်ပြုခဲ့ပြီးဖြစ်သည်။ သို့ပါ၍ အိမ်နီးနားချင်း ထိုင်းနိုင်ငံရှိ အယုဒ္ဓယ၊ လာအိုမှ လွမ်ဘရာဘန်၊ ကမ္ဘောဒီးယားမှ အန်ကောဝပ် တို့လို ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်မည့် နေရာများဖြစ်လာမည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

မိမိတို့နိုင်ငံတွင် ယဉ်ကျေးမှုအမွေအနှစ်ရှိရာ နေရာများသို့သာ နိုင်ငံခြားဧည့်သည်များ ဝင်ရောက်မှုများပြားပြီး ယခုနောက်ပိုင်းခေတ်စားလာသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းတွင် လာရောက်လည်ပတ်မှု နည်းပါးနေသေးကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် သဘာဝအခြေခံခရီးသွားဒေသများအဖြစ် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းတော်ကြီး ဘေးမဲ့တော၊ ဟူးကောင်းချိုင့်ဝှမ်းဒေသ၊ နတ်မတောင်အမျိုးသားဥယျာဉ်၊ ကျိုက်ထီးရိုးဘေးမဲ့တော၊ အင်းလေးကန် ဘေးမဲ့တော၊ ပန်းလောင်နှင့်ပြဒါးလင်းဂူဘေးမဲ့တော၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ချပ်သင်း ဘေးမဲ့တော၊ ပုပ္ပားတောင်ဥယျာဉ်၊ လောကနန္ဒာ ဘေးမဲ့တော၊ ရွှေစက်တော်ဘေးမဲ့တော၊ ဝက်သည်းကန် ဘေးမဲ့တော၊ မိုးယွန်းကြီးဘေးမဲ့တော၊ လှော်ကားဥယျာဉ်၊ မိန်းမလှကျွန်း ဘေးမဲ့တော၊ သမီးလှကျွန်းဘေးမဲ့တော၊ လန်ပိကျွန်း အဏ္ဏဝါ အမျိုးသားဥယျာဉ်၊ မြိုင်ဟေဝန်စခန်းနှင့် ဖိုးကျားဆင်စခန်းတို့ဖြစ်ပါသည်။ ယခုနှစ်အတွင်း ဧရာဝတီလင်းပိုင်ကြည့်ခရီးစဉ်တွင် နိုင်ငံခြားဧည့်သည်များ သိသိသာသာများပြားလာပြီး ဂေဟစနစ်များပေါကြွယ်လှသည့် မြိတ်ကျွန်းစုသည် ခရီးသွားလုပ်ငန်းအတွက် နေရာသစ်တစ်ခုဖြစ်လာလိမ့်မည်ဟု ခန့်မှန်းထားပါသည်။

ခရီးသွားကဏ္ဍတိုးမြှင့်စေရေးအတွက် **အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်**ကို ၂၂-၁-၂၀၁၇ မှ ၂၉-၁-၂၀၁၇ အထိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)တွင် ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ် မေလ ၁၉ ရက်မှ ၂၁ ရက်အထိ နေပြည်တော် ကမ်ပင်စကီးဟိုတယ်တွင် အပြည်ပြည်ဆိုင်ရာ **သဘာဝအခြေခံခရီးသွားလုပ်ငန်းကွန်ဖရင့်**ကို ကမ္ဘာ့ခရီးသွားအဖွဲ့ချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာရှ-ပစိဖိတ်ခရီးသွားလုပ်ငန်းအဖွဲ့၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ တာဝန်ရှိသူများနှင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ ထို့အပြင်ခရီးသွားကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည့် တ**စ်ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဖိုရမ်**ကို ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ကျင်းပနိုင်ခဲ့သည်မှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားကဏ္ဍမှ ရလဒ်ကောင်းများကို ရရှိစေမည်ဖြစ်သည်။

**မိမိနိုင်ငံသို့ ရွှေဧည့်သည်များ စဉ်ဆက်မပြတ်ဝင်ရောက်နိုင်ရေးအတွက် အဓိက စိန်ခေါ်မှုများမှာ**

- ❖ ဟိုတယ်အခန်းအခများ ဒေသတွင်းနိုင်ငံများထက် ဈေးနှုန်းမြင့်မားခြင်း၊
- ❖ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု (လမ်းများ၊ပန်းခြံများ၊ဈေးများ၊အိမ်သာများ၊ သန့်ရှင်းသပ်ရပ်မှု လိုအပ်ခြင်း)၊
- ❖ မသန်စွမ်းဧည့်သည်များအတွက် တခြားခရီးသွားများနှင့် တန်းတူညီမျှစွာ အခွင့်အလမ်းရရှိစေရေးအတွက် အခြေခံအဆောက်အအုံများလိုအပ်နေသေးခြင်း၊
- ❖ ဗီဇာ (Visa) စနစ်များ အဆင့်မြှင့်တင်ရန်လိုအပ်ခြင်း၊
- ❖ ပြည်တွင်းလေကြောင်းလိုင်းများ အဆင့်မြှင့်တင်ရန် လိုအပ်ခြင်း၊
- ❖ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားဒေသများကိုအလွယ်တကူ သွားရောက်နိုင်သော်လည်း သဘာဝနယ်မြေများသို့ သွားရောက်ရန် လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးအားနည်းခြင်း၊
- ❖ ဘုရား၊ စောင်းတန်းများရှိ နိုင်ငံခြားဧည့်သည်များကို အနှောင့်အယှက်ဖြစ်စေမည့် တောင်းရမ်းသူများ ဖယ်ရှားပေးရန် လိုအပ်ခြင်းနှင့်
- ❖ Tourist Guide များ အရည်အသွေးပြည့်ဝဖို့ လိုအပ်နေပါသေးသည်။

သို့ပါ၍ အထက်ဖော်ပြပါ စိန်ခေါ်မှုများကို ကောင်းစွာ တီထွင်ဖန်တီးနိုင်မည့် စိတ်ကူးစိတ်သန်းများဖြင့် အချိန်မီ ရင်ဆိုင်ဖြေရှင်းမှသာ မြန်မာ့ခရီးသွားကဏ္ဍသည် ကမ္ဘာ့အလယ်တွင် ရှင်သန်ဦးမော့လာစေမည်ဖြစ်သည်။ သို့မှသာ ခရီးသွားကဏ္ဍမှ ရရှိလာမည့် အကျိုးရလဒ်များမှတစ်ဆင့် နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို အစဉ်အမြဲဖြောင့်တန်းပေးမည်ဖြစ်ပါကြောင်း ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ကျရောက်မည့် နိုင်ငံတကာခရီးသွားလာရေးနေ့ကို ဂုဏ်ပြုကြိုဆိုရေးသားလိုက်ရပါသည်။

# မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံလေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ လူငယ်အသင်းချုပ်ကြီး (All China Youth Federation) ၏ ဖိတ်ကြားချက်အရအဖွဲ့ဝင် (၁၀၀) ပါဝင်သည့် မြန်မာလူငယ် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စက်တင်ဘာ ၂၀ ရက်မှ ၂၅ရက်အထိ လေ့လာရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူ ခေါင်းဆောင်ပြီး နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် နေပြည်တော်ကောင်စီတို့မှ လူငယ်ကိုယ်စားလှယ်များ၊ ထူးချွန်အားကစားသမားများ၊ အနုပညာရှင်များ၊ အနုပညာတက္ကသိုလ်နှင့် နိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံရေးပါတီများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း၊ ပြည်ပရောက်တရုတ်နိုင်ငံသားများ အသင်း၊ အစိုးရနှင့် ပုဂ္ဂလိက သတင်းမီဒီယာတို့မှ ကိုယ်စားလှယ်များ လိုက်ပါသွားခဲ့သည်။ မြန်မာလူငယ် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံလေ့လာရေးခရီးစဉ်အတွင်း ပေကျင်းမြို့နှင့် ရှန်ဟိုင်းမြို့များသို့ သွားရောက်ခဲ့သည်။

မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့တွင် ရောက်ရှိစဉ် တရုတ်ပြည်သူ့သမ္မတ နိုင်ငံလုံးဆိုင်ရာ လူငယ်အသင်းချုပ်ကြီး၏ ဒုတိယအတွင်းရေးမှူးချုပ် Ms. Dong Xia နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ နိုင်ငံတကာဆက်ဆံရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs.RaoHuihua တို့နှင့်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံလူငယ်များအကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့သည် မဟာတံတိုင်းကြီး၊ Forbidden City ၊ Huawei သုတေသနဌာန၊ ပေကျင်းမြို့ အိုးအိမ်စီမံကိန်းနှင့် တရုတ်နိုင်ငံခြားရေးရာ တက္ကသိုလ်တို့သို့ သွားရောက်လေ့လာခဲ့သည်။ ထို့အပြင် တရုတ်နိုင်ငံတကာ လေ့လာရေးဌာန၏ One Belt-One Road အစီအမံတည်ဆောက်ရာတွင် လူငယ်များ၏ အခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးပွဲသို့လည်း တက်ရောက်ခဲ့သည်။

မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့တွင် ရောက်ရှိစဉ် Tongji တက္ကသိုလ်တွင် ဖွင့်လှစ်ထားသည့် Venture Valley နှင့် Sino-Finnish Centre၊ Pudong ဒေသလွတ်လပ်စွာ ကုန်သွယ်မှုဇုန်၊ လူငယ်လေ့လာရေးဗဟိုဌာနနှင့် China Executive Leadership Academy Pudonhတို့သို့ သွားရောက်လေ့လာခဲ့သည်။ ထို့ပြင် ရှန်ဟိုင်းမြို့ Oriental Pearl Tower သို့ သွားရောက်လေ့လာခဲ့သည်။

မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ လူငယ်အသင်းချုပ်ကြီး၏ ဒုတိယအတွင်းရေးမှူးချုပ်Ms. Dong Xia နှင့် ရှန်ဟိုင်းလူငယ်အဖွဲ့ချုပ် (Shanghai Youth Federation)က ဒုတိယဥက္ကဋ္ဌ Mr. Liu Wei မှ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြန်မာရိုးရာအဆိုအကများ၊ ခြင်းလုံး အလှခတ်၊ ဝူရှူးသိုင်းအကများဖြင့် ပြန်လည်ဖျော်ဖြေခဲ့သည်။

မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံလေ့လာရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတ နိုင်ငံလုံးဆိုင်ရာ လူငယ်အသင်းချုပ်ကြီးနှင့် ရှန်ဟိုင်းလူငယ်အဖွဲ့ချုပ်တို့မှ လူငယ်များနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှု တိုးမြှင့်တည်ဆောက်နိုင်ခဲ့သည်။

**(သတင်းစဉ်)**



တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်လေ့လာသော လူငယ်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိစဉ်။

# ရေဘေးလွန်ကာလ ပြန်လည်ထူထောင်ရေး မူလအခြေအနေထက် သာလွန်အောင်ဆောင်ရွက်သွားမည်

သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူ ၁ ဒသမ ၆ သန်းသည် ရေဘေးဒဏ်ကို တိုက်ရိုက်ခံစားခဲ့ကြရပြီး အခြားပြည်သူသန်းပေါင်းများစွာကို လည်း နည်းလမ်းမျိုးစုံဖြင့် အကျိုးသက်ရောက်မှုများရှိခဲ့သည်။ အကျိုးဆက်အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် လက်တွေ့ကျသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ပြည်တွင်းမှ ပညာရှင်များ၊ ကမ္ဘာ့ဘဏ်၊ EU၊ JICA တို့မှ ပညာရှင်များက ရေဘေးလွန်ကာလ လိုအပ်ချက်များအတွက် အကဲဖြတ်သုံးသပ်ချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက်က နေပြည်တော်တွင် ကျင်းပခဲ့ပြီး ရေဘေးလွန်ကာလတွင် ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေး ဗျူဟာ၊ ဦးစားပေးကဏ္ဍအလိုက် ဆောင်ရွက်ရမည့်အစီအစဉ်များ၊ လိုအပ်ချက် များ၊ ပျက်စီးမှု၊ ဆုံးရှုံးမှုနှင့် အကျိုးသက်ရောက်မှုများကို ဆွေးနွေးညှိနှိုင်းခဲ့ကြ သည်။

အဆိုပါဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများက ရေဘေးလွန်ကာလ အတွက် ဆောင်ရွက်သွားမည့် အခြေအနေများအပေါ် ပြည်သူများသိရှိစေရန် ဖော်ပြအပ်ပါသည်။

**ဦးကျော်လင်း**
**အမြဲတမ်းအတွင်းဝန်**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

အမျိုးသားသဘာဝဘေး ပြန်လည်ထူထောင်ရေးစီမံချက်ကို ရေးဆွဲဖို့ လိုအပ်တဲ့အတွက် workshop တွေ ငါးကြိမ်ပြုလုပ်ခဲ့ပြီးပါပြီ။ အဲဒီကနေလည်း အချက်အလက်တွေ ရရှိခဲ့ပါတယ်။ ဒီနေ့မှာတော့ ရှေ့ဆက်ပြီး ဆောင်ရွက်သွားဖို့ စုဆောင်းရမယ့် အချက်အလက်တွေ၊ စီမံချက်လေးတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ဆီက ပညာရှင်တွေက ကမ္ဘာ့ဘဏ်၊ UNDP၊ EU၊ JICA စတဲ့ အဖွဲ့တွေနဲ့ရော ပေါင်းစည်းပြီးတော့ ဆောင်ရွက်တာပါ။ အားလုံးက ဝိုင်းဝန်းအကြံပေးဆွေးနွေးပြီးတော့ ဒီနေ့ရရှိလာတဲ့အချက်အလက်တွေ၊ အဖြေတွေကို ဝန်ကြီးဌာနတွေအလိုက် အပိုင်းအလိုက် လေးလအတွင်းဆောင်ရွက်မယ့် ပြန်လည်ထူထောင်ရေးစီမံချက်၊ တစ်နှစ်အတွင်း ဆောင်ရွက်မယ့် ပြန်လည်ထူထောင်ရေးစီမံချက်နဲ့ တစ်နှစ်ကျော်ကနေပြီး ငါးနှစ်အတွင်း ဆောင်ရွက်သွားမယ့် ပြန်လည်ထူထောင်ရေးစီမံချက်တွေကို ဆောင်ရွက်သွားမယ်။

မူအနေနဲ့လည်း မူလအခြေအနေပြန်လည်ရောက်ရှိရေး ဆောင်ရွက်မယ်။ ပြီးတော့ မူလအခြေအနေထက်သာလွန်ရေးအတွက် ဆောင်ရွက်သွားရပါမယ်။ ပြန်လည်ထူထောင်ရေးစီမံချက်ဟာ အာဆီယံသဘောတူညီချက်၊ အက်မက်စ်သဘောတူညီချက် (ACMECS)၊ ဘင်းစတက်သဘောတူညီချက် (BIMSTEC) စတဲ့ ဒေသအလိုက် အကောင်အထည်ဖော်နေတဲ့ သဘောတူညီချက်တွေနဲ့ ကိုက်ညီရပါမယ်။

နောက်တစ်ခုအနေနဲ့ ကျွန်တော်တို့ဆီမှာ ရေဘေးကြောင့် ပျက်စီးမှုစာရင်းတွေရရှိပါပြီ။ ဆုံးရှုံးမှုအတွက် လိုအပ်ချက်ရှိပါတယ်။ ပျက်စီးမှုနဲ့ ဆုံးရှုံးမှုဟာ တူညီမှုမရှိပါဘူး။ ပျက်စီးမှုကတော့ တွက်ချက်ရတာ လွယ်ကူနိုင်ပေမယ့် ပျက်စီးမှုနဲ့ ကပ်ပြီးဖြစ်တဲ့ ဆက်စပ်ပြီးဖြစ်တဲ့ ဆုံးရှုံးမှုကတော့ တွက်ချက်ဖို့ အခက်အခဲတွေ ရှိပါတယ်။ ဒီအတွက်ကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ ပျက်စီးမှုကြောင့် ပြည်သူတွေအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားတွေနဲ့ ပတ်သက်ပြီး ဆုံးရှုံးမှုဖြစ်နိုင်တာတွေကို တစ်နိုင်ငံလုံးအတိုင်းအတာအရ ဘယ်လောက်ဆုံးရှုံးတယ်ဆိုတာကို ဆွေးနွေးခဲ့ကြပါတယ်။

ဒီနေ့မှာ ဝိုင်းပြီးဆွေးနွေးကြတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း ပြန်လည်ထူထောင်ရေးတွင် နောက်အဆင့်အတွက် ပျက်စီးဆုံးရှုံးမှုက ဘာတွေရှိလဲ၊ ဘယ်လိုတွေ ဆောင်ရွက်သွားမယ်ဆိုတဲ့အချက်တွေကို အဓိကသိချင်ကြပါတယ်။ ဒီဟာတွေကို သူတို့အနေနဲ့သိရှိမှ သူတို့တွေအနေနဲ့ အပိုင်းအလိုက် ခွဲပြီး ကူညီပေးမှုတွေရှိပါမယ်။ ချေးငွေပေးမှုတွေရှိပါမယ်။

အခုကတော့ ဝန်ကြီးဌာနအလိုက် သတ်မှတ်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ framework တွေကို ဆောင်ရွက်ရပါမယ်။ လာမယ့်အောက်တိုဘာ ၁၃ ရက်မှာ ပညာရှင်တွေအများကြီးဖိတ်ပြီး Recovery Forum လုပ်ပြီး အချောသပ်ဆောင်ရွက်သွားမှာပါ။

**ဒေါက်တာဇော်ဦး**
**နိုင်ငံတော်သမ္မတအကြံပေး**

ဒီနေ့ ဆွေးနွေးပွဲကတော့ ရေဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်နိုင်ရေးအတွက် ဘေးလွန်ကာလလိုအပ်ချက်များကို ဆောင်ရွက်နိုင်ဖို့ ဆွေးနွေးကြတာဖြစ်ပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း ဝိုင်းပြီးဆောင်ရွက်ပေးတဲ့အတွက် လိုအပ်ချက်တွေကို ဆန်းစစ်တဲ့အခါ ပိုပြီးတော့ စနစ်တကျနဲ့ ပြည့်ပြည့်စုံစုံ ဆောင်ရွက်နိုင်ပါတယ်။ သူတို့တွေရဲ့ အကူအညီနဲ့ စီမံကိန်းတွေ ရေးဆွဲသွားမှာဖြစ်ပါတယ်။ အချိန်တိုတိုနဲ့ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှာပါ။

ကူညီတဲ့အခါမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနကဦးစီးတဲ့ ပြန်လည်ထူထောင်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကဦးစီးတဲ့ အရေးပေါ်စင်တာတွေကနေ ကောက်ခံရရှိတဲ့ အချက်အလက်တွေ၊ ကိန်းဂဏန်းတွေကို စုစည်းပြီးတော့ စီမံကိန်းတွေရေးဆွဲနိုင်ဖို့ ဆောင်ရွက်သွားမှာပါ။



ဦးကျော်လင်း
အမြဲတမ်းအတွင်းဝန်
ဆောက်လုပ်ရေးဝန်ကြီးဌာန။



ဒေါက်တာဇော်ဦး
နိုင်ငံတော်သမ္မတ
အကြံပေး။



ဒေါက်တာစန်းစန်းအေး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
လူမှုဝန်ထမ်းဦးစီးဌာန။



Mr.Doekle Wielinga
သဘာဝဘေးအန္တရာယ်ဆိုင်ရာ
ကျွမ်းကျင်သူ ကမ္ဘာ့ဘဏ်။

ဒီလိုတွေ ရေးဆွဲဆောင်ရွက်တဲ့အခါ ပျက်စီးမှုအတွက် ဆောင်ရွက်ရာမှာ လွယ်ကူပေမယ့် ပျက်စီးမှုကြောင့် စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုတွေနဲ့ ဆုံးရှုံးမှုတွေကို တွက်တဲ့နေရာမှာ ပိုကောင်းတဲ့နည်းလမ်းတွေကို နိုင်ငံတကာ ပညာရှင်တွေရဲ့ အကူအညီကနေလည်း ရရှိခဲ့ပါတယ်။

နောက်တစ်ခုအနေနဲ့ ရေရှည်ဆောင်ရွက်သွားရမယ့် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေအပြင် ဘေးအန္တရာယ်ကာကွယ်မှုကိုပါ အထောက်အကူပြုနိုင်တဲ့ အစီအစဉ်တွေကို စနစ်တကျလုပ်နိုင်ဖို့အတွက် နိုင်ငံတကာမှာ ဆောင်ရွက်တဲ့ နောက်ဆုံးပေါ်နည်းလမ်းတွေကိုသိဖို့ လိုအပ်သလို တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်မယ့်အစီအစဉ်တွေကိုလည်း သိဖို့လိုအပ်ပါတယ်။ ဒီဆွေးနွေးပွဲမှာလည်း ဆွေးနွေးကြပါတယ်။

ကျွန်တော်တို့အနေနဲ့ နောက်အပတ်မှာပဲ အစီရင်ခံစာတွေနဲ့ နည်းဗျူဟာ ဆန်းစစ်ချက်တွေ ထွက်လာအောင် ဆောင်ရွက်မှာပါ။ ပြီးတော့ အများပါဝင်တဲ့ ဖိုရမ်ကနေ ဝိုင်းဝန်းဆွေးနွေး အကြံပြုနိုင်အောင် ဆက်လက်ဆောင်ရွက်သွားမှာပါ။ ဒီအကြံပြုချက်အပေါ်မှာလည်း ရေရှည်တည်တံ့နိုင်မယ့် ပြန်လည်ထူထောင်ရေးစီမံကိန်းတစ်ရပ်ကိုရေးဆွဲဖို့ ဆောင်ရွက်သွားမှာပါ။

**ဒေါက်တာစန်းစန်းအေး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**လူမှုဝန်ထမ်းဦးစီးဌာန**

ပြန်လည်ထူထောင်ရေးအတွက် ဆန်းစစ်မှုတွေကနေ စီမံချက်တွေ ဆောင်ရွက်နိုင်ဖို့ အရေးကြီးပါတယ်။ ကျွန်မတို့ဌာနအနေနဲ့ ရေဘေးသင့်ဒေသတွေက အဖွဲ့အစည်းအားလုံးနဲ့ ပူးပေါင်းပြီး ရေဘေးသင့်ဒေသတွေထဲက ပျက်စီးမှုအများဆုံးဖြစ်တဲ့ ချင်း၊ စစ်ကိုင်း၊ မကွေး၊ ရခိုင်နဲ့ ဧရာဝတီ စတဲ့ ဒေသတွေမှာ အရင်ဆုံး recovery plan တွေ ရေးဆွဲဆောင်ရွက်ပါတယ်။

ဒီလိုရေးဆွဲဆောင်ရွက်ဖို့က အရေးကြီးပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို စနစ်တကျ မဆောင်ရွက်နိုင်ရင် လူကုန်ကူးမှုပြဿနာတွေ၊ ငွေကြေးလည်ပတ်မှု ပြဿနာတွေ၊ ဒေသစွန့်ခွာပြဿနာတွေ ဖြစ်ပေါ်နိုင်ပါတယ်။ ဒီပြဿနာတွေမဖြစ်ရအောင် သေချာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဆောင်ရွက်တဲ့အခါ ပြည်သူတစ်ဦးချင်းဆုံးရှုံးမှု (private needs)အတွက်၊ အများပြည်သူဆုံးရှုံးမှု (public needs)အတွက်ဆိုပြီး နှစ်မျိုးခွဲတွက်ရပါတယ်။ ဒီလိုပျက်စီးဆုံးရှုံးမှုတွေအတွက် ငွေကြေးထောက်ပံ့မှုတွေ လိုအပ်ပါတယ်။ ဒီအတွက် ဒီနေ့မှာ ဆွေးနွေးပါတယ်။

ပြီးတော့ ချို့တဲ့နွမ်းပါးတဲ့ မိသားစု၊ မသန်စွမ်း၊ သက်ကြီးရွယ်အိုတွေ၊ ကိုယ်ဝန်ဆောင်တွေကို ထောက်ပံ့ပေးတဲ့အစီအစဉ်အတွက်လည်း ဆွေးနွေးပါတယ်။ ဒီလို ထောက်ပံ့ပေးနိုင်ဖို့ ဒေသတွေမှာ အချက်အလက်ကောက်ယူမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ ချို့တဲ့နွမ်းပါးမိသားစုသတ်မှတ်မှုကိုလည်း သူတို့ရဲ့ ဒေသက သတ်မှတ်ပေးပါတယ်။

ရေဘေးသင့်ပြည်သူတွေအတွက် ငွေကြေးစီးဆင်းမှု ကောင်းမွန်အောင် လုပ်တာက မြန်ဆန်တဲ့ ကူညီမှုမျိုးဖြစ်တဲ့အတွက် ငွေကြေးထောက်ပံ့မှု အရင်ဆုံး ဆောင်ရွက်ပါတယ်။ ဒါပေမယ့် ဒီနည်းလမ်းက ဥပမာပြောရရင် ရောဂါသက်သာအောင် လုပ်တာမျိုးနဲ့တူပါတယ်။ ရေရှည်အတွက်ဆိုရင်တော့ အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်ရမယ်။ စားဝတ်နေရေးအတွက် ဖန်တီးပေးရမယ်။ ဒါတွေကသာ ရေရှည်ဖွံ့ဖြိုးမှုကိုလည်း ဖြစ်စေနိုင်တယ်။ ဒါကြောင့် ဒါတွေကို ဘယ်လိုဖန်တီးပေးသွားမယ်။ ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာတွေကို ဆွေးနွေးခဲ့ကြပါတယ်။

**Mr.Doekle Wielinga**
**သဘာဝဘေးအန္တရာယ်ဆိုင်ရာကျွမ်းကျင်သူ**
**ကမ္ဘာ့ဘဏ်**

မြန်မာနိုင်ငံအစိုးရအနေနဲ့ ရေဘေးသင့်ဒေသတွေအတွက် post floods and landslide needs assessment လုပ်ဆောင်ဖို့ request တစ်ခုလုပ်ပါတယ်။ ကျွန်တော်တို့ကမ္ဘာ့ဘဏ်အနေနဲ့ မြန်မာနိုင်ငံရဲ့ ရေဘေးသင့်ဒေသတွေ ပြန်လည်ထူထောင်ရေးအတွက် ကုလသမဂ္ဂ၊ JICA၊ EU အားလုံးပေါင်းပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရေဘေးသင့်ဒေသတွေအတွက် ဝန်ကြီးဌာနတွေက ကောက်ယူထားတဲ့ပျက်စီးမှုအချက်အလက်တွေအတွက် recovery plan တွေကို ရေးဆွဲသွားမှာပါ။ ရေဘေးသင့်ဒေသတွေ အမြန်ပြန်လည်ထူထောင်နိုင်ရေးအတွက် ကမ္ဘာ့ဘဏ်အနေနဲ့လည်း အကူအညီတွေ ပေးအပ်သွားပါမယ်။ ဒီနေ့ အားလုံးရဲ့ဆွေးနွေးမှုတွေက ရေဘေးသင့်ပြည်သူတွေအတွက် ရေတိုမှာရော ရေရှည်မှာပါ အကျိုးရှိမယ်။ အသုံးဝင်မယ်လို့ ထင်ပါတယ်။ အစိုးရအနေနဲ့လည်း အသုံးချဆောင်ရွက်သွားမယ်လို့လည်း ထင်ပါတယ်။ ။

မျိုးမြင့်၊ ဟန်နီဝင်း
ဓာတ်ပုံ – ကိုမျိုး

❖ **မြန်မာ့တပ်မတော်မှ**

Dian Chi Lake သို့ လည်းကောင်း၊ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကူမင်းမြို့ တိုင်းရင်းသားကျေးရွာ သို့လည်းကောင်း ရောက်ရှိလေ့လာကြသည်။

နေ့လယ်ပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိစဉ် ယူနန်ပြည်နယ် စစ်ဒေသ စစ်ဦးစီးချုပ် Senior Colonel Lu Mei Zhang၊ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးအောင်ကျော်ဦး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးကြီးမြင့်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Wang Jingbo၊ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Fao အာရှရေးရာဌာနမှ ဒုတိယဗျူရိုမှူး Senior Colonel Liu Zhongbing နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလာရာ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိစဉ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မိုးမြင့်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ ပြန်လည်လိုက်ပါခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၅**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ အောက်ရှိ အမှတ်(၁၉)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ခွဲမှူး ဒုတိယရဲမှူးကြီးထိန်ဝင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင် ၁၀၀ သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံတွင် စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ အမှတ်(၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ယာယီရဲမှူးချုပ် မျိုးဆွေဝင်းက ကြည့်ရှုအားပေးစကားပြောကြားပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို အာဟာရပြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးကြသည်။

ထို့အတူ ယနေ့နံနက် ၆နာရီတွင် ရဲတပ်ဖွဲ့ဝင် ၇၅ ဦးသည် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှ တိုက်နယ်ဆေးရုံနှင့် ညောင်ကြပ်ကျေးရွာ အလယ်တန်းကျောင်း(ခွဲ)တို့တွင် စုပေါင်းသန့်ရှင်းရေး လုပ်အားပေး ဆောင်ရွက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

**❖ရွှေဖုံးမှ**

သီလဝါအထူးစီးပွားရေးဇုန်တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိအောင် အကဲဖြတ်ဆန်းစစ်မှုများ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ ရေဆိုးသန့်စင်မှုများကိုလည်း နိုင်ငံတကာစံနှုန်းအတိုင်း ထည့်သွင်းတည်ဆောက်ထားသည်။ သဘာဝပတ်ဝန်းကျင် မထိခိုက်စေသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းအများအပြားရရှိစေမည့် စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမည့် စီးပွားရေးလုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ခွင့် ပေးအပ်သွားမည်ဖြစ်သည်။

လက်ရှိတွင် သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကုမ္ပဏီပေါင်း ၄၇ ခု ရင်းနှီးမြှုပ်နှံခွင့်ရရှိထားပြီး အထူးစီးပွားရေးဇုန် ပြီးစီးပါက ကာယဉာဏ လုပ်သားပေါင်း နှစ်သိန်းခန့် အလုပ်အကိုင်ရရှိနိုင်မည်ဟု ခန့်မှန်းထားသည်။ မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်များ၏ အောင်မြင်တိုးတက်မှုသည် သီလဝါအထူးစီးပွားရေးဇုန် အောင်မြင်ဖွံ့ဖြိုးမှုနှင့် တိုက်ရိုက် အကျိုးသက်ရောက်နေသည်။ ထို့ကြောင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက် သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်စတင်ခြင်း အခမ်းအနားမှ ၂၀၁၅ ခုနှစ် စက်တင်ဘာ၌ ဖွင့်ပွဲကျင်းပနိုင်သည်အထိ သီလဝါအထူးစီးပွားရေးဇုန်၏ ဖြစ်ပေါ်တိုးတက်မှု မှတ်တမ်းဓာတ်ပုံများကို မြန်မာ့သတင်းစဉ်မှ စုစည်းဖော်ပြအပ်ပါသည်။







မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ၂၀၁၂ ခုနှစ်အတွင်း နှစ်နိုင်ငံအကြီးအကဲများ တွေ့ဆုံညှိနှိုင်းမှုမှ သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန် ၂၀၁၃ ခုနှစ်တွင် ပထမအဆင့်ကို စတင်အကောင်အထည်ဖော်နိုင်ခဲ့သည်။ [ဓာတ်ပုံ - ရဲခေါင်ညွန့်]



သီလဝါအထူးစီးပွားရေးဇုန်အတွင်း စက်ရုံ၊ အလုပ်ရုံနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်နေမှုကို စက်တင်ဘာလအတွင်းက တွေ့ရစဉ်။ [ဓာတ်ပုံ - MTSH]



သီလဝါအထူးစီးပွားရေးဇုန်တွင် အခြေခံအဆောက်အအုံများ တည်ဆောက်နေမှုနှင့် ဆောက်လုပ်ရေးလုပ်သားများကို ၂၀၁၅ ခုနှစ် ဧပြီလအတွင်းက တွေ့ရစဉ်။ [ဓာတ်ပုံ - မြတ်သန္တာမောင်]



သီလဝါအထူးစီးပွားရေးဇုန်အတွင်း အလုပ်လုပ်ကိုင်နေသည့် လုပ်သားများကို တွေ့ရစဉ်။ [ဓာတ်ပုံ - ရဲခေါင်ညွန့်]

❒ ရှေ့ဖုံးမှ

## သီလဝါအထူးစီးပွားရေးဇုန်တည်ဆောက်နေမှု ရက်စွဲမှတ်တမ်း

* ၂၀၁၃ ခုနှစ် မေ ၂၅ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန် နားလည်မှုစာချွန်လွှာ MoU ကို မြန်မာ-ဂျပန် နှစ်ဖက် လက်မှတ်ရေးထိုးခဲ့သည်။
* ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် မြန်မာ-ဂျပန် ဖက်စပ်ကုမ္ပဏီဖွဲ့စည်းပြီး စီမံကိန်းအကောင်အထည်ဖော်ရန် သဘောတူစာချုပ်ကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် လက်မှတ်ရေးထိုးခဲ့သည်။
* ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် စတင်ခြင်းအခမ်းအနားကို သီလဝါအထူးစီးပွားရေးဇုန်တွင် ကျင်းပခဲ့သည်။
* ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန်သို့ လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအား လုပ်ငန်းခွင့်ပြုမိန့် ပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။
* ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။



၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းက သီလဝါအထူးစီးပွားရေးဇုန်အတွင်း စက်ရုံ အလုပ်ရုံနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်နေမှုကိုတွေ့ရစဉ်။ [ဓာတ်ပုံ - MTSH]









၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် သီလဝါအထူးစီးပွားရေးဇုန်အတွင်း အလုပ်လုပ်ကိုင်နေသည့် အထည်ချုပ်လုပ်သားများကိုတွေ့ရစဉ်။ [ဓာတ်ပုံ - ရဲခေါင်ညွှန့်]




သီလဝါအထူးစီးပွားရေးဇုန်၏ အဝင်မုခ်ဦးကို စက်တင်ဘာလအတွင်းက တွေ့ရစဉ်။ [ဓာတ်ပုံ - MTSH]




သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း ပထမအဆင့် ဖွင့်ပြီးနောက် တွေ့မြင်ရသော စက်ရုံကို စက်တင်ဘာလအတွင်းက တွေ့ရစဉ်။ [ဓာတ်ပုံ- MTSH]

# နိုင်ငံတကာစံနှုန်းနှင့် ညီညွတ်သည့် အီလက်ထရွန်နစ် ငွေပေးချေစနစ်ဆောင်ရွက်ရန် SRT(1) ယာဉ်လိုင်းက စီစဉ်နေ

**ရန်ကုန် စက်တင်ဘာ ၂၅**

လက်ရှိ ကျင့်သုံးလျက်ရှိသည့် iPay ကတ်ဖြင့် ယာဉ်စီးနင်းခ ငွေပေးချေမှုစနစ်မှ ခရီးအကွာအဝေးတွင် မိုင်တိုင်အလိုက် ယာဉ်စီးခကို ပိုင်းဖြတ်ကောက်ခံနိုင်သော ပိုမိုကောင်းမွန်သည့် E-Easy Pay စနစ်ကို လာမည့်နိုဝင်ဘာလမှစတင်ကာ SRT (1) ယာဉ်လိုင်းက ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

စန်းရောင်နီ ကုန်းလမ်းပို့ဆောင်ရေး ကုမ္ပဏီလီမိတက်မှ အကြီးတန်း အထွေထွေမန်နေဂျာ ဦးတင်ဝင်းအောင် က " E-Ticket ရဲ့သဘောက စနစ်ကျတယ်။ ဒီမှာက ယာဉ်စီးခ ၅၀၊ ၁၀၀၊ ၂၀၀ ကြတော့ ကတ်နဲ့ဖြတ်ရတာ အဆင်မပြေဘူး။ ခရီးသည်က မလုပ်တတ်တော့ ယာဉ်နောက်လိုက်က လုပ်ပေးနေရတယ်။ အခုသွားမယ့် E-Easy Pay စနစ်က စင်ကာပူက အတိုင်း စီးမယ့်ခရီးစဉ်မိုင်နှုန်း အကွာအဝေးအတိုင်း တွက်ချက်ပြီး ကားအဆင်းနဲ့ အတက်မှာ စက်နှစ်လုံးထားရှိတယ်။ ယာဉ်နောက်လိုက် ကူစရာမလိုတော့ဘူး။ စီးနင်းသူက တိုက်ရိုက်ဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟုပြောသည်။

အဆိုပါ SRT(1) ယာဉ်လိုင်းကို စန်းရောင်နီ ကုမ္ပဏီလီမိတက်က ရှယ်ယာ (၅၇) ရာခိုင်နှုန်းနှင့် ကုန်းလမ်းပို့ဆောင်ရေးက ရှယ်ယာ (၄၃) ရာခိုင်နှုန်းဖြင့် နိုင်ငံတကာအဆင့်မီ ယာဉ်လိုင်းအဖြစ် ဆောင်ရွက်ရန် ၂၀၁၄ ခုနှစ် ဩဂုတ် ၁၄ ရက်က လက်မှတ်ရေးထိုးခဲ့ပြီး ရန်ကုန်မြို့တွင်း ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းကို ၂၀၁၅ ခုနှစ် မေ ၃ ရက်က ယာဉ်စီးရေ ၂၅စီးဖြင့် စတင်စမ်းသပ်ပြေးဆွဲလျက်ရှိသည်။




"လက်ရှိပြေးဆွဲနေတဲ့ကားတွေမှာ ခရီးသွားပြည်သူလူထုက ကြုံရင်ကြုံသလို ရာသီအချိန်မရွေး ယာဉ်စီးခ ပြောင်းလဲကောက်ခံတဲ့စနစ်ကို ခံစားနေရတယ်။ ခရီးသည်တွေအနေနဲ့ ယာဉ်စီးခ ပိုမိုကောက်ခံတာကို ထွေထွေထူးထူးနဲ့ တိုင်ကြားမနေတော့ဘူး။ အခု E-Ticket စနစ်က ငွေကြေးကို တိတိကျကျကောက်ခံနိုင်တယ်။ပိုတောင်းတာလည်း မရှိဘူး။ စကားလည်း များစရာမလိုဘူး။ ရှော့ပင်းစင်တာမှာ ဈေးဝယ်သလိုပဲ၊ လွယ်ကူလျင်မြန်ပြီး သယ်ဆောင်ရတာလွယ်ကူတဲ့စနစ်ဖြစ်တယ်။ ဒါ့ကြောင့် ဒီစနစ်ကို အမြန်ဆုံးသွားနိုင်ဖို့ ဒီယာဉ်လိုင်းမှာ စတင်တာဖြစ်တယ်"ဟု ၎င်းက ပြောသည်။

လက်ရှိ ပြေးဆွဲနေသည့် SRT(1) ယာဉ်လိုင်းတွင် ခရီးသည် ၅၀ ဆံ့ ကိုရီးယားနိုင်ငံထုတ် Hyundai Aero City Bus ကား ၂၅ စီးဖြင့် ဖွဲ့စည်းထားပြီး ယာဉ်စီးနင်းခအား i pay ကတ်ဖြင့် ငွေပေးချေမှုစနစ်ကို ကျင့်သုံးဆောင်ရွက်ခြင်း၊ လေအေးပေးစက်များ ဖွင့်လှစ်မောင်းနှင်ခြင်း၊ ရှေ့ပေါက်မှ အတက်၊ နောက်ပေါက်မှ အဆင်း စနစ်ကျင့်သုံးဆောင်ရွက်ခြင်း၊ ရပ်/တင်-ချ/ထွက် တစ်ပြိုင်နက်ဆောင်ရွက်ခြင်း၊ ခရီးသည် ၅၀ အထိသာ တင်ဆောင်ပြေးဆွဲခြင်း၊ ယာဉ်ပေါ်တွင် တပ်ဆင်ထားသည့် လုံခြုံရေးကင်မရာဖြင့် အချိန်ပြည့် စောင့်ကြည့်သည့်စနစ် တပ်ဆင်ထားခြင်း၊ ယာဉ်များကို Central Control မှ အလိုအလျောက် မှတ်သားသည့် ဆက်သွယ်ရေးစနစ် အွန်လိုင်းဖြင့် တိုက်ရိုက် ကြီးကြပ်ကွပ်ကဲမှုဆောင်ရွက်ခြင်း၊ ဂိတ်ထွက် အမှတ်စဉ်အတိုင်း အစဉ်လိုက်မောင်းနှင်စေခြင်းနှင့် ကန့်သတ်လူဦးရေအတိုင်းသာ တင်ဆောင်ခွင့်ပြုခြင်းကြောင့် လုမောင်း/ပြိုင်မောင်း မရှိစေရန် ဆောင်ရွက်ထားခြင်း၊ ကန့်သတ်မိုင်နှုန်းအတွင်းမှ အန္တရာယ်ကင်းရှင်းအောင် မောင်းနှင်ခြင်း၊ ယာဉ်နောက်လိုက် အစားယာဉ်အကူ(ဝန်ဆောင်မှု) စနစ်အသုံးပြုခြင်းတို့ကို ယာဉ်လိုင်းတွင် ဝန်ဆောင်မှုများ ဆောင်ရွက်ထားရှိကြောင်းသိရသည်။

"ကျွန်တော်တို့ ယာဉ်လိုင်းက စည်းကမ်းတကျနဲ့အနာဂတ်ပြည်သူလူထုကို စံပြအနေနဲ့ပြေးဆွဲတာဖြစ်တယ်။ ဒါ့အပြင် E-ticket စနစ်ကို ထူထောင်ဖို့ ယာဉ်စောင့်ဆိုင်းချိန်နဲ့ စီးနင်းချိန်ကို လျှော့ချဖို့ ရပ်တင်ချစနစ် လုံခြုံမှုရှိရမယ်။ဒါ့အပြင်ကုန်ကျစရိတ်သက်သာရမယ်ဆိုတဲ့ မူဝါဒနဲ့ သွားနေတာပါ လက်ရှိ အရှုံးခံပြီး ပြေးဆွဲရတာဖြစ်တယ်"ဟု အကြီးတန်း အထွေထွေမန်နေဂျာ ဦးတင်ဝင်းအောင်က ပြောသည်။

ရန်ကုန်မြို့တွင်း လက်ရှိခရီးစဉ်များအဖြစ် ဗိုလ်တထောင်စေတီမှ ရန်ကုန်ဘူတာကြီး၊ ယောက်လမ်း၊ ရွှေဂုံတိုင်၊ ကုက္ကိုင်း၊ ချော်တွင်းကုန်း၊ နဝဒေး၊ ဘုန်းကြီးလမ်း၊ မြောက်ဥက္ကလာ၊ ကန်သာယာလမ်းဆုံမှ အောင်မင်္ဂလာသို့ လက်ရှိ ပြေးဆွဲကာ မူလကယာဉ်စီးခနှုန်းကို မထသ ယာဉ်လိုင်းများကဲ့သို့သာဖြစ်ပြီး ယခု စက်တင်ဘာ ၂၅ ရက်မှ ငွေကျပ် ၁၀၀၊ ၂၀၀၊ ၃၀၀ ပြောင်းလဲကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

**(ဝင်းဝင်းမော်)**

❖

# နိုင်ငံတကာပြပြင်ထုပ်ပိုးမှု နည်းပညာဆိုင်ရာပြပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံတွင် စားသောက်ကုန်ပစ္စည်းထုတ်လုပ်ရာတွင် ထုတ်လုပ်ခြင်းနှင့်ထုပ်ပိုးခြင်းဆိုင်ရာ မြင့်မားတိုးတက်စေရန်အတွက် နိုင်ငံတကာပြပြင်ထုပ်ပိုးမှု နည်းပညာဆိုင်ရာပြပွဲကို စက်တင်ဘာ ၂၄ရက် နံနက် ၉ နာရီမှစတင်၍ ရန်ကုန်မြို့ Myanmar Event Park ၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

"တိုးတက်လာမယ့် အနာဂတ်စားသောက်ကုန် လိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်ဖို့ ထုတ်လုပ်သူများက ထုတ်လုပ်ခြင်းနဲ့ထုပ်ပိုးခြင်း နည်းပညာတွေကို အဆင့်မြှင့်တင်ဖို့ ကြိုးပမ်းနေပါတယ်။ ဒီပြပွဲက လုပ်ငန်းအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းစေမယ့် နောက်ဆုံးပေါ်စက်ပစ္စည်းတွေနဲ့ နည်းပညာတွေ လေ့လာမြင်တွေ့ခွင့်ရမှာပါ"ဟု Bangkok Exhibition Services Ltd. မှအထွေထွေမန်နေဂျာ Mr.Justin Pau ကပြောသည်။

မြန်မာနိုင်ငံတွင် ကုန်ပစ္စည်းထုပ်ပိုးမှုနှင့်စပ်လျဉ်းပြီး Food Science and Technology Association of Myanmar မှ ဒုတိယဥက္ကဋ္ဌ ဦးနှင်းဦးက"မြန်မာနိုင်ငံမှာက ကုန်ပစ္စည်းထုပ်ပိုးမှုက နိမ့်သေးတယ်။အထဲက ပစ္စည်းဘယ်လောက်ကောင်းကောင်း ထုပ်ပိုးမှုပုံစံမကောင်းရင်အလကားပဲ၊ သုံးစွဲသူတွေကို စွဲဆောင်ရာမှာနဲ့ ဈေးကွက်ထိုးဖောက်တဲ့နေရာမှာ အထဲကကုန်ပစ္စည်း အရည်အသွေး



လည်းကောင်းမယ်၊ အပြင်က ထုပ်ပိုးမှုကလည်းလှပမယ်၊ ထုပ်ပိုးမှုအရည်အသွေးလည်း ကောင်းမယ်ဆိုရင် ဈေးကွက်ဖောက်လို့ရပြီ"ဟုဆိုသည်။

နိုင်ငံတကာပြပြင်ထုပ်ပိုးမှု နည်းပညာဆိုင်ရာပြပွဲကို စက်တင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၇၀ ကျော် ဝင်ရောက်ပြသကြပြီး လုပ်ငန်းနယ်ပယ်များမှဖွံ့ဖြိုးတိုးတက်မှုများ၊ သုတေသနဆိုင်ရာ နည်းလမ်းနှင့် နည်းစနစ်များ၊မြန်မာနိုင်ငံ၏ အစားအစာသိပ္ပံနှင့် နည်းပညာလုပ်ငန်းနယ်ပယ်အတွက် စိတ်ကူးနှင့် နည်းလမ်းသစ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

**(သီသီမင်း)**

○ **ရောဝတီအသင်းမှ**


ပုသိမ်ဘောလုံးအကယ်ဒမီကို ရောဝတီအသင်းက ဆက်လက်လုပ်ကိုင်နေခြင်းဖြစ်ပြီး လူငယ်ကစားသမားများကို ပြုစုပျိုးထောင်လျက်ရှိသည်။ လက်ရှိ MNL ကလပ်အသင်းများတွင် ဘောလုံးအကယ်ဒမီဖြင့် ဆောင်ရွက်လျက်ရှိသည့် ရောဝတီအသင်းမှာ ဗလင်စီယာအသင်းနှင့် ပူးပေါင်းကာ လူငယ်ဘောလုံးဖွံ့ဖြိုးရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ လက်ရှိတွင် လာလီဂါ၌ ကစားနေသည့် ဗလင်စီယာ အသင်းနှင့် ခြေစမ်းပွဲကစားခြင်းအပါအဝင် အခြားအစီအစဉ်များမပါဝင်သေးဘဲ လူငယ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မှုများဖြင့်သာ စတင်မည်ဖြစ်သည်။

# ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

ဝေန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲချိန် တိုင်းတာချက်အရ ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ မှတ်တမ်းကို ဂရပ်ဖြင့်ဖော်ပြထားသည်။ **(သတင်းစဉ်)**

ဝေန်မြစ်ရေအခြေအနေ (ငါးသိုင်းချောင်းမြို့)



# ဟသ်ာတမြို့နယ်အတွင်း မြစ်ရေများစိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်း

**ဟသ်ာတ စက်တင်ဘာ ၂၅**

"ဟသ်ာတမြို့နယ်အတွင်း စက်တင်ဘာ တတိယပတ်က တစ်စထက်တစ်စမြင့်တက်ခဲ့သော ငဝန်မြစ်နှင့် ဧရာဝတီမြစ်ရေသည် ပြန်လည်ကျဆင်းသွားပြီဖြစ်၍ စိုးရိမ်စရာမရှိတော့ပါဘူး"ဟု ဟသ်ာတခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစန်းဌေးက စက်တင်ဘာ ၂၅ ရက်က ပြောသည်။

"ဒီရက်ပိုင်းမှာ မြစ်ရေ သိသိသာသာကျဆင်းသွားတယ်။ စိုးရိမ်ရေအမှတ်အောက် ရောက်သွားပြီဆိုတော့ စိုးရိမ်စရာမရှိတော့ဘူး။ ဒုတိယအကြိမ် မြစ်ရေပြန်တက်တက်ချင်းပဲ ကျေးရွာအုပ်ချုပ်ရေးမှူးတွေက တစ်ဆင့်ပြည်သူတွေကို သတိရှိဖို့ အသိပေးမှုတွေလုပ်ခဲ့တယ်။တာတမံတွေကတော့ ပထမအကြိမ် အတွေ့အကြုံအရ စိတ်ချရအောင်ပြင်ဆင်ထားပြီးသားပါ။ ဟသ်ာတမှာ မြစ်ရေမြင့်တက်ခဲ့မှုနဲ့ ပတ်သက်ပြီး စိုးရိမ်စရာမလိုတော့ပါဘူး" ဟု ၎င်းကပြောကြားသည်။

ဩဂုတ်လ ပထမပတ်အတွင်းက ဟသ်ာတခရိုင်အတွင်း ဧရာဝတီမြစ်ရေနှင့် ငဝန်မြစ်ရေ မြင့်တက်ခဲ့မှုကြောင့် အဆိုပါခရိုင်အတွင်းရှိ ဟသ်ာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်တို့မှ လူနေအိမ်အချို့နှင့် စိုက်ခင်းများပျက်စီးနစ်မြုပ်ခဲ့ပြီး ဒုတိယပတ်အတွင်း ရေများပြန်လည်ကျဆင်းခဲ့သည်။ ယခုစက်တင်ဘာ တတိယပတ်အတွင်း၌ ဟသ်ာတမြို့နယ်၏ စိုးရိမ်ရေအမှတ်ဖြစ်သည့် ၄၄ ဒသမ ၀ ပေ အထက်သို့မြစ်ရေများ ပြန်လည်မြင့်တက်ခဲ့သဖြင့် သက်ဆိုင်ရာကမြစ်ရေသတိပေးနှိုးဆော်မှုများကို အချိန်နှင့်တစ်ပြေးညီ အသိပေးမှုများပြုလုပ်ခဲ့ကြောင်းသိရသည်။

"ပထမအကြိမ်မှာ စိုးရိမ်ရေအမှတ်ကိုကျော်လွန်ပြီး ၄၈ ဒသမ ၁၅ ပေ အထိစံချိန်တင်မြင့်တက်ခဲ့တယ်။ အခုတစ်ကြိမ်မှာတော့ ၄၆ ပေထိပြန်တက်ခဲ့လို့ မူလတန်းကျောင်းနှစ်ကျောင်းလောက် ယာယီပိတ်ခဲ့ရတယ်။အခု ရေပြန်ကျသွားလို့ကျောင်းတွေ ပြန်ဖွင့်နေပါပြီ"ဟု ၎င်းကဆက်လက်ပြောသည်။

ထိုသို့မဖြစ်ပွားမီ သက်ဆိုင်ရာအဖွဲ့များက တာတမံများစစ်ဆေးခြင်း၊ ရေကင်းစခန်းများဖြင့် စောင့်ကြည့်ခြင်းများအပြင် တာတမံများကိုလည်း လိုအပ်သည့်ပြုပြင်မှုများ ကြိုတင်ဆောင်ရွက်ခဲ့ကြောင်း ဟသ်ာတခရိုင် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဦးတင်မြင့်အောင်ထံမှ သိရသည်။

**ဇော်ကြီး (ပဏီတ)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်

**နေပြည်တော် စက်တင်ဘာ ၂၅**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိရာ ယနေ့တွင် ပြည်တွင်းလေကြောင်းလိုင်းများဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းတို့မှ လေယာဉ်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေနှစ်ခေါက်ဖြင့် သက်န်း၊ ဗလာစာအုပ်၊ အဝတ်အထည်နှင့် ဆန်တို့ကို ပေးပို့ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ခွေးရူးပြန်ရောဂါကာကွယ်ရေး လူထုကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ပညာရေးရာကော်မတီကကြီးမှူးကျင်းပသည့် ခွေးရူးပြန်ရောဂါကာကွယ်ရေးအကြောင်း သိကောင်းစရာ လူထုကျန်းမာရေးပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၈ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီက အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ပြည်တွင်းရေးရာ

# မန္တလေးမြို့ရှိ သမိုင်းဝင်ရှေးဟောင်း သရက်ကင်းလှေကားများမှာ ရတနာပုံခေတ် ကျောင်းတိုက်ကြီးများ၏ တင့်တယ်ခမ်းနားခဲ့ပုံကို ညွှန်းဆိုနေ

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေးမြို့တွင် သမိုင်းဝင်နေရာများစွာနှင့်အတူ ရတနာပုံမင်းနေပြည်ခေတ်က တင့်တယ်ခမ်းနားခဲ့သည့် ကျောင်းတိုက်များစွာရှိခဲ့သည်။ ခေတ်ကာလရွှေ့လျားခြင်း၊ စစ်ဘေးစစ်ဒဏ်ခံရခြင်းများအလွန်တွင် သရက်ကင်းလှေကားများသာ ကျန်ရှိသည်များလည်းရှိနေသည်။ သရက်ကင်းလှေကားများဘေးတွင် ရဟန်းသံဃာများ သွားလာလှုပ်ရှားမှုမြင်ကွင်းများသည် ရှေးခေတ်က တင့်တယ်ခဲ့ညားခဲ့သော ကျောင်းတိုက်ကြီးများက လွမ်းစဖွယ်ဖြစ်နေသည်။ ထိုသို့သော ကျောင်းတိုက်ကြီးများထဲတွင် ပဉ္စမသံဃာယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးလှူဒါန်းခဲ့သော မဟာဝိသုတာရာမတိုက်တော်ထဲမှ ကျောင်းတော်ကြီးလည်းပါဝင်သည်။

မင်းတုန်းမင်းကြီးသည် ၁၂၃၉ခုနှစ်တော်သလင်းလပြည့်ကျော် ၁၅ရက်ကြာသပတေးနေ့ တစ်ချက်တည်းကျော်တွင် ပန္နက်ချတည်ဆောက်လှူဒါန်းခဲ့သည်။ ကျောင်းတော်ကြီးကို မြို့တော်အရှေ့ပေါက် ဦးထိပ်တံခါးကျုံးထိပ်ရှေ့တွင် သာသနာပြုသံဃာဦးကိုင်သာသနာပိုင်ဆရာတော် ဥယျမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရုဥေယျမ္မာဘိဝံသ သီရိပရောလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု၊ ဥေယျမ္မာဘိမူနိဝဥာဏကတ္တိ သီရိသဒ္ဓမ္မသေနာပတိမဟာဓမ္မရာဇာဂုရု ဘွဲ့တံဆိပ်တော်သုံးထပ်ရဆရာတော် ဦးဥေယျမ္မအား လှူဒါန်းခဲ့သော ကျောင်းတော်ပင်ဖြစ်သည်။ ကျောင်းအရန်နှစ်ဆယ်ကျော်ဖြင့် ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်ခဲ့ပြီး မဟာတုလွတ်ဘုံစံဟု ကမ္ပည်းတပ်ခဲ့ကြောင်း သိရသည်။

ကျောင်းတိုင်များသည် အမရပူရနန်းတော်မှသယ်ယူကာ တည်ဆောက်ထားပြီး ကျောင်း၏အတွင်းပိုင်းတွင် ရွှေပိန်းထူစွာ ချထားခဲ့သည်။ ၁၂၃၉ တွင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှ ရဟန်းတော် အရှင်ဝဏ္ဏာယတနတို့ ရောက်ရှိလာခဲ့ပြီး မဟာဝိသုတာရာမကျောင်းဖြစ်၍ သီတင်းသုံးကာ သီဟိုဠ်ရဟန်းတော်များကို အလှူအတန်းများနှင့် သိက္ခာသစ်တင်ခဲ့သော ကျောင်းတော်ဖြစ်ကြောင်း သိရသည်။

သစ်သားတိုင်လုံးကြီးများတွင် အမွှမ်းပန်းများဖြင့် တင့်တယ်စွာဆောက်ခဲ့သော ကျောင်းတော်ကြီးမှာ ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးဒဏ်ကြောင့် မီးလောင်ပျက်စီးကာ သရက်ကင်းခံအုတ်လှေကား လေးစင်းသာ ကျန်ရှိခဲ့သည်။ မဟာရံတံတိုင်းနှစ်ထပ်ပါရှိခဲ့သော ကျောင်းတော်ဖြစ်ပြီး ယခုအခါ မဟာရံတံတားနေရာအချို့ သရက်ကင်းခံ အုတ်လှေကားရေကန်တော်နှစ်ကန်တို့ကို တွေ့မြင်နိုင်သည်။ သရက်ကင်းခံ အုတ်လှေကားများဘေးတွင် လမ်းရှိပြီး ရဟန်းသံဃာများ သွားလာနေသည့် မြင်ကွင်းသည် ရတနာပုံခေတ်က ကျောင်းတိုက်ကြီး တင့်တယ်ခဲ့ညားခဲ့ပုံကို ညွှန်းဆိုပြသနေသလို လွမ်းစဖွယ်မြင်တွေ့နိုင်ကြောင်း မြို့ခံတစ်ဦးက ပြောသည်။

**တိမ်တမန်**



# တတိယအကြိမ်မြောက် မြန်မာနိုင်ငံ၏ အကြီးဆုံးစက်ပစ္စည်းနှင့် တစ်ဆင့်ခံကန်ထရိုက်လုပ်ငန်း ပြပွဲဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံ စက်မှုလုပ်ငန်းရှင်အသင်း (MIA)၊ ထိုင်းနိုင်ငံလုပ်ငန်းလုပ်ပိုင်ခွင့်အသင်း၊ ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဘုတ်အဖွဲ့နှင့် UBM Asia (Thailand) Co.,Ltd. တို့၏ ပူးပေါင်းစီစဉ်ပြသမှုအဖြစ် တတိယအကြိမ်မြောက် မြန်မာနိုင်ငံအကြီးဆုံးစက်ပစ္စည်းများနှင့် တစ်ဆင့်ခံကန်ထရိုက်လုပ်ငန်း Intermach & Subcon Myanmar 2015 ပြသဖွင့်လှစ်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၂၄ ရက် နံနက် ၉နာရီတွင် ဖွင့်လှစ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်စက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ UMFCCI ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံစက်မှုလုပ်ငန်းရှင်အသင်း ဒုတိယဥက္ကဋ္ဌ Dr. အောင်သိန်းတို့က ပြပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မြန်မာနိုင်ငံစက်မှုလုပ်ငန်းရှင်များအသင်း (MIA) ဒုတိယဥက္ကဋ္ဌ Dr. ဦးအောင်သိန်း၊ UBM Asia (ASEAN စီးပွားရေး) M/D Mr. M. Gandhi တို့မှ အသီးသီး ပြပွဲအမှတ်တရစကားများပြောကြားသည်။

ပြပွဲတွင် ကုမ္ပဏီပေါင်း ၆၄ ခု၊ ပြခန်း ၁၂၀တို့ ပါဝင်ပြီး စက်မှုလုပ်ငန်းသုံးစက်ပစ္စည်းနှင့် ကိရိယာကဏ္ဍတွင် စက်မှုလုပ်ငန်းသုံး ပစ္စည်းကိရိယာတန်ဆာပလာနှင့် တွဲဖက်ပစ္စည်း ၂၀၀ ကျော်၊ မော်တော်ယာဉ်ပန့်နှင့်ဆောက်လုပ်ရေး၊ မှိုပုံသွင်းခွက်ဆိုင်ရာ စက်မှုလုပ်ငန်းသုံး အစိတ်အပိုင်းများ၊ လျှပ်စစ်သုံး ပစ္စည်းကိရိယာများနှင့် သတ္တု၊ ပလတ်စတစ်၊ ရော်ဘာစသည်တို့ဖြင့်ပြုလုပ်ထားသည့် ပစ္စည်းအစိတ်အပိုင်းများအပါအဝင် စက်မှုလုပ်ငန်းသုံးပစ္စည်း ၁၀၀၀ ကျော်တို့အား ပါဝင်ပြသထားကြောင်း သိရသည်။

အဆိုပါ ပြသပွဲကို တပ်မတော်ခန်းမ၌ စက်တင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်တိုင် နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်း ပြသလျက်ရှိကြောင်း သိရသည်။

**(သန်းဦးလှိုင်)**

# ပြစ်မှုဆိုင်ရာကိစ္စများတွင်နိုင်ငံအချင်းချင်းအကူအညီပေးရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် စက်တင်ဘာ ၂၂ရက် ညနေ ၃နာရီခွဲတွင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး UNODC မှ Regional Programme Coordinator for Terrorism Prevention ဖြစ်သူ Mr. Hernan A. Longo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေနှင့် ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေဆိုင်ရာကိစ္စများကို ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်နှင့်အတူ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်း၊ ညွှန်ကြားရေးမှူး ဒေါက်တာ ဆွေဆွေအောင်တို့လည်း တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# လက်သမား၊ ပန်းရန်သင်တန်းဖွင့်လှစ်

**ပင်းတယ စက်တင်ဘာ ၂၅**

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် လက်သမား၊ ပန်းရန်သင်တန်း (၂/၂၀၁၅)ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် ရွှေပုထိုးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အဆိုပါ သင်တန်းတွင် ရွှေပုထိုးကျေးရွာအုပ်စုမှ ထိုးပုံ၊ နောင်သခေါ၊ တပ်ကြီး၊ အင်လုံ ကျေးရွာခွဲများမှ သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းဆရာ ငါးဦးတို့က စာတွေ့၊ လက်တွေ့များဖြင့် သင်ကြားပို့ချ မည်ဖြစ်သည်။ သင်တန်းကာလမှာ စက်တင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိဖြစ်သည်။ ထို့နောက် သင်တန်းသား များအတွက် လက်သမား/ပန်းရံ ပစ္စည်းများကိုလည်း အခမဲ့ပေးဝေမည်ဖြစ်ကြောင်း သိရသည်။

**မိုးမိုးထွေး(ပင်းတယ)**

# ကံမမြို့ ပေါ်ရပ်ကွက်များနှင့် ကျေးရွာပေါင်း ၄၁ ရွာမှ ပြည်သူများ ၂၄ နာရီ လျှပ်စစ်မီးရရှိတော့မည်

**ကံမ စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြို့နယ်အတွင်းနေထိုင်ကြသော ပြည်သူများ ၂၄ နာရီလျှပ်စစ် ဓာတ်အားအသုံးပြုခွင့်ရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ၁၄ ဒသမ ၃ မိုင်ရှိ 11 KV ဓာတ်အားလိုင်း၊ ငါးမိုင်ရှိသော ၄၀၀ ဓာတ်အားလိုင်းနှင့် ၁၁/၀ ဒသမ ၄ KV ၂၀၀ KVA ထရန်စဖော်မာ ငါးလုံးတို့ ပါဝင်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၄၃၂ သန်းဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကံမမြို့တွင် မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ ဓာတ်အားပေးစက်ဖြင့် တစ်နေ့လျှင် နှစ်နာရီသာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ရာမှ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပါက ၁၄ ဒသမ ၃ မိုင်ရှည်သော 11 KV ဓာတ်အားလိုင်းတစ်လျှောက်မှ ကျေးရွာပေါင်း ၄၁ ရွာနှင့် မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများအနေဖြင့် ၂၄ နာရီလျှပ်စစ်မီးရရှိတော့မည်ဖြစ်သည်။ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မှူး ဦးကျော်လင်းထံမှ သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**



# ရေပေးဝေရေးနှင့် ကန်ပြုပြင်ရေးဆောင်ရွက်

**မြိုင် စက်တင်ဘာ ၂၅**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်း ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ရေပေးဝေရေးနှင့် ကန်ပြုပြင်ခြင်း လုပ်ငန်းများမှာ ယနေ့အထိ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆောင်ရွက်မှုများတွင် မြိုင်မြို့ ရေပေးဝေရေးအတွက် မြိုင်ချောင်း၊ မြောင်းမကြီးတွင် ပေ ၁၀၅၀၀အတွင်း တူးမြောင်းပြုပြင်ခြင်း၊ ကြက်မောက်တမံ လယ်တီရေလွှဲဆည်အောက်ပိုင်းရှိ Pitching များ ပြန်လည်ပြုပြင်ခြင်း၊ ကြက်မောက် ရေပေးမြောင်းမကြီး ပေ ၁၀၂၀၀တွင် Side Channel Spillway တည်ဆောက်ခြင်း၊ ကြက်မောက်တမံ ရေမြောင်းကြီး ပေ ၈၀၀၀နေရာတွင် Side Spill တည်ဆောက်ခြင်း၊ ကြက်မောက်တမံ လယ်ကြားမြောင်းဖောက်လုပ်ခြင်း၊ ယင်းတိုင်းဆည် ရေသောက်စနစ်ပြုပြင်ခြင်း၊ ငွေလုံးငွေရင်း (တိုင်းဒေသကြီး အစိုးရအဖွဲ့)မှ သရက်ကွနှင့် ယမ်းတုံးသောက်ရေကန် ပြုပြင်ခြင်း၊သစ်ချောက်ကန်၊ ဖလန်းနွယ်ကန်၊ ကျောက်ဖူးကန်နှင့် ကျောက်တံခါးဆည် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောင်ကျော်မြင့်)**

လျှပ်စစ်သုံးလျှင် သတိယုဉ် ဝန်အားမမျှ မသုံးရ

## နည်းပညာနှင့် အနုပညာ

# Jaguar မှ ကျည်ကာ၊ ဗုံးကာ Rand Rover ကားထုတ်လုပ်မည်

Jaguar ကားထုတ်လုပ်ရေးလုပ်ငန်း၏လက်ခွဲ Land Rover သည် ပထမဦးဆုံး Special Vehicle Operations တွင် အကြမ်းခံ၊ ဇိမ်ခံ ကားတစ်မျိုးကို လာမည့် ၂၀၁၆ ခုနှစ်အတွက် ဖန်တီးထုတ်လုပ်သွားမည်ဟုသိရသည်။ အဆိုပါကား၏ ထူးခြားချက်မှာ ကျည်ဆံနှင့် ဗုံးဒဏ်များကို ကာကွယ်နိုင်သည်ဟုသိရသည်။ ၎င်းကားကို Rand Rover Sentinel ဟုအမည်ပေးထားပြီး ယခင်ထုတ်လုပ်ပြီးသော Rover အမျိုးအစား ကားများ၏ ကိုယ်ထည်နှင့် အတွင်းပိုင်း ဒီဇိုင်းတို့ကို အခြေခံထုတ်လုပ်သွားမည်ဖြစ်သည်။

အဆိုပါကားတွင် မြေမြှုပ်မိုင်း ၁၅ ကီလိုဂရမ်နှင့် ၇ ဒသမ ၆၂ မီလီမီတာရှိ ကျည်ဆံဒဏ်အထိ ကာကွယ်ပေးသွားမည့် အစွမ်းရှိပါသည်။

၎င်းကားကို ထုတ်လုပ်သည့် တာဝန်ခံမှ 'အကြမ်းဖက် မှုခင်းတွေများလာတော့ ကျွန်တော်တို့ တစ်နည်းစဉ်းစားကြည့်မိတယ်။ ဘာပဲဖြစ်ဖြစ် ကားနဲ့သွားရင် လုံခြုံတယ်လို့ ထင်ရအောင် ဒီကားကို ဖန်တီးတည်ဆောက်ထားခြင်းဖြစ်တယ်'ဟု ပြောသည်။

ကား၏ကိုယ်ထည်တွင် အကြံ့ခိုင်ဆုံးဖြစ်စေရန် သံမဏိခြောက်လွှာဖုန်းအုပ်ထားပြီး ကားတွင်အသုံးပြုထားသည့် မှန်များအားလုံးကို ၃ ဒသမ ၉ လက်မ အထူရှိ Multi-Laminated အမျိုးအစား မှန်များထည့်သွင်းတပ်ဆင်သွားမည် ဖြစ်သည်ဟု သိရသည်။

ထူးခြားသည့် အစိတ်အပိုင်းများမှာ Anti-Tamper အိတ်ဇော၊ မီးလောင်မှုကို သတိပေးနိုင်သော Fire Suspension နှင့် ကား၏အရှေ့ပိုင်းနှင့် အနောက်ပိုင်းများတွင် အလိုအလျောက် မီးငြိမ်းသတ်စနစ်၊ ကားအား အရေးပေါ်အခြေအနေတွင် အလိုအလျောက် ထိန်းချုပ်မှုစနစ်များ ထည့်သွင်းတည်ဆောက်ထားသည်။ ထို့အပြင် မီးလောင်ဗုံး (သို့မဟုတ်) အခြား မီးလောင်စေမှုများအပေါ် အမြင့်မားဆုံး ကာကွယ်ပေးမည့် Self-Sealing အသုံးပြုကာကွယ်ထားသော ဆီတိုင်ကီ၊ ကား၏ အနောက်ဘက်တွင် အရေးပေါ်ထွက်ပေါက်၊ ကား၏ ဘက်ထရီအပိုစနစ်နှင့် အရေးပေါ် ပြန်လည် အားဖြည့်စနစ်များ၊ ကားတာယာပျက်စီးသွားသည့်တိုင် ပြန်လည်မောင်းနှင်နိုင်သည့်စနစ်များ၊ ကားတစ်စင်းလုံး၏ ပတ်ပတ်လည်တွင် ပြန်လည်ကြည့်ရှုနိုင်သည့် စနစ်များ၊ ကြီးမားသော ဘရိတ်စနစ်များကို ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။



ကား၏ စွမ်းဆောင်ရည်သည် ၃ ဒသမ သုည V6 အင်ဂျင်တပ်ဆင်ထားပြီး မြင်းကောင်ရေ ၃၃၅ ကောင်အားရှိပြီး ဂီယာ ရှစ်ချက်ပါဝင်သည်။ အဆင့်မြင့်လုပ်ဆောင်မှုများ တပ်ဆင်ထားမှုကြောင့် ပေါ့ပါးသွက်လက် လုံခြုံမှုရှိပြီး သက်သောင့်သက်သာ စီးနင်းသွားလာနိုင်သည်ဟု ၎င်း၏ ကားထုတ်လုပ်သူ အင်ဂျင်နီယာများမှ ပြောကြားခဲ့သည်။

၎င်းကားကို ယခုနှစ်အတွင်းမှာပင် ဥရောပ၊ ဗြိတိန်၊ တောင်အမေရိက၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသမှ ကားအကောင်းစားကို နှစ်သက်ကြသူများက မှာယူမှုများလည်း ရှိနေပြီဖြစ်သည်။ ဈေးနှုန်းသတ်မှတ်ချက်မှာ ယူရို ၄၀၀၀၀၀ ဖြင့် မှာယူနိုင်မည်ဟု သိရသည်။

**(ALez)**

# ကမ္ဘာ့အလှဆုံးအမျိုးသမီးရဲ့ လတ်တလောအချစ်ခရီး

၂၀၁၅ခုနှစ်အတွက် ကမ္ဘာ့အလှဆုံးအမျိုးသမီးအဖြစ် ရွေးချယ်ခံခဲ့ရတဲ့ အမေရိကန်မင်းသမီး ဆန်ဒရာဘူးလော့ဒ်နဲ့ မော်ဒယ်နှင့် ဓာတ်ပုံပညာရှင်တစ်ဦးဖြစ်သူ ဘရိုင်ယန် ရန်ဒယ်တို့နှစ်ဦးရဲ့အချစ်ခရီးဟာ ပိုမိုလေးနက်လာခဲ့ပြီဖြစ်တယ်လို့ သူတို့နှစ်ဦးနဲ့ ရင်းနှီးတဲ့ သူငယ်ချင်းတွေက ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။





လတ်တလောမှာ သူတို့နှစ်ဦးဟာ နှစ်ဖက်မိသားစုတွေ အပြန်အလှန်တွေ့ဆုံကြပြီး ရင်းနှီးမှုတွေ ရယူနိုင်ခဲ့ပြီဖြစ်ပါတယ်။

အသက် (၅၁)နှစ်အရွယ် ဆန်ဒရာဘူးလော့ဒ်မှာ ငါးနှစ်အရွယ်သားငယ်တစ်ဦးနဲ့ တက္ကသိုလ်တက်နေပြီဖြစ်တဲ့သမီးတစ်ဦးရှိပြီး ဘရိုင်ယန်ရန်ဒယ်မှာတော့ (၂၁)နှစ်အရွယ် သမီးတစ်ဦးပဲ ရှိပါတယ်။ ဘရိုင်ယန်က ဆန်ဒရာရဲ့ သားငယ်လေးနဲ့ အချိန်တွေကုန်ဆုံးစေသလို ဆန်ဒရာကလည်း ချစ်သူရဲ့ သမီးနဲ့ မကြာခဏတွေ့ဆုံဖြစ်ကြပါတယ်။

သူတို့နှစ်ဦးဟာ ချစ်သူတွေဖြစ်နေပြီလို့ ပြီးခဲ့တဲ့လအတွင်းကမှ ထုတ်ဖော်ပြောကြားခဲ့ပေမယ့် သူတို့နှစ်ဦးကို လွန်ခဲ့တဲ့လအနည်းကတည်းက ဟောလိဝုဒ်ရဲ့ လမ်းတွေပေါ်မှာ အတူတွဲတွေ့ခဲ့ရတာပါ။ ဆန်ဒရာဟာ ဩဂုတ် ၅ရက်က ကျင်းပခဲ့တဲ့ သူ့ရဲ့ အချစ်ဆုံးသူငယ်ချင်းတစ်ဦးဖြစ်တဲ့ ဂျနီဖာအန်နစ်စတန်ရဲ့ လက်ထပ်ပွဲကိုလည်း ဘရိုင်ယန်ကို ခေါ်လာခဲ့တယ်လို့ဆိုကြပါတယ်။

အသက် (၄၉)နှစ်ရှိပြီဖြစ်တဲ့ ဘရိုင်ယန်ဟာ တကယ်တော့လူဆိုးတစ်ဦးလို့ ပြောလို့ရပါတယ်။ သူဟာ လေးကြိမ်တိုင်တိုင် အကျဉ်းကျဖူးပါတယ်။ တရားရုံးချိန်းလွဲချော်မှု၊ ဆိုင်းငံ့လိုင်းစင်ဖြင့် ကားမောင်းမှု၊ စောင့်ကြည့်ခံကာလတွင် အပစ်ထပ်မံကျူးလွန်မှု စတဲ့အမှုတွေနဲ့ အကျဉ်းကျခံခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် ဆန်ဒရာကတော့ သူ့ရဲ့ဖန်တီးနိုင်စွမ်းနဲ့ ထက်မြက်တဲ့ အရည်အချင်းတွေကို သဘောကျခဲ့လို့ ချစ်သူအဖြစ်လက်တွဲခဲ့တာဖြစ်ကြောင်း ဖွင့်ဟခဲ့ပါတယ်။

**အေးပြည့် - စုစည်းသည်။**

# အသက်သုံးဆယ်ပြည့်မယ့်အချိန်ကို စောင့်နေတာပါလို့ဆိုလာတဲ့ မွန်ဂိုယောင်း



ဆောင်ဦးရွက်ကြွေချစ်သက်သေရုပ်သံဇာတ်လမ်းတွဲတွင် မင်းသမီးအွန်စော၏ ငယ်ဘဝကို ပီပြင်စွာသရုပ်ဆောင်ပေးခဲ့သော တောင်ကိုရီးယားမင်းသမီးချောမွန်ဂိုယောင်းက သူသည်လာမည့်၂၀၁၇ ခုနှစ်တွင် အသက် (၃၀)ပြည့်မည်ဖြစ်ကာ သူကိုယ်တိုင်က ယင်းအသက်အရွယ်ရောက်ရှိမည့်နေ့ကို လိုလိုလားလား စောင့်မျှော်နေသူဖြစ်ကြောင်း ဆိုခဲ့သည်။

လူ့သဘာဝအရ အများစုမှာ အသက်ကြီးလာသည်ကို မကြိုက်နှစ်သက်ကြသော်လည်း မွန်ဂိုယောင်းကမူ သူ့အနေဖြင့် အသက်အရွယ်ကြီးကာ ရင့်ကျက်တည်ငြိမ်မှုကို လိုချင်မိကြောင်းဆိုခဲ့သည်။ မွန်ဂိုယောင်း သည် ၁၉၈၇ခုနှစ် မေလ ၆ရက်တွင် မွေးဖွားခဲ့သူတစ်ဦးဖြစ်၍ ယခုအသက် (၂၈)နှစ် ပြည့်ပြီးခဲ့ပြီဖြစ်သည်။

မင်းသမီးက "ကျွန်မကို ပရိသတ်တွေက ကလေးသရုပ်ဆောင်အနေနဲ့ စတင်တွေ့မြင်ခဲ့ရတော့ သူတို့ရဲ့အမြင်မှာ ကျွန်မက ကလေးပုံမပျောက်ဘူးဖြစ်နေတယ်။ ပြီးတော့ ကျွန်မမျက်နှာကိုက ကလေးဆန်တာလေးပါပါတယ်။ ဒါ့ကြောင့်ကျွန်မကို ပရိသတ်တွေ လူကြီးတစ်ယောက်လို့ သိမြင်ခံစားလို့ရမယ့် တည်ငြိမ်ရင့်ကျက်မှုရှိတဲ့ အရွယ်ကို ကျွန်မစောင့်စားနေမိတာပါ။ သဘာဝကျတဲ့တည်ငြိမ်မှုမျိုးကို လိုချင်တာပါ"ဟု ဖွင့်ဟခဲ့သည်။

ထို့ပြင်သူက ဖက်ရှင်မဂဇင်းတစ်ခု၏ အင်တာဗျူးတွင်လည်း သူသည် အသက်(၃၀)ပြည့်မည့်နေ့ကို စောင့်မျှော်နေကြောင်း၊ အဆိုပါအသက်အရွယ်ရောက်ရှိဖြတ်သန်းရမည်ကို စဉ်းစားမိတိုင်း စိတ်လှုပ်ရှားမိကြောင်းနှင့် သူ၏ အသက်သုံးဆယ်ပြည့်နှစ်များသည် စိတ်လှုပ်ရှားဖွယ်၊ ပျော်ရွှင်ဖွယ်များနှင့် ပြည့်နေလိမ့်မည်ဟု ထင်မြင်မိကြောင်း ထည့်သွင်းဖြေကြားခဲ့သည်။

လတ်တလောတွင် ရုပ်ရှင်ရိုက်ကွင်း၌ ပြုလုပ်ခဲ့သည့် အင်တာဗျူးတွင် သူက"ကျွန်မ အသက်အရွယ်ကြီးလာတာနဲ့အမျှ အတွေးအခေါ်တွေလည်း ပြောင်းလဲလာတယ်။ အခြားသူတွေထက် ကျွန်မကိုယ်ကျွန်မပဲ ပိုချစ်ဖို့ ဆုံးဖြတ်ထားတယ်။ ကျွန်မမြတ်နိုးတဲ့အရာတွေကိုပဲ လုပ်ဖို့၊ ကျွန်မကိုပျော်ရွှင်စေတဲ့အရာတွေ၊ ရယ်မောအောင်လုပ်နိုင်တဲ့အရာတွေကိုပဲ ရွေးချယ်ပြုလုပ်ဖို့လည်း စိတ်ပိုင်းဖြတ်ထားဖြစ်လာတယ်"ဟု သူ၏ စိတ်ခံစားချက်နှင့်ပက်သက်၍ ပြောခဲ့သည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

၂၆ - ၉ - ၂၀၁၅ (စနေနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့်
- ၆း၀၅ ဘဝထဲက ဝတ္ထု၊ ဝတ္ထုထဲကဘဝ "နီးလျက်နှင့်" (ဆုပန်ထွာ၊ ဦးဇော်မှိုင်း၊ ဒေါ်အေးမြင့်) (ဒါရိုက်တာ-ဟိန်းစိုး)
- ၆း၂၅ ဂန္ထဝင်မြောက်လက်ရာများရဲ့ ဖန်တီးရှင်(အကယ်ဒမီ ဒါရိုက်တာ မောင်တင်ဦး)
- ၆း၅၀ ပျော်ရွှင်စေသောနေ့ရက်များ "မလွဲမှ ဟုတ်ရော" (အပိုင်း-၆) (မြင့်မြတ်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ဟိန်းစိုး)
- ၇း၁၀ ဟိုးတုန်းက. . . ကက်ဆက်ဇာတ်လမ်းများ "မိန်းမရိုက်နည်းသင်တန်း" (ထက်နေချမ်း၊ စောမြတ်နိုး၊ ဝေယံမင်း၊ ဟိန်းရှိုင်း၊ စောယုနန္ဒာ၊ ခိုင်သဇင်) (ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)
- ၉း၂၅ မြန်မာဗီယိုဇာတ်လမ်း "ချောကလက်အချစ်" (ပြေတီဦး၊ အိန္ဒြာကျော်ဇင်၊ ပုလဲဝင်း) (ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)

**တစ်နေ့ (၆)နာရီစာ (၄) ကြိမ်ပြသပါမည်။**

### မြဝတီ


- ၆း၀၃ တရားတော်
- ၆း၁၀ မေတ္တာပို့
- ၆း၁၆ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မြန်မာသံစဉ်ချိုနားဝင်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ မွေးမြူသုတ
- ၈း၂၀ မြတ်နိုးစရာရိုးရာ လက်မှုပညာ
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁၁း၀၀ English For Myanmar
- ၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် စေလိုရာ နေမင်း၊ တင့်တင့်ထွန်းနှင့် သရုပ်ဆောင်များ ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိန်းထွဋ်
- ၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သောကွန်မန်ဒို (အပိုင်း-၁၄)
- ၁၄း၃၀ သံစဉ်များနှင့်ကမ္ဘာ
- ၄း၁၃ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၄၅ ကျန်းမာသုတ
- ၅း၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ (အပိုင်း-၆၄)
- ၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
- ၆း၁၀ စားဖိုဆောင်ချစ်သူ
- ၆း၃၅ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂျောင်းဒိုဂွန်း အပိုင်း(၃၁) လူ့ရွှင်တော်စတား ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်မည့်နိမိတ်သခင် (အပိုင်း-၃)

### mitv

- 07:26 Great Shwedagon- The Sacred Hair Relics Hailing Pogodas
- 07:53 Ngapali Beach: Fishing Villages
- 08:26 " U Kyaw Thu: From Artist to Philanthropist (Part-II)
- 08:43 Kid's Home
- 08:48 Myanmar Charitable Labour Association
- 09:26 Distinguished Myanmar Ladies "Tin Moe Lwin"
- 09:35 A Real Dream Of Accidental Gift
- 10:26 A Highland with Peace and Charm
- 10:45 Gardener: King Orange Plantation
- 07:26 The Hills Of Phowintaung And Shwebataung
- 07:44 Famous Pagodas of Sagaing
- 07:52 Today Myanmar: Ceasefire
- 08:26 The Writer: Chit Oo Nyo (Part-1)
- 08:52 Tea

# ပြိုင်ဘက်အသင်းရဲ့ ကြော်ငြာသင်ပုန်းကြီးကို ဖြုတ်ချခဲ့တဲ့ အာဆင်နယ်ပရိသတ်



အာဆင်နယ်အသင်း၏ပရိသတ်များသည် ၎င်းတို့၏ မြို့တော်ဖလားပွဲစဉ်များအနက် တတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဒေသခံပြိုင်ဘက်အသင်းတစ်သင်းဖြစ်သည့် တော့တင်ဟမ်ဟော့စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်တွင်စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် စပါးအသင်း၏ ကြော်ငြာသင်ပုန်းကြီးရှိရာသို့ အပြေးအလွှားတက်သွားခဲ့ကြပြီး ယင်းကြော်ငြာသင်ပုန်းကြီးကို ဖြုတ်ချကာ စုတ်ဖြဲဖျက်ဆီးခဲ့ကြသည်။

ပြိုင်ပွဲအပြီးသတ်ခရာသံဆုံးသည်နှင့် တစ်ပြိုင်နက် အောင်ပွဲခံသည့်အနေဖြင့် ပြိုင်ဘက်အသင်း၏ ကြော်ငြာသင်ပုန်းကို ဝရုန်းသုန်းကားတက်ရောက်ဖျက်ဆီးခဲ့သော အာဆင်နယ်ပရိသတ်များအား ဘောလုံးအဖွဲ့ချုပ်မှ စုံစမ်းစစ်ဆေးမှုများစတင်ပြုလုပ်နေပြီဖြစ်သည်။

အာဆင်နယ်ပရိသတ်များ ဖြုတ်ချခဲ့သောသင်ပုန်းကြီးကြောင့် ကြော်ငြာသင်ပုန်းအောက်ဘက်ရှိ အခြားသော ပရိသတ်များထိခိုက်ခဲ့ရပြီး အဆိုပါအခြေအနေကို လုံခြုံရေးရဲများက ဝင်ရောက်ထိန်းသိမ်းခဲ့ရသည်။ ထို့ပြင် ဘောလုံးပွဲပြီးဆုံးချိန် ဘောလုံးကွင်းအပြင်ဘက်တွင်လည်း ပရိသတ်များအကြားရန်ပွဲများဖြစ်ပွားခဲ့သည်။

အာဆင်နယ်အသင်း၏နည်းပြ အာစင်ဝင်ဂါးကမူ ဗုဒ္ဓဟူးနေ့က ကစားခဲ့သော ယင်းပွဲစဉ်၏ အောင်မြင်မှုနှင့်ပတ်သက်၍အသင်းအတွက် အနိုင်ဂိုးကိုသွင်းယူပေးခဲ့သော ပြင်သစ်ကစားသမား မက်သီအူဖလာမီနီကို ချီးကျူးစကားထုတ်ဖော်ပြောကြားခဲ့သည်။ သူက "ဖလာမီနီဟာ အသင်းအတွက် တိုက်ခိုက်ရေးသမားပါပဲ။ သူဟာ ကစားသမားကောင်းတစ်ဦးလည်းဖြစ်ပါတယ်။ ဒီဘောလုံးရာသီအစမှာ ကျွန်တော်သူ့ကို လူသစ်တစ်ယောက်အနေနဲ့ အခက်အခဲတွေရှိနိုင်တယ်လို့ပြောခဲ့ပေမယ့် သူဟာအသင်းမှာ ဆက်နေခဲ့ပြီး အသင်းအတွက်တိုက်ပွဲဝင်ခဲ့သူတစ်ဦးပါ" ဟု ပြောကြားခဲ့သည်။ ယင်းပွဲစဉ်သည် ဖလာမီနီအတွက် ယခုနှစ်ဘောလုံးရာသီအတွင်း ပထမဦးဆုံးပါဝင်ကစားခဲ့သော ပွဲဖြစ်သည်။

**[ခင်ခင်သက်]**

## မေ ၂၆/၂၇ ရက်နေ့ ယှဉ်ပြိုင် ပွဲစဉ်များ

**ပရီမီယာလိဂ်**

| | | | |
|---|---|---|---|
| စပါး | - | မန်စီးတီး | ည-၆း၁၅ |
| လက်စတာ | - | အာဆင်နယ် | ည-၈း၃၀ |
| လီဗာပူး | - | ဗီလာ | ည-၈း၃၀ |
| စတုတ် | - | ဘွန်းမောက် | ည-၈း၃၀ |
| ဝက်စ်ဟမ်း | - | နော့ဝှစ်ချ် | ည-၈း၃၀ |
| မန်ယူ | - | ဆန်းဒါးလန်း | ည-၈း၃၀ |
| ဆောက်သမ်တန် | - | ဆွမ်ဆီး | ည-၈း၃၀ |
| နယူးကာဆယ် | - | ချယ်လ်ဆီး | ည-၈း၃၀ |
| **စပိန်လီဂါ** | | | |
| ဘာစီလိုနာ | - | လက်စ်ပဲမက် | ည-၈း၃၀ |
| ရီးယဲလ်မက်ဒရစ် | - | မာလာဂါ | ည-၁၀း၄၅ |
| ဆီဗီလာ | - | ဗယ်လက်ကာနို | နံနက်-၁း၀၀ |
| ဗီလာရီးယဲလ် | - | အက်သလက် | နံနက်-၁း၀၀ |
| အီဘား | - | ဆဲလ်တာဗီဂို | နံနက်-၂း၃၅ |
| **စီးရီးအေ** | | | |
| ရိုးမား | - | ကာပီ | ည-၁၀း၃၀ |
| နာပိုလီ | - | ဂျူဗင်တပ် | နံနက်-၁း၁၅ |
| **ဘွန်ဒက်စ်လီဂါ** | | | |
| ဝုဖ်ဘတ် | - | ဟန်နိုဗာ | ည-၈း၀၀ |
| စတုဂတ် | - | ဂလာဘတ်ချ် | ည-၈း၀၀ |
| အော့စ်တ် | - | ဟော့ဖန်ဟိမ်း | ည-၈း၀၀ |
| ဝါဒါဘရီမင် | - | လေဗာကူဆင် | ည-၈း၀၀ |
| မိန့်ဇ် | - | ဘိုင်ယန်မြူနစ် | ည-၈း၀၀ |
| ဟမ်းဘတ် | - | ရှော်လ်ကေး | ည-၈း၀၀ |

**မောင်မောင်ဇော်**



* ကျောဖုံးမှ

ပက်ဒရိုကို ခေါ်ယူဖို့ ဆွေးနွေးရေး ဘာစီလိုနာမြို့ကို သွားရောက်ခဲ့တဲ့ အချိန်မှာ တိုက်စစ်မှူး နေမာကိုပါ ခေါ်ယူဖို့ ဆွေးနွေးခဲ့တယ်လို့ သတင်းတွေထွက်ခဲ့ပါတယ်။

တိုက်စစ်မှူးနေမာဟာ ဆယ်လ်တာဗီဂိုအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တဲ့ပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့သလို အခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်မှာ ကမ္ဘာ့အကောင်းဆုံး ကစားသမားတွေထဲကတစ်ဦး ဖြစ်လာဖို့ မျှော်လင့်ထားတဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

ဒါ့အပြင် နေမာအနေနဲ့ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု ဖြစ်တဲ့ Ballond'Or ကိုပါ ရယူနိုင်ဖို့မျှော်လင့်ထား ခဲ့တယ်လို့ သိရပါတယ်။

**[ငွေကြယ်]**

□□

# လူလိမ်ဟုပြောကြားခဲ့ခြင်းအပေါ် ကော်စတာအား ဇူးမားတောင်းပန်



ချယ်လ်ဆီးနောက်ခံလူ ဇူးမားသည် ၎င်းအနေဖြင့် တိုက်စစ်မှူး ဒီယေဂိုကော်စတာအား လူလိမ်တစ်ဦးအဖြစ် မှားယွင်းစွာပြောကြားခဲ့ခြင်းအပေါ် ဒီယေဂိုကော်စတာအား ပုဂ္ဂိုလ်ရေးဆိုင်ရာအရ တောင်းပန်ခဲ့ကြောင်းသိရသည်။

ချယ်လ်ဆီးအသင်းက အာဆင်နယ်အသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အပြီးတွင် ချယ်လ်ဆီးတိုက်စစ်မှူးဒီယေဂိုကော်စတာမှာ ပြင်းထန်စွာဝေဖန်ခံခဲ့ရသည်။

ထို့အပြင် ချယ်လ်ဆီးနောက်တန်းကစားသမား ဇူးမားကလည်း တိုက်စစ်မှူး ဒီယေဂိုကော်စတာအား လူလိမ်တစ်ဦးအဖြစ် ချယ်လ်ဆီးကစားဖော်အချင်းချင်း ပြောကြားခဲ့သည်။

ထို့ကြောင့် ချယ်လ်ဆီးနောက်ခံလူ ဇူးမားအနေဖြင့် ၎င်း၏ တွစ်တာစာမျက်နှာတွင် တိုက်စစ်မှူး ကော်စတာအား ပြောကြားခဲ့မှုနှင့်စပ်လျဉ်း၍ တောင်းပန်စကားပြောကြားကြောင်း ပို့စ်တစ်ခုတင်ထားခဲ့ခြင်းဖြစ်သည်။"ကျွန်တော့် အနေနဲ့ အခုလိုရည်ရွယ်ချက်ရှိရှိ ပြောကြားခဲ့တာ မဟုတ်တဲ့အတွက်ကြောင့် တောင်းပန်တဲ့အကြောင်းကို ပွင့်ပွင့်လင်းလင်းပြောကြားခဲ့တာဖြစ်ပါတယ်" ဟု ချယ်လ်ဆီး နောက်တန်းကစားသမား ဇူးမားက ပြောကြားခဲ့ခြင်းဖြစ်သည်။

"အင်္ဂလန် ဆိုတာကလည်း ကျွန်တော့်ရဲ့ မိခင်စကားမဟုတ်တဲ့အတွက်ကြောင့် ကျွန်တော့်ရဲ့ ဆိုလိုရင်းက လွဲမှားခဲ့တာပါ။ ကျွန်တော် ကော်စတာကို တောင်းပန်တဲ့အကြောင်းပြောတဲ့အခါမှာ ဒါဟာ ကိစ္စမဟုတ်ပါဘူးလို့လည်း သူက ပြောခဲ့ပါတယ်။ ကျွန်တော်ပြောချင်တာကိုလည်း သူနားလည်တဲ့အကြောင်း ကျွန်တော့်ကို ပြန်ပြောခဲ့ပါတယ်"ဟု ဇူးမားက ပြောကြားခဲ့သည်။

ထို့ပြင်"ဒီယေဂိုကော်စတာဟာ လူလိမ်တစ်ယောက်လို့ တစ်ခါမှ မတွေးမိခဲ့ပါဘူး။ သူဟာ ကျွန်တော့်ရဲ့ သူငယ်ချင်းတစ်ဦးပါ။ ချယ်လ်ဆီးအသင်းအတွက်ဆိုရင် ကော်စတာဟာ ဘာမဆိုပေးဆပ်ဝံ့တဲ့ သူတစ်ဦးပါ။ သူဘာလုပ်ခဲ့တယ်ဆိုတာကိုလည်း သူကိုယ်တိုင်သိပါတယ်"ဟု ဇူးမားကဆိုသည်။

**[ငွေကြယ်]**



# ဝက်စ်ဘရွန်းဂိုးသမား ဖော်စတာ ဒီဇင်ဘာလအထိ အနားယူရမည်

ဝက်စ်ဘရွန်းနှင့် အင်္ဂလန်ဂိုးသမား ဖော်စတာသည် ဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့် အနားယူခဲ့ရာမှ အသင်းနှင့် ပြန်လည်ပွဲထွက်ကစားနိုင်ပြီဖြစ်သော်လည်း လက်ရှိတွင် ထပ်မံဒဏ်ရာရရှိခဲ့ပြီး ဒီဇင်ဘာလအထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဂိုးသမားဖော်စတာသည် မတ်လအတွင်းကလည်း ဒူးအရွတ်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ကာလကြာရှည်အနားယူခဲ့ရသူဖြစ်သည်။ သို့ရာတွင် လက်ရှိတွင် အသင်းနှင့်အတူ ပြန်လည်ပွဲထွက်လာရာ ထပ်မံဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဒီဇင်ဘာလအထိ အနားယူရမည်ဖြစ်ပြီး ဝက်စ်ဘရွန်းအသင်းအနေဖြင့် ဒီဇင်ဘာလအထိ မျှော်လင့်ထားခြင်းမရှိဘဲ အောက်တိုဘာလတွင် ပြန်လည်ကစားနိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

ယင်းသို့ ဝက်စ်ဘရွန်းအသင်းအနေဖြင့် မျှော်လင့်ထားခဲ့သော်လည်း ဂိုးသမားဖော်စတာကမူ အင်္ဂလန်အသင်း၏ ပွဲစဉ်များကစားမည့် လာမည့်နွေရာသီရောက်မှသာ ကစားနိုင်မည်ဟု မျှော်လင့်ထားကြောင်း ဘီဘီစီအားကစားသတင်းတစ်ရပ်က ဖော်ပြထားသည်။

**[ငွေကြယ်]**

# စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်းကျော် ကော့ကရိတ်တွင် သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၅**

ကော့ကရိတ်မြို့နယ် ကောင်းမူကျေးရွာတစ်ဝိုက်၌ စက်တင်ဘာ ၁၀ ရက်က နယ်မြေရှင်းလင်းစဉ် ကျေးရွာအနီးရှိ အစောင့်တဲကို ရှာဖွေရာ တဲအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၈၀၀၀ ကို လည်းကောင်း၊ စက်တင်ဘာ ၂၂ ရက်က နမ့်စန်မြို့မှ မိုးနဲမြို့သို့ အိုက်လောင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၉၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ စက်တင်ဘာ ၂၀ ရက်က တန့်ယန်းမြို့မှ လွယ်ငင်းကျေးရွာဘက်သို့ ဆိုင်ကယ်မောင်းနှင်လာသူ အောင်စိန်အား ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၁၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၉၀ ကို လည်းကောင်း၊ စက်တင်ဘာ ၂၁ ရက်က ညောင်ရွှေမှ ရွှေညောင်သို့ ဆိုင်ကယ်မောင်းနှင်လာသူ ခင်မောင်ဝင်းအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



**သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား တွေ့ရစဉ်။**

# မဟာအောင်မြေမြို့နယ်တွင် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**မန္တလေး စက်တင်ဘာ ၂၅**

မူးယစ်နှိမ်နင်းရေးတပ်စု(၁၈)မှ ရဲအုပ်ထန်းနိန်နှင့်အဖွဲ့သည် မူးယစ်သတင်းအရ စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက် (၆၄)လမ်းနှင့် (၆၅)လမ်းကြား ခရေပင်လမ်းသွယ်တွင် ၄၄ယ/----အန်ဘိုဆိုင်ကယ်ဖြင့် ရောက်ရှိလာသူ ထွန်းထွန်းလင်း(၂၃)နှစ် မြို့မ(၁၃)ရပ်ကွက် တမူးမြို့နေသူနှင့် ကျော်ထက်ဝေ(၂၇)နှစ် စန္ဒကူး(၇)ရပ်ကွက် တမူးမြို့နေသူတို့အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ထွန်းထွန်းလင်းထံမှ စိတ်ကြွဆေးပြား ၇၆၃၀၊ ကျော်ထက်ဝေ၏ ခါးပတ်အိတ်အတွင်းမှ မူးယစ်ဆေးဝါးရောင်းရငွေကျပ် ၁၆၅၀၀၀ တွေ့ရှိသဖြင့် သိမ်းဆည်းပြီး ၎င်းတို့နှစ်ဦး ထွက်ဆိုချက်အရ စိတ်ကြွဆေးပြားများ သယ်ဆောင်လာသူ အောင်မျိုးကျော်(၂၇)နှစ် တမူးမြို့နေသူသည် ချမ်းအေးသာစံမြို့နယ် ဧကရာဇ်တည်းခိုခန်းတွင် တည်းခိုနေကြောင်းသိရသဖြင့် သွားရောက်စစ်ဆေးပြီး ၎င်းတို့အား မဟာအောင်မြေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ပေါက်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၃ ရက် နံနက် ၄ နာရီ ၃၅ မိနစ်က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ပေါက်မြို့ ဆင်ဆာတံတားအနီး ထီးလင်း-ကမ္မကားလမ်း မိုင်တိုင်အမှတ် (၄၆/၇) နှင့် (၄၇/၀)ကြားတွင် ထီးလင်းမြို့မှ ကမ္မသို့ ပေါက်မြို့နယ်ချောင်းကူးကျေးရွာနေ အောင်ဇော်(ခ) ဖိုးဇော်(၃၀)နှစ် မောင်းနှင်လာသော ခြောက်ဘီးယာဉ်အား ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ မိုးကာဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားမဝင်ကျွန်းသစ်ခွဲသား ၃၆၅ ချောင်း (၁ ဒသမ ၉၉၀၆ တန်)၊ အင်ကြင်းသစ်ခွဲသား ၂၅ ချောင်း (သုည ဒသမ ၂၈၁၂ တန်) တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ယာဉ်မောင်းအောင်ဇော်(ခ) ဖိုးဇော်အား ပေါက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# အမျိုးသားတစ်ဦး ရထားကြိတ်ခံရ၍ သေဆုံး

**ရေတာရှည် စက်တင်ဘာ ၂၅**

ဦးတင်ဝင်း(၆၀)နှစ် ရေတာရှည်မြို့နယ် ဈေး(၂)ရပ် မြို့လှကျေးရွာ အုပ်စုနေသူသည် စက်တင်ဘာ၂၄ ရက် ည ၁၁ နာရီခွဲခန့်က အမှတ်(၅) အဆန် အမြန်ရထားလာချိန်၌ အရက်သေစာများ သောက်စားမူးယစ်ကာ ရထားလမ်းကို ဖြတ်ကူးခြင်းကြောင့် ရထားတိုက်မိခဲ့ခြင်းဖြစ်ကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# လမ်းဘေးရှိသစ်ငုတ်တိုအား ဝင်တိုက်မိ ဆိုင်ကယ်မောင်းသူ သေဆုံး

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ဆတ်သွား-အောင်လံကားလမ်း မိုင်တိုင်အမှတ် (၂၂၅/၄ ) အနီးတွင် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁နာရီခန့်က ဆိုင်ကယ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သိရသည်။

အောင်လံဘက်မှ ဆတ်သွားဘက်သို့ ဆင်ပေါင်ဝဲမြို့နယ် ညောင်ပင်သာကျေးရွာနေ သက်ဇေယျာဝင်း (၃၉) နှစ်သည် KENBO 125 ဆိုင်ကယ်နောက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပုဏ္ဏကားကျေးရွာနေ ဦးဝင်းစိုး (ခ)ဦးစိုးခန့် (၄၆)နှစ်အား တင်ဆောင်၍ မောင်းနှင်လာစဉ် အကွေ့၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ သစ်ပင်ငုတ်တိုအား ဝင်တိုက်မိပြီး လမ်းယာဘက်သို့ လဲကျတိမ်းမှောက်ကာ သက်ဇေယျာဝင်းမှာ ဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး နောက်မှလိုက်ပါလာသူ ဦးဝင်းစိုး(ခ)ဦးစိုးခန့်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# မန္တလေးတွင် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေးယာဉ်ထိန်းရဲတပ်ဖွဲ့စု(၈၇)မှ ဒုရဲမှူးစိုးဝင်းနှင့်အဖွဲ့သည် စက်တင်ဘာ ၁၉ ရက် ညနေ ၃ နာရီခွဲက ချမ်းမြသာစည်မြို့နယ် (၆၄)လမ်း၊ ငုရွှေဝါလမ်းနှင့် ခိုင်ရွှေဝါလမ်းကြားတွင် ရပ်တန့်ထားသော9F/-----BIGHORN ISUZU ယာဉ်အားရှာဖွေရာ ယာဉ်ပေါ်တွင် ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများ မတွေ့ရှိသဖြင့် မန္တလေးတိုင်းဒေသကြီး ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပို့အပ်စစ်ဆေးရာ မှတ်တမ်းမဝင်ကြောင်း ပြန်ကြားလာသဖြင့် အမှတ်(၁၁)နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

အလားတူ မန္တလေးယာဉ်ထိန်းရဲတပ်ဖွဲ့စု(၈၉)မှ ရဲအုပ်အောင်မျိုးဦးနှင့်အဖွဲ့သည် စက်တင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီခွဲက ပြည်ကြီးတံခွန်မြို့နယ် (၆၄)လမ်းနှင့် (၆၅)လမ်းသာယာဝတီမင်းကြီးလမ်းတွင် ရပ်ထားသော7F/---TOYOTA Crown ယာဉ်အားရှာဖွေရာ ယာဉ်ပေါ်တွင် ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများမတွေ့သဖြင့် မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဌာနသို့ ပို့အပ်စစ်ဆေးရာ မှတ်တမ်းမဝင်ကြောင်းပြန်ကြားသဖြင့် ပြည်ကြီးတံခွန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ဆိုင်ကယ်လုယက်သူများအား လှည့်ကင်းရဲတပ်ဖွဲ့မှ ဖမ်းဆီး



**မျိုးဇော်ထွန်းနှင့် သန်းညွှန့်တို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။**

**ရန်ကုန် စက်တင်ဘာ ၂၅**

စက်တင်ဘာ ၂၁ ရက် ည ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ ဆိုင်ကယ်ကယ်ရီမောင်းသူ ကိုသိန်းဇော်သည် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁) ဆိုင်ကယ်ကယ်ရီဂိတ်၌ရှိနေစဉ် အမျိုးသားနှစ်ဦးရောက်ရှိလာပြီး ဒိုင်စုရွာဘက်သို့သွားရန် ငှားရမ်းသဖြင့် လိုက်ပို့ခဲ့ရာ ဒိုင်စုရွာ ကွန်တိန်နာဝင်းအနီး မှောင်ရိပ်အရောက်တွင် လည်ပင်းအား ဓားဖြင့်ထောက်ကာ လက်သီးဖြင့်ထိုးခဲ့သဖြင့် ဝဲမျက်လုံးတွင် ဖူးရောင်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ အမျိုးသားနှစ်ဦးက ဆိုင်ကယ်မောင်းနှင်ထွက်ပြေးသွားစဉ် ကိုသိန်းဇော်က ပတ်ဝန်းကျင်အား အော်ဟစ်အကူအညီတောင်းခဲ့ပြီး နောက်မှလိုက်ခဲ့ရာ တပ်ထိပ်မှတ်တိုင်အနီး၌ လှည့်ကင်းတာဝန်ဆောင်ရွက်နေသည့် လှိုင်သာယာမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များကတွေ့ရှိပြီး အမျိုးသားနှစ်ဦးအား ဖမ်းဆီးနိုင်ခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့မှာ လှိုင်သာယာမြို့နယ်နေ သန်းညွှန့်(၃၀)နှစ်၊ မျိုးဇော်ထွန်း (၂၅)နှစ်တို့ဖြစ်ပြီး သက်သေခံဓားနှင့် လုယက်ယူဆောင်ခဲ့သည့် ဆိုင်ကယ်တို့အား သိမ်းဆည်းရမိပြီး ပြစ်မှုကျူးလွန်သူများအား လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

စည်းကမ်းလိုက်နာ ဘေးကင်းကွာ

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၉-၂၀၁၅ ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၆)တွင်ပါရှိသည့် ရွှေပြည်သာမြို့နယ်၊ (ဗ/၁၃)ရပ်ကွက်၊ ပန်းခြံ(၃)၊ ကလေးဝလမ်းသွယ်၊ မြေကွက်အမှတ်(၅၈၉)၊ အကျယ်ပေ(၂၀×၆၀)ရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်တွင် အမည်ပေါက် ပိုင်ရှင် ဦးအေးနိုင်ထံမှ ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်သူ ပိုင်ရှင်နေရာနှင့် လွှဲအပ်ညွှန်ကြားသူနေရာတို့တွင် ဦးသိန်းဌေး[၁၂/တတန(နိုင်)၁၆၂၁၃၆]ဟု မှားယွင်းစွာဖော်ပြခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါ ဦးသိန်းဌေး[၁၂/တတန(နိုင်)၁၆၂၁၃၆]နေရာတွင် ဦးနေလင်းယု[၁၄/ဘကလ(နိုင်)၁၉၆၅၀၀]ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် အထက်ပါမြေကွက်အား မူလပိုင်ရှင်ထံမှဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူမှာ ဦးနေလင်းယုသာဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာလွင်(**LL.B, D.B.L**)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၈၅၁၈၉၆၈၉

**အမည်ပြောင်း**

မရမ်းကုန်းမြို့နယ်နေ အဖဦးသန်းတင်၏သမီး မဇင်သက်မာ[၁၂/မရက(နိုင်)၁၀၈၀၀၆]အား ယနေ့မှစ၍ မစံထိပ်ထားတင်ဟု ခေါ်ဆိုပါရန်။

The VOICE weekly Vol.11, No.36 ထွက်ပြီ
- မျိုးစောင့်အောင်ပွဲတို့အကြားက ရွေးကောက်ပွဲ စိုးရိမ်သံ...၊
- မြန်မာ့အဖိုးတန်သစ်တွေ ခိုးထုတ်ခံနေရတာကို ဘယ်သူတွေက သူခိုးအားပေးလုပ်နေသလဲ..၊
- လူပျိုကြီးများအကြိုက်တွေ့မယ့် ခေတ်သစ်ဖိနပ်ခံမယ်ဆိုတာ...၊
- အောက်စ်ဖို့ဒ် သွားမလား၊ ဟားဗတ်သွားမလား ခေတ်ရောက်ပြီ...၊
- တပ်မတော်နံပါတ်တစ်ခေါင်းဆောင်ရဲ့ သတင်းမီဒီယာတွေနဲ့ပထမဦးဆုံး အတွေ့အကြုံ...၊ အပါအဝင် ထူးခြားတဲ့ သတင်းတွေ၊ မဖြစ်မနေသိထားရမယ့်သတင်းဆောင်းပါးတွေ၊ စုံရှုထက်မြက်တဲ့ ဆန်းစစ်သုံးသပ်မှုဆောင်းပါးတွေနဲ့အတူ...၊

GOLDEN STAR Travels & Tours
◆ ပုပ္ပါး(ရွှေတော်ကလေး)–ပုဂံ(အာသာလွှတ်ပွဲ)–ပုဂ္ဂိုလ် Sep-28,29
( Popa Mountain Resort , Myanmar Treasure Hotel )
◆ တောင်ကြီး–အင်းလေး(ဖောင်တော်ဦးဘုရားပွဲ)–ဝင်းတာ၊ Oct-23,25
◆ ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်(နေ့စဉ်)
Ph;01-544383, 209200, 430480, 703448, 705968

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပျဉ်းမနားမြို့၊ ဗိုလ်ချုပ်လမ်း၊ ချင်းစုရပ်နေ ဦးဌေးဝင်း-ဒေါ်ခင်မာသင်းတို့၏ သမီးဖြစ်သူ မအင်ကြင်းခိုင်[၉/ပမန(နိုင်)၂၆၉၀၆၄]သည် မိသားစုအားလုံး စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၂၉-၆-၂၀၁၅ ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးဌေးဝင်း-ဒေါ်ခင်မာသင်း

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူးနိုင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




၂၀၀၁ ခုနှစ်မှာ စာအုပ်တစ်အုပ် လက်ဆောင်ရခဲ့ပါတယ်။ စင်ကာပူနိုင်ငံသား ကီရှိုးမာဘူဘာနီရေးတဲ့ "အာရှသားတွေ စဉ်းစား တတ်ကဲ့လား" ဆိုတဲ့ စာအုပ်ကလေးပါ။ အဲဒီ စာအုပ်ကလေးကို ဖတ်ပြီး ဘာသာမပြန်ရမနေနိုင်အောင် ဖြစ်သွားခဲ့ရတာနဲ့ အဲဒီစာအုပ်ထဲက စာတမ်း ငါးပုဒ်ကို ၂၀၀၁ ခုနှစ်က ၂၀၀၄ ခုနှစ်အတွင်း မဟာဂျာနယ်နဲ့ အလင်းတန်း ဂျာနယ်တို့မှာ ထုံပိုင်း ထုံပိုင်း ဘာသာပြန်ဆို တင်ဆက်ခဲ့ပြီး ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလမှာတော့ အဲဒီ ငါးပုဒ်ကိုပဲ စုစည်းပြီး "အာရှသားများ စဉ်းစားနိုင်စေ"ဆိုတဲ့ ခေါင်းစဉ်နဲ့ စာအုပ်ငယ်လေး တစ်အုပ်ထုတ်ဝေခဲ့ဖူးပါတယ်။

အဲဒီစာအုပ်ထဲကနေစွဲပြီး ကျန်ရစ်တဲ့ အချက်ကလေး တစ်ချက်က ကနေ့အခြေအနေ အချိန်အခါနဲ့ ကိုက်ညီ သင့်လျော်နေတာမို့ အဲဒီအကြောင်းလေးကို ကြေးမုံ ပရိသတ်များကို ပြောပြချင်စိတ်က ထိန်းမနိုင် သိမ်းမရ ဖြစ်လာရပါတော့တယ်။

စွဲကျန်ရစ်ခဲ့တယ်ဆိုလို့ ဝါကျတစ်ကြောင်း မဟုတ်ပါဘူး။ အတိုကောက် အင်္ဂလိပ်စာလုံးလေး သုံးလုံးမျှသာ ဖြစ်ပါတယ်။

"MPH"ဆိုတဲ့ စာလုံးလေး သုံးလုံးပါ။ ပုံမှန်အားဖြင့် အဲဒီ MPH ကို အတော်များများက mile per hour (တစ်နာရီအတွင်း ပေါက်တဲ့ ခရီးမိုင်နှုန်း)ရယ်လို့ သိထားကြပါတယ်။ အဲဒါလေးကို ဥပစာ တင်စားပြီး မစ္စတာကီရှိုးမာ ဘူဘာနီက အာရှနိုင်ငံတွေ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေထဲကအဓိက သုံးခုကို သူ့နည်းနဲ့ သူ ဖွင့်ဆိုလိုက်ပါတယ်။

အများစုကတော့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတို့ကသာ အနောက်တိုင်းလူ့ဘောင်ကို တိုးတက်သွားစေခဲ့တယ်လို့ ယူဆကြပါတယ်။ ဒါပေမယ့် အဲဒါတွေရဲ့ နောက်ကွယ်က ငုပ်လျှိုးနေတဲ့ အကြောင်းတရားကတော့ MPH ဆိုတဲ့ အကြောင်း သုံးရပ်သာ ဖြစ်တယ်လို့ သူက သုံးသပ်ပြထားတဲ့ စာတမ်းတိုလေး တစ်ပုဒ်ဖြစ်ပါတယ်။ အနောက်နိုင်ငံတွေ၊ ဥရောပနိုင်ငံတွေ အောင်မြင်တိုးတက်ခြင်းဟာ အဲဒီ သုံးချက်ရှိလို့သာပဲလို့ သူက ကောက်ချက်ထုတ်ပါတယ်။ အာရှနိုင်ငံတွေအနေနဲ့လည်း အောင်မြင်တိုးတက်မှု လမ်းကြောင်းပေါ် သွားချင်ရင်သည်သုံးချက်ကိုသာ အားစိုက် ဆောင်ရွက်သင့်တယ်လို့ သူက အကြံပြုထားပါတယ်။

သေချာ ဆင်ခြင်ကြည့်လိုက်တော့ သူပြောတဲ့ သုံးချက်ဟာ နိုင်ငံတစ်နိုင်ငံ ခရီးတွင်ရေး၊ တိုးတက်ဖွံ့ဖြိုးရေးအတွက် တကယ့်ကိုမရှိမဖြစ် လိုအပ်တဲ့ အချက်တွေပဲဆိုတာ ဘယ်သူမှ ငြင်းလို့ ရမယ်မထင်ပါဘူး။ ဒါ့ကြောင့် သည်အကြောင်းလေးကို ကြေးမုံပရိသတ်နဲ့ ပြန်လည် မိတ်ဆက်ပေးချင်လာရပါတယ်။ ဖတ်ပြီးသားဖြစ်နေရင် ခွင့်လွှတ်ကြပါခင်ဗျား။ မဖတ်ရသေးရင်၊ ဒါမှမဟုတ် ဖတ်ပြီးသော်လည်း နှစ်တွေကြာခဲ့ပြီမို့ အမေ့မေ့ အလျော့လျော့ ဖြစ်နေခဲ့မယ်ဆိုရင်တော့ ကျွန်တော် ပြန်နှုးလိုက်တာလေးက တွေးဆ ဆင်ခြင်စရာ တစ်ခုခု ရသွားနိုင်လိမ့်မယ်လို့လည်း မျှော်လင့်မိရပါတယ်။

သူ့အလိုအရတော့ ဖြဲ ဟာ တစ်နာရီ ဘယ်နှမိုင် ခရီးပေါက်သလဲဆိုတာကို ပြောတဲ့ mile per hour မဟုတ်တော့ပါဘူး။ Meritocracy, Peace, Honesty ဆိုတဲ့ အချက်သုံးချက်ဟာ အာရှနိုင်ငံတွေ ခရီးပေါက်ရေးအတွက် ဖောင်းပေးရမယ့် အချက်တွေပဲလို့ သူက မီးမောင်းထိုးပြခဲ့တာ ဖြစ်ပါတယ်။ အဲဒီ သုံးချက်ပါတဲ့ သူ့ဆောင်းပါးကို ဘာသာပြန် ပုံနှိပ် ထုတ်ဝေခဲ့ပြီး ဖြစ်တာမို့ အဲဒါကို ပြန်သွားမနေတော့ပါဘူး။ သူပြောထားတဲ့ သုံးချက်အကြောင်းကိုပဲ ကျွန်တော့် စကားနဲ့ ကျွန်တော် ပြန်လည် တင်ပြပါရစေ။

M ဆိုတာ မယ်ရစ်ထောခရစီပါ

"မယ်ရစ်ထောခရစီ"ဆိုတာ ဒီမိုကရေစီလိုပဲ စနစ်တစ်ခုဖြစ်ပါတယ်။ (၁) အရည်အသွေးအလျောက် မြောက်စားတဲ့စနစ် (၂) အရည်အသွေး ထက်မြက်သူများ အုပ်ချုပ်စိုးမိုးမှုရယ်လို့ မြန်မာစာအဖွဲ့က ထုတ်တဲ့ မြန်မာအဘိဓာန်မှာ အနက်ဖွင့် ပေးထားပါတယ်။

အရည်အသွေးအလျောက် မြှောက်စားတယ်ဆိုတာ လူမျိုး၊ အသားအရောင်၊ ကိုးကွယ်တဲ့ဘာသာ၊ ကျား-မကွဲပြားမှု၊ ကိုယ်လက်အင်္ဂါ ပြည့်စုံမှု၊ မပြည့်စုံမှု၊ လိင်စိတ်အမျိုးစုံ ကွဲပြားနေမှု၊ ယဉ်ကျေးမှု၊ ရိုးရာ၊ ဓလေ့ထုံးတမ်း ကွဲပြားမှု၊ ချမ်းသာဆင်းရဲ ကွာဟမှု အစရှိတာတွေကို ထည့်မတွက်တော့ဘဲ အမှန်တကယ် အရည်အချင်းရှိတဲ့သူတွေကို သူတို့နဲ့ထိုက်တန်တဲ့ နေရာတွေကို ပေးရဲတဲ့ အစွမ်းသတ္တိလို့လည်း ဆိုနိုင်ပါတယ်။

ကျွန်တော်တို့ အာရှနိုင်ငံတွေမှာက အဲဒီ ဓလေ့က သိပ်မထွန်းကားချင်ဘူး။ ကိုယ်နဲ့ အလွမ်းသင့်တဲ့သူသာဖြစ်၊ အရည်အချင်း ရှိရှိ မရှိရှိ နေရာပေးတတ်တာ ကျွန်တော်သာမက အခုသည်စာကြောင်းကို ဖတ်နေသူကိုယ်တိုင်လည်း မြင်ဖူး၊ ကြုံဖူးနေမှာ မြေကြီးလက်ခတ်မလွဲပါဘူး။

အဲဒါ ကဏ္ဍတစ်ခုတည်းမှာ မဟုတ်ဘူး။ အဖွဲ့အစည်း တစ်ခုတည်းမှာလည်း မဟုတ်ဘူး။ တစ်နေ့ကတောင် ကြားလိုက်ရသေးတယ်၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတစ်ခုမှာ လင်လုပ်တဲ့သူက တည်ထောင်သူ၊ မယားလုပ်တဲ့သူက ဦးဆောင်ညွှန်ကြားရေးမှူးဆိုပဲ။ စီးပွားရေး လုပ်ငန်းတစ်ခုမှာ တည်ထောင်သူရဲ့ ဇနီးမယား သမီးသားများက ညွှန်ကြားရေးမှူးတွေဖြစ်နေကြပြီး နေရာတကာ ဝင်ရောက် ဩဇာပေး ချယ်လှယ်နေတဲ့အတွက် အဲဒီ လုပ်ငန်းက အောင်မြင်သင့်လျက်နဲ့ လျှမ်းလျှမ်းတောက် မအောင်မြင်ခဲ့ဘဲ ကျဆုံးသွားတာမျိုးလည်း မြင်ဖူးပါတယ်။

ဒါကို နားလည်သဘောပေါက်တဲ့ စီးပွားရေးလုပ်ငန်းတွေမှာ အီးအီးအို (EEO) ဆိုတာ ခေတ်စားလာခဲ့တာ ဆယ်စုနှစ် နှစ်ခု၊ သုံးခု လောက်ရှိပါပြီ။ အဲဒါကတော့ Equal Employment Opportunity (သာတူညီမျှ အလုပ်ရရှိနိုင်တဲ့ အခွင့်အရေး) ဆိုတာပါပဲ။ သက်ဆိုင်ရာ အရည်အချင်းသာ ရှိ၊ မျက်စိတစ်ဖက်လပ်နေလည်း အလုပ်ရနိုင်တယ်၊ အိပ်(ချ်)အိုင်ဗွီပိုးရှိနေသူလည်း အလုပ်ရနိုင်တယ်၊ ထာဝရဘုရားသခင်ကို အယုံအကြည်မရှိသူလည်း ရနိုင်တယ်ဆိုတဲ့ မူဝါဒဖြစ်ပါတယ်။

အဓိကက ဘာ၊ သာမညက ဘာဆိုတာ ကွဲကွဲပြားပြား မြင်ဖို့ လိုပါတယ်။ အဖွဲ့အစည်းတစ်ခုမှာပဲဖြစ်ဖြစ်၊ လုပ်ငန်း တစ်ရပ်မှာပဲ ဖြစ်ဖြစ်၊ နိုင်ငံ တစ်နိုင်ငံမှာပဲဖြစ်ဖြစ် အဲဒီအဖွဲ့အစည်း၊ လုပ်ငန်း၊ နိုင်ငံရဲ့ တိုးတက်အောင်မြင်ဖို့ကသာ အခရာကျပါတယ်။ ကျန်တာတွေက အပယိကတွေပါ။ ဒါ့ကြောင့် တိုးတက်အောင်မြင်ချင်တယ်ဆိုရင် အမှန်တကယ် အရည်အချင်းရှိသူတွေကို နေရာပေးနိုင်၊ မြှောက်စားနိုင်တဲ့ အစွမ်းသတ္တိက မရှိမဖြစ်လိုအပ်တယ်ဆိုတာ အထူးပြောစရာ မလိုပါဘူး။

P ဆိုတာ ငြိမ်းချမ်းရေးပါ

ရန်ဖြစ်နေတာဟာ အားကုန်ပါတယ်။ အချိန်လည်း ကုန်လှပါတယ်။ ဥရောပက ၂၈ နိုင်ငံ စုပေါင်းလိုက်ကြပြီး ဥရောပသမဂ္ဂကို ဖွဲ့စည်းလိုက်ခြင်းဟာ အချင်းချင်း ရန်ဖြစ်ရတာကို စိတ်ကုန် စိတ်ပျက်လာတာကို ပြလိုက်တဲ့ နမူနာကောင်း၊ ပြယုဂ်ကောင်းလို့တောင် ဆိုနိုင်ပါတယ်။ ဥရောပသမဂ္ဂဟာ နိုင်ငံကြီး တစ်နိုင်ငံလို ၂၈ နိုင်ငံကို ကိုယ်စားပြုပြီး ဆောင်ရွက်လုပ်ကိုင်နေတာပါ။ ဥရောပ လွှတ်တော်၊ ဥရောပသမဂ္ဂ တရားရုံး၊ ဥရောပ စာရင်းစစ်များ တရားရုံး၊ ဥရောပကော်မရှင်၊ ဥရောပ ဗဟိုဘဏ်စတာများနဲ့ စီမံခန့်ခွဲရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးများကိုလည်း နိုင်ငံတစ်နိုင်ငံနည်းတူ ဆောင်ရွက်လျက်ရှိတဲ့ အပြင် နိုင်ငံခြားရေး၊ ကာကွယ်ရေး ကိစ္စရပ်တွေကိုလည်း ကိုင်တွယ်ထားပါတယ်။

အထက်မှာ ပြောခဲ့တဲ့ အရည်အချင်းရှိတဲ့သူကို ဘယ်လောက်ပင် မြှောက်စားချင်၊ နေရာပေးချင်ပေမယ့် ရန်ပွဲကနေ စစ်ပွဲတွေအထိ ဖြစ်ကုန်တဲ့အခါ အရည်အချင်းရှိသူ၊ ဉာဏ်ရှိသူတွေဟာ ဉာဏ်မပါတဲ့ စစ်ပွဲတွေကြားမှာ သေကျေပျက်စီးကုန်ကြရတတ်ပါတယ်။ ဒါကို ဥရောပက လူတွေဟာ ကမ္ဘာစစ်ကြီးနှစ်ပွဲနဲ့တင် ကောင်းကောင်း သိကုန်ကြပါတော့တယ်။ ဒါ့ကြောင့် သူတို့က စစ်ဖြစ်တာ၊ ရန်ဖြစ်တာကို အပြီးတိုင် စွန့်လွှတ်ဖို့ ရည်ရွယ်ချက်နဲ့ ဥရောပသမဂ္ဂကို ထူထောင်လိုက်ကြတာလို့လည်း ပြောနိုင်ပါလိမ့်မယ်။

နိုင်ငံတစ်နိုင်ငံ တိုးတက်အောင်မြင်ဖို့အတွက် ငြိမ်းချမ်းရေးဟာ အသက်တမျှ အရေးကြီးလှတာကို တကယ်တော့ စာဖွဲ့နေစရာတောင်လိုမယ် မထင်တော့ပါဘူး။

H ဆိုတာ ရိုးသားဖြောင့်မတ်မှုပါ

ရိုးသားဖြောင့်မတ်မှုရဲ့ နောက်ကွယ်မှာ အနက်ပွားများစွာ ရှိပါတယ်။ တရားမျှတမှုလည်းပါတယ်၊ လိမ်လည် လှည့်ဖျားခြင်း ကင်းရှင်းတာလည်း ပါတယ်၊ ပွင့်လင်း ရိုးသားတာလည်း ပါပါတယ်။

သည်နေရာမှာတော့ မစ္စတာ ကီရှိုး မာဘူဘာနီရဲ့ စကားလုံးတွေကို ပြန်ကိုးကားပါရစေ။

"အောင်မြင်တဲ့ နိုင်ငံတွေမှာ အလုပ်လုပ်တဲ့ အခွင့်ထူးခံတွေ ရှိပါတယ်။ အဲဒီအခွင့်ထူးခံတွေဟာ သူတို့နိုင်ငံတွေဆီက ယူဖို့ထက် ပေးဖို့ကို ပိုထက်သန်ကြသူတွေပါ။ မအောင်မြင်တဲ့ နိုင်ငံတွေမှာတော့ အကျင့်ပျက်ခြစားနေကြတဲ့ အခွင့်ထူးခံတွေသာရှိပါတယ်။ အကျင့်ပျက်ခြစားမှုဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ရှိနေတဲ့ အာရှနိုင်ငံတွေမှာရော၊ ဒီမိုကရေစီမဟုတ်တဲ့ အာရှ နိုင်ငံတွေမှာပါရှိနေပါတယ်"တဲ့။ (အတ္တကျော် မြန်မာပြန်တဲ့ အာရှသားများ စဉ်းစားနိုင်စေ စာအုပ်၊ စာမျက်နှာ ၆၀)

သူ ဆက်ရေးထားတာက ပိုစိတ်ဝင်စားစရာ ကောင်းပါတယ်။

"အကျင့်ပျက်ခြစားမှုကြောင့် စီးပွားရေးသက်သက်ကိုသာ ပျက်စီးစေတာ မဟုတ်ပါဘူး၊ လူမှုရေးကိုရော၊ စိတ်ဓာတ်တွေကိုပါ ပျက်စီးစေတာပါ။ အကျင့်ပျက်ခြစားမှုကနေ အဆိုးမြင်ဝါဒနဲ့ အထင်မကြီးတဲ့စိတ်ကို ပွားများ လာစေပါတယ်။ အကျင့်ပျက်လို့ အဆိုးမြင်၊ အဆိုးမြင်တော့ အထင်မကြီး၊ အထင်မကြီးတော့ အကျင့်ပျက်နေတဲ့အတွက် အာရှနိုင်ငံတွေဟာ မြောင်းထဲက ပြန်ကို တက်မလာနိုင်အောင် ဖြစ်နေရပါတော့တယ်။" (ယင်းစာအုပ် စာမျက်နှာ ၆၁)

အားလုံး စဉ်းစားသင့်တဲ့အချက်ပါပဲ။ "ရိုးသားဖြောင့်မတ်မှု"ဆိုတာ တကယ်တော့ အင်မတန် ပြောလို့ ကောင်းတဲ့၊ လူတိုင်း ကြိုက်တဲ့ စကားလုံးလို့တောင်ပြောနိုင်မယ် ထင်ပါတယ်။ ဒါပေမယ့် တကယ် ကျင့်သုံးဖို့ကကျတော့ နည်းနည်း ခက်ချင်တယ်။ အထူးသဖြင့် နိုင်ငံနဲ့ ချိလာတဲ့အခါ၊ ကိုယ်ကျိုးစီးပွားနဲ့ ယှဉ်လာတဲ့အခါတွေမှာ စကားလုံးကို စကားလုံး အတိုင်း အသာလေး ထားခဲ့ပြီး အမူအကျင့်ကတော့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပြမိတတ်ကြတာဟာလည်း တစ်ဖက်က တွေးရင်တော့ လူပီသလွန်းတာပါပဲ။

သို့သော် ကျွန်တော်တို့တွေ ဘာဖြစ်ချင်ကြတာလဲ၊ ကျွန်တော်တို့ နိုင်ငံကို ဘယ်လိုဖြစ်စေချင်တာလဲကို ဦးစားပေး စဉ်းစားမယ်ဆိုရင်တော့ "ရိုးသားဖြောင့်မတ်မှု"ဟာလည်း အသက်တမျှ အရေးကြီးတယ်ဆိုတာကို အားလုံး လက်ခံနိုင်မှာ ဖြစ်သလို မပြတ်ကျင့်သုံးနိုင်ရေးအတွက်လည်း အလေးပေး ဆောင်ရွက်ဖြစ်သွားကြမယ် ထင်ပါတယ်။

အောင်မြင်တဲ့ နိုင်ငံတစ်နိုင်ငံ ထူထောင်ရေးမှာ ဘယ်စနစ်နဲ့ပဲ ချီတက်ချီတက်၊ အရည်အချင်းရှိသူတွေကို နေရာပေး၊ မြှောက်စားသွားတဲ့စနစ်ရယ်၊ ငြိမ်းချမ်းရေးရယ်၊ ရိုးသားဖြောင့်မတ်မှုရယ်က အခရာကျလှပါတယ်။ အခုဆို "ပြုပြင် ပြောင်းလဲရေး"ကို လူတိုင်းလောက်နီးနီးက ပြောနေကြပါတယ်။ ဒါပေမယ့် ဘာတွေ ပြောင်းမလဲ၊ ဘာတွေ ပြုပြင်မလဲဆိုတာတော့ ဘယ်သူကမှ ပြောသံသိပ်မကြားရပါဘူး။ တကယ် ပြုပြင် ပြောင်းလဲချင်တယ်ဆိုရင်တော့ သည် သုံးချက်ကို ထိပ်ဆုံးကထား စဉ်းစားသင့်တဲ့အကြောင်း ပြောလည်း သိပ်ပြောချင်နေတယ်၊ ပြောကလည်း မပြောရဲဘူးခင်ဗျ။ ဒါပေမယ့် ပြောချင်တဲ့စိတ်က အနိုင်ရသွားတဲ့အတွက် မရဲတရဲနဲ့ ပြောလိုက်မိသွားရပါပြီ။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်ခုခုတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိပါတယ် ခင်ဗျား။

> အဖွဲ့အစည်းတစ်ခုမှာပဲဖြစ်ဖြစ်၊ လုပ်ငန်းတစ်ရပ်မှာပဲ ဖြစ်ဖြစ်၊ နိုင်ငံ တစ်နိုင်ငံမှာပဲဖြစ်ဖြစ် အဲဒီအဖွဲ့အစည်း၊ လုပ်ငန်း၊ နိုင်ငံရဲ့ တိုးတက်အောင်မြင်ဖို့ကသာ အခရာကျပါတယ်။ ကျန်တာတွေက အပယိကတွေပါ။ ဒါ့ကြောင့် တိုးတက် အောင်မြင်ချင်တယ်ဆိုရင် အမှန်တကယ် အရည်အချင်းရှိသူတွေကို နေရာပေးနိုင်၊ မြှောက်စား နိုင်တဲ့ အစွမ်းသတ္တိက မရှိမဖြစ်လိုအပ်တယ်ဆိုတာ အထူးပြော စရာ မလိုပါဘူး။

# လူမျိုးမရွေး၊ ဒေသမရွေး၊ အားလုံးအတွက် နှလုံးကျန်းမာရေး

ယခုနှစ် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ကမ္ဘာနှင့်တလွှား နိုင်ငံအသီးသီး၌ကမ္ဘာ့နှလုံးကျန်းမာရေးနေ့လှုပ်ရှားမှုများကျင်းပနေသည့် အလျောက် မြန်မာနိုင်ငံတွင်လည်းနှလုံးကျန်းမာရေးလှုပ်ရှားမှုများဆောင် ရွက်လျက်ရှိပါသည်။ ယခုနှစ်ကမ္ဘာ့နှလုံးကျန်းမာရေးနေ့၏ ဆောင်ပုဒ်မှာ အင်္ဂလိပ်ဘာသာဖြင့် "Healthy Heart Choices for everyone, everywhere" ဖြစ်ပြီး မြန်မာဘာသာဖြင့် “လူမျိုးမရွေး၊ ဒေသမရွေး၊ အားလုံးအတွက် နှလုံး ကျန်းမာရေး”ဟုခေါ်တွင်ထားပါသည်။ ခေတ်သစ်လူနေမှုပုံစံပြောင်းလဲလာ သည်နှင့်အမျှ ကမ္ဘာတစ်ဝန်း အသက် ဆုံးရှုံးမှုများသောရောဂါများတွင် နှလုံး သွေးကြောရောဂါ၊ နှလုံးရောဂါနှင့် လေဖြတ်ရောဂါတို့သည် နံပါတ်တစ်နေရာတွင် ရပ်တည်နေဆဲဖြစ်သည်။ နှလုံးနှင့်နှလုံးသွေးကြောကျဉ်းရောဂါကြောင့် နှစ်စဉ်လူဦးရေ ၁၇. ၃သန်းသည်အချိန်မတိုင်မီအသက်ဆုံးရှုံးကြရပြီး ၂၀၃၀ ခုနှစ်တွင်မူ သေဆုံးမှုဦးရေတစ်နှစ်လျှင် ၂၃သန်းအထိ မြင့်တက်သွားနိုင်ကြောင်း ကျွမ်းကျင်ပညာရှင်များမှ ခန့်မှန်းထားကြသည်။ ထို့ကြောင့် ကမ္ဘာနိုင်ငံအသီးသီး တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၂၅ တွင် နှလုံးသွေး ကြောရောဂါကြောင့် အရွယ်မတိုင်မီအသက်ဆုံးရှုံးရခြင်းကို ၂၅ ရာခိုင်နှုန်း ထိလျှော့ချရန် ကြိုးပမ်းလျက်ရှိသည်။

သို့ဖြစ်ပါ၍ကမ္ဘာ့နှလုံးအဖွဲ့ချုပ်သည် နှလုံးနှင့်လေဖြတ်ရောဂါတိုက်ဖျက် ရေးလုပ်ငန်းများကိုဝင်ငွေနည်းသောနိုင်ငံများနှင့် ဝင်ငွေအသင့်အတင့်ရှိသော နိုင်ငံများတွင် အဓိကထားဆောင်ရွက်လျက်ရှိသည်။

နှလုံးနှင့်နှလုံးသွေးကြောရောဂါ ဖြစ်စေနိုင်သောအခြေအနေများမှာ-

- ➢ သွေးတိုးရောဂါ ။
- ➢ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲခြင်း။
- ➢ အရက်ကိုအလွန်အကျွံ သောက်သုံးခြင်း။
- ➢ ကျန်းမာရေးနှင့် မညီညွတ်သောအစားအသောက်များစားသုံးခြင်း။
- ➢ အဝလွန်ခြင်း။
- ➢ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း။

နှလုံးနှင့် သွေးကြောရောဂါ ခံစားနေရသူများကို “ဆေးလိပ်သောက်ခြင်း၊ အစားအသောက်မဆင်ခြင်ခြင်း၊ လေ့ကျင့်ခန်းမလုပ်ခြင်းတို့ကြောင့် ရောဂါဖြစ်ရ သည်” ဟု လူ့အသိုင်းအဝိုင်းမှ ဝိုင်း၍ အပြစ်တင်လေ့ရှိကြသည်။ အမှန်တကယ် တွင်မူ ကျွန်ုပ်တို့ နေထိုင် လုပ်ကိုင်ကျင်လည်ရာ ပတ်ဝန်းကျင်သည်ကျန်းမာရေးနှင့် ညီညွတ်သောစားသောက်နေထိုင်ပုံစံဖြစ်ရန် လိုအပ်ပါသည်။

ကျွန်ုပ်တို့သည် နှလုံးကျန်းမာရေးအား ခြိမ်းခြောက်နေသော ပတ်ဝန်းကျင် အခြေအနေများကို နေ့စဉ် ရင်ဆိုင်နေရသည်ကိုသတိပြုရန် လိုအပ်ပါသည်။

- ➢ စိမ်းလန်းသောပတ်ဝန်းကျင်နှင့် တစ်စတစ်စဝေးကွာလာခြင်း။
- ➢ လမ်းလျှောက်ရန်နှင့် စက်ဘီးစီးရန်အတွက် လိုအပ်သောလုံခြုံစိတ်ချ ရသည့်နေရာနှင့်လမ်းကြောင်းများမရှိခြင်း။
- ➢ လုပ်ငန်းခွင်နှင့် ကျောင်းမုန့်ဈေးတန်းတွင် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများမရရှိနိုင်ခြင်း။
- ➢ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းနှင့် အသင့်စား အစာ များ(Fast Food)စားသုံးမှု ဓလေ့စရိုက်များလွှမ်းမိုးလာခြင်း။
- ➢ မိမိအိမ်အတွင်းနှင့် အပြင်ပတ်ဝန်းကျင်တွင်ရှိသော မသန့်ရှင်းသည့် လေထုနှင့် တစ်ဆင့်ခံဆေးလိပ်ငွေ့များကို ရှူရှိုက်ရခြင်း။

လူမျိုးမရွေး၊ဒေသမရွေး နှလုံးကျန်းမာရေးရရှိရန် မိမိနှင့် မိမိမိသားစု၏ နေထိုင်စားသောက်မှုပုံစံများကိုအနည်းငယ်ရွေးချယ် ပြောင်းလဲခြင်းဖြင့် နှလုံး နှင့် လေဖြတ်ရောဂါဖြစ်ပွားမှု အန္တရာယ်များကိုလျှော့ချနိုင်မည် ဖြစ်သည်။

**သင်၏အိမ်တွင် ကျန်းမာရေးနှင့် ညီညွတ်သောအစားအစာများကိုသာစားသုံးပါ။**

- ➢ သကြားဓာတ်၊ ဆားဓာတ် နှင့် အဆီမြင့်မားစွာပါဝင်သောအစား အစာများ၊ အချိုဓာတ်များသောအစားအစာများကိုစားသုံးခြင်းမှ တတ်နိုင်သမျှလျှော့ချပြီး လတ်ဆတ်သော သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကိုပိုမိုစားသုံးပါ။
- ➢ ကျောင်းနှင့် လုပ်ငန်းခွင်တွင် စားသုံးမည့် နေ့လယ်စာကိုမိမိနေအိမ်တွင် သန့်ရှင်းလတ်ဆတ်စွာချက်ပြုတ်ပြင်ဆင်ပါ။
- ➢ သင်၏ နေအိမ်တွင်သာမကလုပ်ငန်းခွင် ပတ်ဝန်းကျင်တွင်လည်း ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကိုရရှိနိုင်ရန် ဖန်တီး ပါ။

**သင်၏ နေအိမ်တွင် ဆေးလိပ်သောက်ခြင်းကိုတားမြစ်ပိတ်ပင်ပါ။**

- ➢ နေအိမ်တိုင်းရှိမိသားစုအဖွဲ့ဝင်တိုင်းအား ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများကိုသိမှတ်စေပြီး ဆေးလိပ်သောက်ခြင်းကိုတားမြစ်ထား ပါ။
- ➢ ဆေးလိပ်ငွေ့ကင်းစင်သော အိမ်ပတ်ဝန်းကျင်သည် သင်နှင့် သင့် ကလေးများအပါအဝင် အခြားအိမ်သားများ၏ ကျန်းမာရေးကိုပါ တိုးတက်ကောင်းမွန်စေပါသည်။
- ➢ ဆေးလိပ်ဖြတ်ခြင်းသည် သင့်ကလေးများအတွက် စံပြနမူနာကောင်း ဖြစ်သည်။

တဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်မိခြင်းသည် နှစ်စဉ် ကလေးငယ်များအပါအဝင် ဆေးလိပ်မသောက်သုံးသူဦးရေ ၆၀၀၀၀၀ နှင့်အထက်အား အသက်ဆုံးရှုံးမှု ဖြစ်ပေါ်စေပါသည်။

**သင်၏ မိသားစုဝင်များတွင် နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ခြေ အန္တရာယ်ကို ကြိုတင်မှန်းဆပါ။**

- ➢ နှလုံးသွေးကြောရောဂါနှင့်ပတ်သက်သောဖြစ်နိုင်ခြေ အန္တရာယ်များ အား သိရှိမှတ်သားထားပါက သင်နှင့် သင့်မိသားစု၏ နှလုံး ကျန်းမာရေး တိုးတက်ကောင်းမွန်စေရန် ကာကွယ်စောင့်ရှောက်ထိန်း သိမ်းနိုင်မည် ဖြစ်သည်။
- ➢ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကျွမ်းကျင်သူများထံသို့ သွား ရောက်၍ သွေးပေါင်တိုင်းခြင်း၊ သွေးတွင်းရှိအဆီပမာဏ စစ်ဆေး ခြင်း၊ ကိုယ်အလေးချိန်နှင့် ခန္ဓာဝန်ညွှန်ကိန်းတိုင်းတာခြင်းတို့ကို မှန်မှန်ဆောင်ရွက်ပါ။

နှလုံးသွေးကြောပိတ်ခြင်းနှင့် လေဖြတ်ခြင်းရောဂါလက္ခဏာများ အကြောင်းလေ့လာထားပါ။

- ➢ နှလုံးနှင့် အသက်ရှူခြင်းဆိုင်ရာအရေးပေါ် အခြေအနေများ၏ ၇၀ ရာခိုင်နှုန်းသည် နေအိမ်တွင် ဖြစ်ပွားလေ့ရှိရာ မိသားစုဝင်များက ထိုအရေးပေါ် အခြေအနေကိုသိရှိရန် လိုအပ်သည်။
- ➢ အခြေခံအသက်ကယ် အထောက်အကူပြုနည်းအကြောင်း ကျန်းမာ ရေးစောင့်ရှောက်မှုဆိုင်ရာ ကျွမ်းကျင်သူများထံမှ လေ့လာသင်ယူ သင့်သည်။
- ➢ သင်၏ မိသားစုဝင် တစ်ယောက်ယောက်တွင် နှလုံးသွေးကြောပိတ် ခြင်း(သို့) လေဖြတ်ခြင်း၏ ရောဂါလက္ခဏာများရှိနေသည်ဟု သံသယရှိပါက ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သောနေရာသို့ အမြန်ဆုံး ပို့ဆောင်ရန် လိုအပ်သည်။

ထိုနည်းတူစွာ လုပ်ငန်းခွင်များ၊ ကျောင်းများ၊ ဆေးရုံများ၏ အနီးအနား တွင် နှလုံးကျန်းမာရေးအတွက် ကောင်းမွန်သင့်လျော်သော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်ရန် ရိုးရှင်းလွယ်ကူသော အောက်ပါအချက်များကိုသင် ဆောင် ရွက်နိုင်ပါသည်။

**ဆေးလိပ်သောက်ခြင်းကိုတားမြစ်ပါ။**

- ➢ ဆေးလိပ်ဖြတ်ရန် ကြိုးစားနေသည့် လုပ်ဖော်ကိုင်ဖက်များအား အကူအညီပေးခြင်းဖြင့် သင်၏ လုပ်ငန်းခွင်ကိုဆေးလိပ်ကင်းစင် နယ်မြေ ဖြစ်အောင်ပြုလုပ်ပါ။
- ➢ ဆေးလိပ်ကင်းစင်သည့်နယ်မြေ ဖြစ်မြောက်ရေးအတွက် လိုအပ် သောစည်းမျဉ်းများအားလိုက်နာရန် သင်၏ လုပ်ဖော်ကိုင်ဖက်များ အားတိုက်တွန်းပါ။
- ➢ လုပ်ငန်းခွင်၊ ဆေးရုံ (သို့) ကစားကွင်းများနှင့် နီးသောနေရာများတွင် ဆေးလိပ်သောက်ရန်သတ်မှတ်ပေးထားသောနေရာများ မထားမိ ရန် သတိပြုပါ။

**လုပ်ငန်းခွင်တွင်လည်း ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းကို ပြုလုပ်ပါ။**

- ➢ စက်ဘီးစီး၍သော်လည်းကောင်း၊ လမ်းလျှောက်၍သော်လည်းကောင်း (သို့) လုပ်ငန်းခွင်သို့ မရောက်မီတစ်မှတ်တိုင်၊ နှစ်မှတ်တိုင် ကြိုဆင်း ၍ လမ်းလျှောက်ခြင်းဖြင့် လေ့ကျင့်ခန်းပြုလုပ်ပါ။
- ➢ ဓာတ်လှေကား၊စက်လှေကားများကိုအသုံးမပြုဘဲလှေကားကိုတတ် နိုင်သရွေ့အသုံးပြုပြီး အခြားသူများအားလည်း ထိုသို့ပြုလုပ်ရန် တိုက်တွန်းပါ။
- ➢ လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများအား ခြေလှမ်းအရေအတွက် မှတ် သားသည့် အလေ့အကျင့် ပြုလုပ်ရန် တိုက်တွန်းပါ။ (ဥပမာ-မိမိ လက်ကိုင်ဖုန်းကိုအသုံးပြု၍ မှတ်သားခြင်း)
- ➢ အလုပ်စားပွဲတွင် အလုပ်လုပ်စဉ် (သို့မဟုတ်) ဖုန်းပြောစဉ် မကြာ ခဏမတ်တပ်ရပ်လှုပ်ရှားမှု ပြုလုပ်ပေးပါ။

**လူမျိုးမရွေး၊ ဒေသမရွေး နှလုံး ကျန်းမာရေးရရှိရန် မိမိနှင့် မိမိမိသားစု၏ နေထိုင်စားသောက်မှုပုံစံများကိုအနည်း ငယ်ရွေးချယ် ပြောင်းလဲခြင်းဖြင့် နှလုံး နှင့် လေဖြတ်ရောဂါဖြစ်ပွားမှု အန္တရာယ် များကိုလျှော့ချနိုင်မည် ဖြစ်သည်။**

## ပါမောက္ခနွယ်နွယ် - စီမံချက်မန်နေဂျာ
## နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက်

**သင်စားမည့်အစားအစာများကိုရွေးချယ်ပါ။**

- ➢ ကျောင်းများ၊ လုပ်ငန်းခွင်များနှင့် ဆေးရုံဆေးခန်းများတွင် ကျန်းမာ ရေးနှင့် ညီညွတ်ပြီးလွယ်ကူစွာစားသုံးနိုင်သော အစားအစာများရရှိ ရေးအတွက် အကြံပြုတိုက်တွန်း၍ဖန်တီးပါ။

**စိတ်ဖိစီးမှုများကိုလျှော့ချပါ။**

- ➢ စိတ်ဖိစီးမှုသည် နှလုံးသွေးကြောရောဂါများ ဖြစ်ပွားမှုနှင့် တိုက်ရိုက် သက်ဆိုင်မှုမရှိသော်လည်း ယင်းရောဂါများကို ဖြစ်ပွားစေသည့် အပြုအမူများဖြစ်သော ဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံ သောက်ခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သောအစားအစာများစား သုံးခြင်းတို့နှင့် ဆက်နွယ်မှု ရှိနေပါသည်။
- ➢ လုပ်ငန်းခွင်အတွင်း နေ့လည်စာစားချိန်တွင်အချိန်ယူ၍ လေကောင်း လေသန့်ရှူပါ။ ပေါ့ပါးသောကိုယ်လက်လှုပ်ရှားမှု လေ့ကျင့် ခန်းများ ပြုလုပ်ပါ။
- ➢ အလုပ်ချိန်အတွင်းခေတ္တခဏအနားယူချိန်ကိုသတ်သတ်မှတ်မှတ် ပြုလုပ်ပါ။ ဥပမာ - အချိန် ငါးမိနစ်ခန့် ကိုယ်လက်အကြောဆန့်ခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်းများကို တစ်နေ့တာအတွင်း ပုံမှန်အချိန် သတ်မှတ်၍ ပြုလုပ်ပေးပါ။

လုပ်ငန်းခွင်တွင် ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်ခြင်းသည် မိမိတို့၏ကျန်းမာရေးကိုကောင်းစေသည်သာမကဝန်ထမ်းများလုပ်ငန်းခွင်မှ မကြာခဏပျက်ကွက်ခြင်းကိုလျှော့ချနိုင်သဖြင့် ကုန်ထုတ်လုပ်မှုနှုန်းတိုးတက် လာစေရန် အထောက်အပံ့ဖြစ်စေပါသည်။

ကိုယ်လက်လှုပ်ရှားမှု မရှိခြင်းသည် ကိုယ်အလေးချိန် မြင့်တက်ခြင်း၊ ဆီးချိုသွေးချိုရောဂါနှင့် သွေးတွင်းအဆီဓာတ်များခြင်းတို့ကို ဖြစ်ပေါ်စေပြီး နှလုံးရောဂါ ဖြစ်ပွားနှုန်းကိုတိုးလာစေပါသည်။ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ် ခြင်းဖြင့် သင်၏ နှလုံးကျန်းမာရေးကိုထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်ပါ။

**သင်၏ ကလေးများအားသွက်သွက်လက်လက် ပြုမူလှုပ်ရှားတတ်ရန် ပြုစုပျိုးထောင်ပါ။**

- ➢ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ ရည်ညွှန်းချက်အရအသက် ၅ နှစ်မှ ၁၇ နှစ် အတွင်းရှိသောကလေးငယ်များသည် အလယ်အလတ်မှ အတန်အသင့်ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများကို တစ်နေ့လျှင် အနည်းဆုံး မိနစ်၆၀ ခန့် ပြုလုပ်သင့်သည်။
- ➢ သင်၏ ကလေးငယ်များကိုကျောင်းသို့ လိုက်ပို့ရာတွင် သွက်သွက် လက်လက် လမ်းလျှောက်ပါ။ စက်ဘီးစီးခိုင်းပါ။
- ➢ သင်၏ ကလေးငယ်များကိုအိမ်မှုကိစ္စများတွင် ပါဝင်ကူညီ ခိုင်းခြင်း သည်လည်း အားကစားပြုလုပ်ခြင်း၊ လမ်းလျှောက်ခြင်းတို့ကဲ့သို့ အရေးပါသည်။
- ➢ တစ်နေ့တာတီဗွီကြည့်ချိန်သို့ ကွန်ပျူတာဂိမ်းကစားချိန်တို့အား ၂ နာရီထက် မပိုစေရန် အချိန် သတ်မှတ်ပေးပါ။
- ➢ ကလေးများအတွက် ကစားရန်၊ စက်ဘီးစီးရန် စိမ်းလန်း၍ လုံခြုံ စိတ်ချရသော ပတ်ဝန်းကျင် ဖန်တီးပေးမှုရန် ဝိုင်းဝန်းအကြံပြုပါ။

**မိမိကိုယ်တိုင် တက်ကြွလှုပ်ရှားစွာနေထိုင်ပါ။**

- ➢ ပေါ့ပါးစွာ ဆောင်ရွက်နိုင်သောအေရိုးဗစ်လေ့ကျင့်ခန်းများကို ဖြေးဖြေးနှင့် မှန်မှန်လုပ်ရင်းသီတင်းတစ်ပတ်အတွင်းလေ့ကျင့်ခန်း ပြုလုပ်ချိန် မိနစ် ၁၅၀ ခန့် ရရန်ကြိုးစားပါ။
- ➢ မိမိနှင့် သင့်လျော်သောလေ့ကျင့်ခန်းလုပ်ဆောင်ရန် မိမိ၏ မိသားစု ဆရာဝန်နှင့် တိုင်ပင်ပါ။
- ➢ နှလုံးရောဂါ (သို့)အခြားရောဂါများရှိ၍ လေ့ကျင့်ခန်းများမပြုလုပ်ရ ဟုမဆိုလိုပါ။ သင်၏ ကျန်းမာရေးအနေအထားနှင့် လိုက်ဖက်သော ကိုယ်လက်လှုပ်ရှားမှု တစ်ခုခုနေ့စဉ် ပြုလုပ်ပေးပါ။


**လွယ်ကူသောအကောင်းဆုံးလေ့ကျင့်ခန်းများကိုမိမိတစ်နေ့တာအတွင်း ပြုလုပ်နိုင်ရန် ကြိုးစားပါ။**

ဥပမာ-

- ➢ အေရိုးဗစ် ကစားခြင်း၊ လမ်းအမြန်လျှောက်ခြင်း၊ ခပ်မှန်မှန်ပြေးခြင်း၊ ရေကူးခြင်း၊ စက်ဘီးစီးခြင်း။
- ➢ ကယ်လိုရီများများလောင်ကျွမ်းစေသောလှေကားအတက်အဆင်း ပြုလုပ်ခြင်း၊ တောင်တက်ခြင်း၊ သစ်ပင်ပန်းပင်စိုက်ရန် ကျင်းတူးခြင်း စသည့် ကိုယ်လက်လှုပ်ရှားမှုများ။
- ➢ ထိုက်ချီ၊ ယောဂစသောကိုယ်စိတ်ပျော့ပျောင်းစေသော လေ့ကျင့်ခန်း များကိုနေ့စဉ် ပြုလုပ်ပါ။

အချုပ်အားဖြင့်ဆိုသော် ကမ္ဘာ့နှလုံးအဖွဲ့ချုပ်မှ ကမ္ဘာ့နှလုံး ကျန်းမာရေး နေ့ ၂၀၁၅ အထိမ်းအမှတ်အဖြစ် မည်သည့်ပတ်ဝန်းကျင်တွင်မဆို လူသားတိုင်း မိမိနှလုံးကျန်းမာရေးအတွက်ကောင်းမွန်သော အလေ့အကျင့်အပြုအမူများ လုပ်ဆောင်လာစေရန် ပညာပေးလှုံ့ဆော်ထားခြင်းကို အသိပေးအပ်ပါ သည်။

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

သက်ခိုင်က သံနေသံထားမှန်မှန်၊ မတွာပြည့်ပြည့်၊ စည်းနရိစေ့စေ့နှင့် ကဗျာကို ရွတ်ပြ၏။

"မြေပြင်နဲ့ ဝေဟင်၊
လေအယဉ်လှိုင်းငွေဦးမှာလ၊
ဂီတလှေ ကိုယ်က မျှောမှာပေါ့. . . လို့၊
ကူးစိတ်နု-နွဲ့ယဉ်ယဉ်။. . . ။
လကွေးငဲ့ ကျွန်းငွေသောင်၊
တိမ်ကျောက်ဆောင် ခွေပတ်ဝိုင်းလေတဲ့၊
မိုးနတ်ဒေဝီ စံရာတိုင်းဆီသို့၊
မဆိုင်းဘဲ လာခဲ့လျှင်။. . . ။
အနိမ့်မြေ တလူသားရယ်က၊
စွန့်စားမာန် လွန်ရန်ကောပါဘိ၊
လွမ်းအာရုံ ဒီသဘောကိုလ၊
တေးထံတျာ ချစ်ဖွယ်နှောသော်လည်း၊
မောစေတဲ့လား မစိမ်းပင်ရယ်၊
ငိုချင်လေရဲ့ မရှိုက်အား။. . . ။
လောကခံ ထန်မုန်တိုင်းနဲ့၊
သောကမြူ မှုန်မှုန်မှိုင်းလေတဲ့၊
ဘဝကို ဒီပုံနှိုင်းချင်ရဲ့၊
ကသိုဏ်ဉာဏ် တစ်ဖန်ရှုလေတော့၊
အရိုင်းကံ သူမပြုလေဘု၊
တစ်ပိုင်းဝန် ကိုယ်အမှုပေမို့၊
(မိုးနတ်ဒေဝီရေ) ပြုပြုသမျှ၊
အနုသယက စခဲ့ရတဲ့၊
သမုဒယဆိုတဲ့ မောင့်ရဲ့အမှား. . . "

သက်ခိုင်က ကဗျာကို ညင်ညင်သာသာ ဆို၍ အဆုံးသတ်လိုက်၏။

ညင်ညင်သာသာနှင့်ပင် သူက မလေးနွယ်ကို မော့ကြည့်သည်။

မလေးနွယ်၏ ပါးပြင်တွင် လရောင်၌ တောင်ပနေသော မျက်ရည်ဥများကို မြင်ရ၏။

သက်ခိုင်က မလေးနွယ်၏ မျက်နှာလေးကို ရင်ထုမနာနှင့် ငေးကြည့်မိသည်။ ငေးကြည့်ရင်းလည်း လောကနှင့် ဘဝကို စိတ်နာမိသကဲ့သို့ ရှိ၏။

ထိုအခိုက်တွင်ပင် ချောင်းဟန့်သံ ကြားရ၏။

ဆေးပေါ့လိပ်တိုကို ဖွာရင်း ဦးချစ်တိုးက သူတို့အနီးသို့ ချဉ်းကပ်လာ၏။

"ညဉ့်နက်လာပြီ. . . ပြန်ကြစို့ နွယ်ရော. . . သက်ခိုင်ရော. . ဦးလေးစကား နားထောင်ကြကွယ်"

ဦးချစ်တိုးသည် ဤမျှသာ သတိပေးပြီး ကားဆီသို့ ပြန်လျှောက်သွား၏။

မလေးနွယ်နှင့် သက်ခိုင်သည် တစ်ဦးမျက်နှာ တစ်ဦး ကြည့်ကြ၏။

ထိုနောက် လက်ချင်းတွဲကာ ဦးချစ်တိုးနောက်သို့ လိုက်လာခဲ့ကြလေသတည်း။

**အခန်း –၂၅**

**အိပ်မက်၏နိဂုံး**

ဆောင်းကာလ၏ ငွေလရောင်အောက်မှ တက္ကသိုလ်နယ်မြေသည် ဤသို့လျှင် လှပသောယာနေသည်။ တိုတောင်းသော ထိုဆောင်းကာလသည် သက်ခိုင်အတွက်လည်း အမှန်ပင် လွမ်းမောကြည်နူးဖွယ်သော အချိန်ကလေး ဖြစ်ခဲ့၏။

မြန်မာတစ်ပြည်လုံးမှာကား မသာယာ၊ ကြည်နူးဖွယ်ရန် ဝေးစွ၊ စိတ်မချမ်းသာဖွယ် အဖြစ်အပျက်များသည် ဆက်တိုက်ပေါ်ပေါက်နေသည်။

တစ်စထက် တစ်စ အခြေအနေများသည် ပို၍ ပို၍ ဆိုးလာလေ၏။

အလံဖြူ၊ အလံနီ၊ ကွန်မြူနစ်များနှင့် ရဲဘော်ဖြူတို့အနေနှင့်ကား ဘာမျှ ထိထိရောက်ရောက် အောင်မြင်မှုများ မရကြ။ စကတည်းက မခိုင်လုံသော တရားသေ နိုင်ငံရေးအမြင်၊ လွဲမှားသော တော်လှန်ရေးလမ်းစဉ်တို့နှင့် ထကြွသောင်းကျန်းခဲ့ကြသည်ဖြစ်ရာ သူတို့မှာ တောတွင်း၌သာ ရေစုန်မျောနေကြသည်။ စစ်ရေးအောင်မြင်မှုဟူသည် သုညအောက်၌ များစွာကျနေသည်။

သို့ရာတွင် ကေအင်ဒီအိုအရေးကား တစ်မူ ထူးခြား၏။

လွတ်လပ်ခါစလည်း ဖြစ်၍ တည်ထောင်စ ပြည်ထောင်စုလည်းဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံတွင် လွတ်လပ်ခါစ နိုင်ငံတိုင်းနှင့် ပြည်ထောင်စု နိုင်ငံတိုင်း သမိုင်းသဘောအရ မလွှဲသာရှောင်နိုင်သော အလွန်သဘာဝကျသည့် ပြဿနာများ ရှိနေ၏။ ထိုသဘောဝကျသော ပြဿနာတကာအနက် ပြည်ထောင်စု မိသားစုအဖွဲ့ဝင် တိုင်းရင်းသားလူမျိုး အသီးသီး၏ ပြဿနာသည် အဓိက ပြဿနာ ဖြစ်လေသည်။

မြန်မာပြည်၏ သမိုင်းသည် မြန်မာတစ်မျိုးတည်း၏ သမိုင်းမဟုတ်။ တိုင်းရင်းသား လူမျိုးတိုင်း၏ သမိုင်း ဖြစ်သည်။ မြန်မာ့လူ့ဘောင်သည် မြန်မာ တစ်မျိုးတည်း၏ လူ့ဘောင် မဟုတ်။ တိုင်းရင်းသား လူမျိုးတိုင်း၏ လူ့ဘောင် ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုမှာလည်း မြန်မာ တစ်မျိုးတည်း၏ ကြိုးပမ်းမှု မဟုတ်။ တိုင်းရင်းသား လူမျိုးတိုင်း၏ ကြိုးပမ်းမှု ဖြစ်သည်။

လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ သာယာသော လူ့ဘောင်သစ်တစ်ရပ် ပေါ်ပေါက်လာသော် အသီးအပွင့် အကျိုးအမြတ်ကို တိုင်းရင်းသား လူမျိုးတိုင်း တန်းတူ သုံးစား စံစားကြမည်။ ဤသဘောတရားကား နှစ်ဆယ်ရာစုနှစ် နိုင်ငံတည်ဆောက်ပုံမှ ထူးခြားလှသည့် ပြည်ထောင်စုအသွင်ဆောင်သော နိုင်ငံတိုင်း၏ မြင့်မြတ်လှသော ယုံကြည်မှု ဖြစ်သည်။ မြင့်မြတ်လှသော ရည်ရွယ်ချက် ဖြစ်သည်။ မြင့်မြတ်လှသော ပန်းတိုင် ဖြစ်သည်။ ဤသဘောတရားတို့၏ ရှေ့ဆောင်ချက်ဖြင့် ပင်လုံညီလာခံကြီး အောင်မြင်ခဲ့ပြီး လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံကြီး မွေးဖွားလာခဲ့၏။

စင်စစ်မူ ပြည်ထောင်စုကြီးကို လွယ်လွယ်ကူကူ မွေးဖွားခဲ့ရသည် မဟုတ်။ စပါး၊ ဆန်၊ ရေ၊ ကျွန်းသစ်၊ ရေနံ ကျောက်သံပတ္တမြားတွင်ထွက်သတ္တုများကို နှစ်ပေါင်း တစ်ရာကျော် သွေးစုပ်ယူခဲ့သည့်အပြင် ကုန်ရိုင်းကို ပေါပေါ သယ်ကာ ကုန်ချောကို အမြတ်ကြီးကြီးနှင့် ပြန်သွင်းလျက် ခေါင်းပုံဖြတ်ခဲ့ကြသော နယ်ချဲ့အရင်းရှင်တို့အနေနှင့် ပြည်ထောင်စုသန္ဓေကို မမွေးမီကတည်းက ဖျက်ချလိုခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းတည်းဟူသော ဇီဝကလက်သည် စွမ်းလွန်း၍သာ ပြည်ထောင်စု သတို့သားသည် အောင်အောင်မြင်မြင် မီးဖွားသန့်စင်ခဲ့ရ၏။

သို့ရာတွင် ဝမ်းတွင်း၌ မသေလျှင် မီးတွင်း၌ သေစေ၊ မီးတွင်း၌ မသေလျှင် ပုခက်တွင်း၌ သေစေဟု နယ်ချဲ့အရင်းရှင်တို့သည် ကြီးစွာသော လှုံ့လကို ပြုကြရှာသည်။

နယ်ချဲ့အရင်းရှင် ဘီလူးတစ္ဆေတို့ ပြည်ထောင်စု ဒီယာဝုသတို့သားထံ မကပ်နိုင်ရန် ဝန်းရံထားနိုင်သည့် ရတနပရိတ်ကား အစ အလယ် အဆုံးသုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသည့် ဆိုရှယ်လစ်လမ်းစဉ်တည်းဟူသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အရေးသုံးဖြာ၌ အကာလိကာ အချိန်မရွေး မှန်ကန်၍ အချိန်မရွေး အကျိုးပေးသော ပရိတ်သာလျှင်တည်း။

သို့ရာတွင် ဘုရားရှင်လက်ထက်၌ အစွန်းနှစ်ဖက် သွားကာ ဝိနယ ဂိုဏ်းနှင့် ဓမ္မဂိုဏ်း ကွဲလေသကဲ့သို့ ဆိုရှယ်လစ် ဒေသနာကို ကိုးကွယ်ကြပါသည် ဆိုကြသူတို့ အကွဲကွဲသည်။ ဘုရားရှင်နှင့် တစ်ဂိုဏ်းတည်း နှိုင်းအပ်သော ကျေးဇူးရှင် မိခင်မြေကိုပင် မေ့ကြလေသည်။

ဝိနယဂိုဏ်းသားတို့က စာအုပ်ကြီးကို လှန်းကြည့်ကြသည်။ အနက်မမြင်သော် တိုင်းတစ်ပါးမှ ပုရာဏကဿပ၊ မက္ခလိဂေါသာလစသော ဆရာ့ ဆရာကြီးများ၏ အဆုံးအဖြတ်ကိုပင် ယူလိုက်ကြသေး၏။

ထိုနောက် တစ်စင်ထောင်ကာ တောခိုဝင်မှီး၍ ပြည်ကြီးပျက်ရာကို စိတ်ချမ်းသာစွာ ကြိုးစားလေကြကုန်၏။

ဓမ္မဂိုဏ်းသားတို့ကလည်း ဓမ္မကိုသာ တွင်တွင်ဟောသည်။ အကျင့်၌မူ မစောင့်ထိန်းကြ။ အကျင့်ကို မစောင့်ထိန်းသောအခါ သူတို့၏ ဓမ္မမှာလည်းစာအုပ်ကြီးထဲမှ ဓမ္မသာ ဖြစ်နေသည်။ လူသားအားလုံးအတွက် ဓမ္မ မဟုတ်။ ဤသို့ ပြည်တွင်းညီညွတ်မှု မရှိသောအခါ နယ်ချဲ့အရင်းရှင် ဘီလူးသည် စန္ဒဂုတ် စစ်ပရိယာယ်နှင့် အားပျော့ရာမှ စဝင်တိုက်ခိုက်သည်။

ပြည်ထောင်စု၏ အားပျော့ရာမှာ တိုင်းရင်းသား လူမျိုးရေးရာပင် ဖြစ်သည်။ သူတို့က ကရင်ရေးရာကို ရွေးချယ်လိုက်ကြ၏။

ကရင် သို့မဟုတ် ကော်သူလေတို့သည် ပြည်ထောင်စု၏ ချစ်ဖွယ်အကောင်းဆုံးသော လူမျိုးတစ်မျိုး ဖြစ်၏။ ယဉ်ကျေးခြင်း၊ ဖော်ရွေခြင်း၊ ပွင့်လင်းခြင်း၊ သစ္စာရှိခြင်း၊ ရဲဝံ့ခြင်း စသော ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံကြ၏။ ခေတ်ပညာတတ်သူ ပေါများ၍ နိုင်ငံရေး နိုးကြားမှု ရှိကြသည်။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ ဤချစ်ဖွယ်သော လူမျိုး၏ အလယ်၌ သမိုင်းတစ်လျှောက် မရှောင်မတိမ်းနိုင်ခဲ့သော အကြောင်းများကြောင့် ညီအစ်ကို မြန်မာများ အပေါ်တွင် မသင်္ကာစိတ် ပြန့်ပွားနေ၏။ ဤမသင်္ကာစိတ်ကို မီးလောင်ရာ လေပင့်ပေးမည့် ဘေးပယောဂများက လည်းရှိနေ၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၇၇)၊ Fotana Garden နေအဖ-ဦးဗိုလ်ကြီး၏ သမီးဖြစ်သူ ဒေါ်ခင်မျိုးညွှန့်(ခ)ဒေါ်ခိုင်ခိုင်ဝင်း[၁၂/ဒဂန(နိုင်)၀၁၉၃၇၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာလိုက်သည်မှာ-

ကျွန်ုပ်အမှုသည်၏ ခင်ပွန်းဖြစ်သူ ဦးစိန်ဝင်း(ဗိုလ်မှူးကြီးစိန်ဝင်း-ငြိမ်း)က ရှမ်းပြည်နယ်တောင်ပိုင်း၊ အေးသာယာမြို့၊ ကွင်းအမှတ်(၆၄)၊ နောင်အင်းတောင်ကျေးရွာ၊ ဦးပိုင်အမှတ်(-)၊ မြေကွက်အမှတ်-၁၃၅၊ မြေအကျယ်ဧရိယာ (၀. ၁၀၄)ဧကရှိ အိမ်ရာမြေကွက်ကို ၁၉၉၁ခုနှစ်၊ အခွန်အမှုတွဲအမှတ်-၃၀၄၂အရ နှစ်(၃၀)ဂရန်ဖြင့် အမည်ပေါက် ပိုင်ဆိုင်ပါသည်။

ဦးထွန်းညွှန့်[၁၃/တကန(နိုင်)၁၃၄၇၉၁]သည် ဦးစိန်ဝင်းက မအားလပ်၍ ၎င်း၏ ကိုယ်စားဂရန်ထုတ်ယူစေခဲ့သည်ကို အကြောင်းပြု၍ ၎င်းအနေဖြင့် တရားဝင်အမည်မရှိ၊ ပိုင်ဆိုင်မှုလည်းမရှိခဲ့သော အထက်ပါမြေကို ဒေါ်အေးအေးထွေး [၁၃/တကန(နိုင်)၀၉၄၉၈၈]သို့ တရားမဝင်လွှဲပြောင်းရောင်းခဲ့ကြောင်းနှင့် ဒေါ်အေးအေးထွေးကလည်း ဦးဝင်းဦး[၁၃/ဖခန(နိုင်)၀၄၃၇၈၀]သို့ တရားမဝင်စာချုပ်များဖြင့် အဆင့်ဆင့်လွှဲပြောင်းရောင်းချသွားခဲ့ကြကြောင်း ကျွန်ုပ်၏အမှုသည်ဖြစ်သူ၏ တင်ပြချက်အရ သိရှိရပါသည်။

ဦးထွန်းညွှန့်[၁၃/တကန(နိုင်)၁၃၄၇၉၁]သို့ ဦးစိန်ဝင်းက အထက်ပါမြေနှင့် စပ်လျဉ်း၍ အထူးကိုယ်စားလှယ်စာသော်လည်းကောင်း၊ အထွေထွေကိုယ်စားလှယ်စာသော်လည်းကောင်း၊ တရားဝင်ပေးအပ်ထားခြင်းမရှိပါဘဲလျက် ထိုသို့ အဆင့်ဆင့် တရားမဝင်လွှဲပြောင်း ရောင်းချခဲ့ခြင်းတို့သည် တရားဝင်အတည်မဖြစ်ကြောင်း ဦးဝင်းဦးထံမှ ထပ်မံဝယ်ယူသူတို့သည်လည်း မိမိတို့၏တာဝန်သာဖြစ်ကြောင်းနှင့် မြေအမည်ပေါက် ဦးစိန်ဝင်း(ဗိုလ်မှူးကြီး-ငြိမ်း/ကွယ်လွန်)၏ ဇနီးဖြစ်သူ ကျွန်ုပ်၏ အမှုသည်ကလျှင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ အမွေဆက်ခံ ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**(ဒေါ်ခင်မျိုးညွှန့်(ခ)ဒေါ်ခိုင်ခိုင်ဝင်း၏ ညွှန်ကြားချက်)**
**ခနေဖြူ ဦးမြင့်အောင်**
**B.A,Law,LL.B**
**High Court Advocate & Legal Consultant(L.2277)**
**အမှတ်(၅၆၁)၊ ပထမထပ်၊ MAC Tower, ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဖခင်အမည်မှန်

ဘိုကလေးမြို့နယ်၊ ပဝိန်ကျေးရွာအုပ်စု၊ တွဲဖက်(အထက)ကျောင်း ဒသမတန်းတွင် ပညာသင်ကြားနေသော မရွှေဇင်မင်းဦး၏ဖခင်အမည်မှန်မှာ ဦးမိုးမင်းသိန်း[၁၄/ဘကလ(နိုင်)၂၃၀၈၀၃]ဖြစ်ပါသည်။ **ဦးမိုးမင်းသိန်း**

**အာရှနဂါး**
**Asia Dragon ကျိုက်ထီးရိုး**
**ချောင်းသာ / ငွေဆောင်**
**Ph : 703790, 09-861-9008**
**707062, 09-861-7770**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နှင်းစန္ဒာ[၁၀/သထန(နိုင်)၀၀၂၄၁၄]၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၈၁၅၈၆၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမောင်မောင်[၅/စကန(နိုင်)၁၉၀၉၁၄]၏ သင်္ဘောသားစာအုပ်(မန်း-၁၆/၈၅)သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၄၄၇၅၇၂**




## ခြံရောင်းမည်

ပြင်ဦးလွင်၊ ရေချမ်းအိုးရပ်ကွက်၊ ပေ(၈၀×၈၀) သိန်း(၅၀၀)

**ဖုန်း-၀၉-၇၉၈၂၃၇၇၀၆**

## ခွေးရောင်းမည်

Golden Retriever-2-လ
Alsation-4-လ
Labrado-2-လ
နိုင်ငံခြားခွေးမျိုးစုံအော်ဒါမှာယူနိုင်ပါသည်။
**HP-09-420267148**

## ခမောက်ကြီးမြို့၌ မွေးမြူရေးနှင့်စိုက်ပျိုးရေးစရိတ်ထုတ်ချေး

**ခမောက်ကြီး စက်တင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့တွင် ဆင်းရဲမှုလျှော့ချရေးနှင့်လူမှုဘဝမြှင့်တင်ရေးကို ရည်ရွယ်ကာ အသေးစားချေးငွေ သမဝါယမအသင်းမှ ချေးငွေများအား စက်တင်ဘာ ၂၁ ရက် ညနေ ၃ နာရီက ထုတ်ချေးပေးကြောင်း သိရသည်။

ဆက်လက်၍ China Exim Bank ချေးငွေအဖြစ် ကျေးလက်ပြည်သူများအား မွေးမြူရေးစရိတ်နှင့် စိုက်ပျိုးရေးစရိတ်ထုတ်ချေးပေးခြင်းက ဥယျာဉ်ခြံလုပ်ငန်းရှင်များအတွက် ပျိုးပင်၊ မျိုးစေ့နှင့် မြေသြဇာများဝယ်ယူနိုင်ရန်နှင့် မွေးမြူရေးအတွက် မျိုးကောင်းမျိုးသန့်များ ဝယ်ယူနိုင်ရန်အတွက် ပြည်သူတစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ပြည်သူ ၈၅ ဦးအား စုစုပေါင်း ၈၅ သိန်းကို ထုတ်ချေးပေးခဲ့သည်။

အဆိုပါချေးငွေများအား တစ်ရာကျပ်လျှင်အတိုးနှုန်း တစ်ကျပ်ဆယ့်ငါးပြားနှုန်းဖြင့် ချေးထုတ်ပေးခဲ့ရာ ခြောက်လအကြာတွင် အရင်းနှင့်အတိုးအား ပြန်လည်ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ **ခမောက်ကြီး(ပြန်/ဆက်)**



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၁)နှစ် မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုအားဖြင့် အမှတ် (၁၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ (နေပြည်တော်)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး တပ်မျိုးထူး ဦးဆောင်၍ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ (ခုတင် ၃၀၀)တို့တွင် တပ်ဖွဲ့ဝင် စုစုပေါင်း ၇၀ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

## ဟန်လင်းပျူမြို့ဟောင်းတွင် ဂျုံရိုးခမောက်ရက်လုပ်နည်း၊ချုပ်နည်း သင်တန်းဖွင့်

**ဝက်လက် စက်တင်ဘာ ၂၅**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိစေပြီး မိသားစုဘဝဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးရွှေဘိုခရိုင် ဝက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းပညာ ဂျုံရိုးခမောက်ရက်လုပ်နည်း၊ ဂျုံခမောက်ချုပ်နည်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ဟန်လင်းပျူမြို့ဟောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ သင်တန်းကို ရက် ၂၀ ကြာ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၃၅ ဦး တက်ရောက်ကြကာ ဂျုံရိုးခမောက်ရက်လုပ်နည်း၊ ဂျုံခမောက်ချုပ်နည်းများကို နည်းပြဆရာမနှစ်ဦးက သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဟန်လင်းကို ကမ္ဘာ့အမွေအနှစ်သမိုင်းဝင်ပြီးတာနဲ့အညီ ကျေးရွာပြည်သူများရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် လာရောက် လေ့လာကြတဲ့ ခရီးသွားဧည့်သည်များအတွက် ဒေသရိုးရာအမှတ်တရပစ္စည်းများ ရောင်းချပေးနိုင်အောင် အခုလို ဂျုံရိုးခမောက်ရက်လုပ်နည်း၊ ဂျုံခမောက်ချုပ်နည်းသင်တန်းကို ကျေးရွာမှာ လာရောက်ဖွင့်လှစ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ဟန်လင်းကျေးရွာမှ ဦးတိုးမြင့်က ပြောသည်။ **မြို့နယ်(ပြန်/ဆက်)**

## လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူတိုက်နယ်ဆေးရုံ တိုးချဲ့ဆောင်သစ်ဖွင့်

**ဘားအံ စက်တင်ဘာ ၂၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူတိုက်နယ်ဆေးရုံ တိုးချဲ့ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

မြိုင်ကြီးငူ တိုက်နယ်ဆေးရုံသည် ယခင်က ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသာ ဖြစ်သော်လည်း တစ်နှစ်လျှင် အတွင်းလူနာ ၂၉၂၆ ဦးမှ ၃၀၀၀ ခန့်၊ ပြင်ပလူနာ ၄၀၀၀ ကျော်၊ မီးဖွားကိုယ်ဝန်ဆောင် ၃၀၀ ကျော်၊ ခွဲစိတ်လူနာ ၃၈၉ ဦးခန့် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဒေသခံပြည်သူလူထုများ ယုံကြည်အားကိုးရာ ဆေးရုံတစ်ရုံဖြစ်သည်။

ထို့ကြောင့် ကရင်ပြည်နယ် အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် သိန်းပေါင်း ၂၅၀၀ ကျော် အကုန်အကျခံပြီး အမျိုးသားလူနာဆောင်တစ်ဆောင်၊ အမျိုးသမီးလူနာဆောင် တစ်ဆောင်၊ ခွဲစိတ်ခန်းကြီးတစ်ခု၊ ဆေးသိုလှောင်ရုံတစ်ခု၊ ဆရာ၊ ဆရာမများ ဝန်ထမ်းနေအိမ်လေးခန်းတွဲ တစ်လုံး၊ ဆရာဝန်နေအိမ်နှစ်ခန်းတွဲ တစ်လုံး၊ ရေ၊ မီး အစရှိသည့် ဆေးရုံအနေဖြင့်လိုအပ်သည့်အပိုင်းများကို K.S.D ကုမ္ပဏီမှဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

၁၆ ခုတင် မှ ၂၅ ခုတင်ဆံ့ဆေးရုံသို့ အဆင့်တိုးမြှင့်ပေးခဲ့ပြီး မြိုင်ကြီးငူတိုက်နယ်ဆေးရုံသည် ကျေးရွာပေါင်း ၈၀ မှ ၁၂၀ ခန့်ရှိ ပြည်သူလူထုတို့အတွက် လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးစနစ်ကို ဖော်ဆောင်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုက်နယ်ဆေးရုံတိုးချဲ့ဆောင်သစ်ကို လူမှုရေးဝန်ကြီး ဦးချစ်လှိုင်၊ နယ်ခြားစောင့်တပ် ကွပ်ကဲရေးဥက္ကဋ္ဌ ဖထီးဦးထွန်းလှိုင်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်းထွန်းနှင့် မြို့မိမြို့ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခေတ္တပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲ အခမ်းအနားတွင် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက် K.S.D မှ မြိုင်ကြီးငူတိုက်နယ်ဆေးရုံအတွက် AMBULANCE လူနာတင်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းခဲ့သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**စက်မှုဝန်ကြီးဌာန**
**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
**၁/ပူးတွဲသုံးပစ္စည်း/၂၀၁၅-၂၀၁၆**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အထည်စက်ရုံများတွင် မူလတန်းကျောင်းဝတ်စုံများ ချုပ်လုပ်ရန်အတွက် အသုံးပြုရန် ပူးတွဲသုံးပစ္စည်းတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၉-၂၀၁၅ရက်(တနင်္လာနေ့)
၃။ တင်ဒါပုံစံရောင်းချမည့်နေရာ
(က) နေပြည်တော် - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(စီမံရေးဌာန)၊ ရုံးအမှတ်-၃၇
(ခ) ရန်ကုန် - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ရုံးခွဲ)၊အမှတ်(၁)၊ သုခဝတီလမ်း၊ (၆) ရပ်ကွက်၊ ရန်ကင်းမြို့နယ်
၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် -၁၂-၁၀-၂၀၁၅ရက်(တနင်္လာနေ့)
အချိန်နှင့်နေရာ - ၁၆း၀၀နာရီ၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်
၅။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။
(က) အထွေထွေမန်နေဂျာ(စီမံရေး)၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော်
ဖုန်းနံပါတ် -၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆
(ခ) လုပ်ငန်းရုံးခွဲ(ရန်ကုန်)
ဖုန်းနံပါတ်-၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆

**မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်**
**Forest Law Enforcement Governance and Trade (FLEGT-VPA)**
**အလုပ်ရုံဆွေးနွေးပွဲ ဖိတ်ကြားစာ**

၁။ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်သည် တရားဝင်သစ်တောထွက်ပစ္စည်းရောင်းဝယ်ဖောက်ကားခြင်းနှင့် ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် Forest Law Enforcement Governance and Trade (FLEGT-VPA )လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးတွင် ပုဂ္ဂလိက ကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည် –
(က) ကျင်းပမည့်နေ့ရက် – ၂၉ – ၉ –၂၀၁၅ (အင်္ဂါနေ့)
(ခ) ကျင်းပမည့်အချိန် – မွန်းလွဲ ( ၂ း ၀၀ ) နာရီ မှ ညနေ (၅ း ၀၀ ) အထိ
(ဂ) ကျင်းပမည့်နေရာ – International Business Center (IBC) ၆ မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
၂။ စိတ်ပါဝင်စားသည့် ပုဂ္ဂလိက ကဏ္ဍမှ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်သို့ ၂၇–၉–၂၀၁၅ ရက်နေ့ မွန်းတည့် (၁၂)နာရီ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်**
အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ UMFCCI Tower (7 Flr), လမ်းမတော်မြို့နယ်၊ ဖုန်း– ၂၁၄၈၃၈၊ ၂၁၄၈၃၉၊ ၂၁၄၈၄၀

**GRACE EDUCATION Learning Center**
No. 92, 51 St., Middle Blk, Yangon
TOEFL ( PBT ) NOV 14 ဖြေဆိုမည့်သူများအတွက် (TEST) ပုံစံဖြင့်
TOEFL Exam Oriented Class - တစ်ပတ် (၄)ရက်–၁၀လ - 1:00-4:00 PM
၁၀လ - SAT+SUN - 2:00 - 5:00PM
TOEFL PBT - 9 JAN EXAM ဖြေမည့်သူများအတွက်
TOEFL PREPARATION CLASS - MON-TUE-TUR ( 1:00-3:00 ) PM
SAT + SUN ( 12:00-3:00 ) PM
IELTS Foundation Class - MON-THUR ( 9:00 -12:00 AM )
Preparation Class - MON-WED-FRI ( 5:00-7:00 PM )
SAT English - MON-TUE-THUR ( 3:30-5:00 PM )
College Writing - WED-FRI ( 3:30- 5:00 PM )
Essay, Term Paper
Assignment, Reference
(We link with 250+ Universities all over the World )Pls. call:
0925 880 5582
0979 18 22 665
09 51 40 80 2

**Human Resources Management Course**

- Definition Of Human Resources Management
- How To Acquire & Prepare Human Resources
- How To Select & Recruit Employees
- How To Train & Develop Employees
- How To Compensate & Provide Employees Benefit
- How To Create & Maintain Organizational Performance

Enroll Now!

Starting Date - 11.10.2015
Time Table- Sunday Only ( 9:30 am ~ 12:00 pm )

VAC
VALUE ADDED CONSULTANCY
No. 118, 6th Floor, 23rd Street, Latha Township, Yangon
Ph: 01-395912 ,01-395939 , 09-5102094,09-73022727



# တပ်မတော်မှပြန်လည်စွန့်လွှတ်မြေများကို သက်ဆိုင်ရာတောင်သူများထံ ပေးအပ်

**ဂန့်ဂေါ စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီးဂန့်ဂေါမြို့ မြို့နယ်အထွေအထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၂၃ ရက်နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းမြင့်မောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်တို့ ဦးဆောင်၍ တပ်မတော်မှ ပြန်လည်စွန့်လွှတ်သောမြေများအား သက်ဆိုင်ရာ တောင်သူများထံ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇) ဒုတိယအကြိမ် ပေးအပ်ပွဲအခမ်းအနားကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းမြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဦးပိုင်ပေါင်း ၂၀၄ ခု၊ ဧရိယာ ၅၁၀ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) များအား သက်ဆိုင်ရာတောင်သူ ၇၃ ဦးတို့ထံသို့ အသီးသီးပြန်လည်အပ်နှံပေးအပ်ခဲ့သည်။

ထိုအခမ်းအနားသို့ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ ကျေးရွာ၊ လယ်စီအဖွဲ့များ ၊ တောင်သူများ စုစုပေါင်းအင်အား ၁၀၀ ကျော် တက်ရောက်ခဲ့သည်။ **ကျော်ဇေယျ**

# ချောင်းရေလျှံ၍ ရေလွှမ်းမှုမှကာကွယ်ရန် တိုင်းတာမှုများပြုလုပ်

**ကျွန်းလှ စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပျဉ်းမမြိုင်ရပ်ကွက်၊ သစ်ရာမြိုင်ရပ်ကွက်တို့အား ချောင်းရေလျှံပြီး ကမ်းပါးပြိုတိုက်စား၊ ရေလွှမ်းမှုမှ ကာကွယ်ရန်နှင့်ရေစီးနှုန်းသက်သာစေရန်အတွက် စက်တင်ဘာ ၂၃ရက် မွန်းလွဲ ၂ နာရီက တောင်ချောင်းကြီးတွင် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမြင့်သည် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် ရဲတပ်မှူး ရဲမှူးမောင်မောင်ခန့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုကော်မတီများ၊ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းတိုင်းတာပြီး (အလျား ၁၀၀၀ ပေ × အကျယ် ၁၂ ပေ × အမြင့် ၁၂ ပေ) မျှောကရစ်တန်းထိုး ကျောက်ဖြည့်ခြင်း လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်သည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ကျေးရွာပြည်သူများလက်ဝယ်အရောက် မြေငှားဂရန်များပေးအပ်

**လားရှိုး စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် ပန်လော့ကျေးရွာအုပ်စု ခုတ်နမ့်ကျေးရွာ၏ ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ ရက်က ခုတ်နမ့်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ထို့နောက် ကျေးရွာမြေငှားဂရန် ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်မိုး၊ မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်နှင့် အဖွဲ့ဝင်များက အိမ်ထောင်စု ၄၇ စုအတွက် မြေငှားဂရန်များကို ကျေးရွာနေပြည်သူများလက်ဝယ်သို့ ထုတ်ပေးခဲ့သည်။ **ဟန်ဌေး(လားရှိုး)**

# အင်းတော်–ဗန်းမောက်ကားလမ်းပိုင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**အင်းတော် စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် စက်တင်ဘာ ၂၃ ရက်က အင်းတော်-ဗန်းမောက် ကားလမ်းပိုင်း ဆက်သွယ်သွားလာရေး လွယ်ကူ အဆင်ပြေနိုင်စေရန်အတွက် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"ကျွန်တော်တို့ အခုဆောင်ရွက်နေတဲ့ အင်းတော်-ဗန်းမောက် ကားလမ်းမကြီးကို ရာသီမရွေးဆက်သွယ်သွားလာရေး အဆင်ပြေချောမွေ့စေနိုင်ရန်အတွက် အင်းတော်မြို့နယ် ဆောက်လုပ်ရေး AE-ဦးဆန်းလင်းနှင့်အဖွဲ့ လုပ်သားအင်အား ၃၀ က နန့်သာရွာနဲ့ မော်တိတ်ရွာကြား အကျယ် ၁၂ ပေ အရှည်တစ်မိုင်ခွဲရှိတဲ့ လမ်းပိုင်းကိုကတ္တရာထပ်ပိုးလွှာခင်းနေတာပါ။

ဒေသခံအမျိုးသမီး လုပ်သားတစ်ဦးကို တစ်ရက်ကို ကျပ် ၃၀၀၀၊ အမျိုးသားတစ်ဦးကို တစ်ရက် ကျပ် ၄၀၀၀ နှုန်းပေးရပါတယ်။ ဒေသခံတွေလည်း အလုပ်အကိုင်ရတာရယ် သူတို့အတွက်လည်း မိသားစုအပိုဝင်ငွေလည်းရပါတယ်။ နောက် တစ်မိုင်ကိုလည်း တစ်ခါတည်း ခင်းသွားမှာ" ဟုအလုပ်သမားခေါင်းဆောင် ဦးခင်မောင်ဝင်းကပြောသည်။ **ဝ၅၈**

## နှစ်(၂၀)ပြည့် မင်္ဂလာဆုတောင်းလွှာ

ဦးကျော်လှိုင်(President and Research Director)နှင့် ဇနီး ဒေါ်သဇင်တင်ဝင်း(Director)တို့၏ စက်တင်ဘာလ ၂၆ ရက် (MSR နှစ်ပတ်လည်နေ့)တွင် ကျရောက်သည့် နှစ်(၂၀)မြောက်မင်္ဂလာရက်မြတ်မှသည် ချစ်သား၊ ချစ်သမီးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သည့်ဘဝကို နောင်နှစ်ပေါင်းများစွာတိုင် ပိုင်ဆိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**Myanmar Survey Research (MSR)ဝန်ထမ်းများ**




## ဝန်ထမ်းအလိုရှိသည်

DTP စာစီစာရိုက်ကျွမ်းကျင်
ကျား/မ(၁)ဦး
Ph:09-973585486

## ပျောက်ဆုံးကြောင်း

မြကိုးသွယ်ကုမ္ပဏီလီမိတက်၏ သွင်းကုန်ထုတ်ကုန်လိုင်စင်မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၂၈၇၈၇၆၅**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့၊ အထက(၁) ဒသမတန်း(င)မှ မစိုးအိဝေ၏ ဖခင်အမည်မှန်မှာ ဦးမျိုးနိုင်ဦး[၅/မမန(နိုင်)၀၆၄၇၆၈]ဖြစ်ပါကြောင်း။

**ဦးမျိုးနိုင်ဦး**

## တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မိုးရွှေအထက်တန်းရှေ့နေ ဒေါ်ကေရီနှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၀)၊ အင်းဝလမ်း၊ အမှတ်(၆၄၇)ဟုခေါ်တွင်သော ပေ(၄၀×၆၀)ရှိ ဒေါ်လှအေးအမည်ပေါက် ပါမစ်မြေအား ဦးမျိုးမင်းသိန်းသည် ဦးနိုင်လင်းထံမှ ဝယ်ယူခဲ့ရာတွင် ၎င်းကိုယ်တိုင် မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်းများအား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနတွင်စစ်ဆေးပြီး ပိုင်ဆိုင်မှုစာရွက်စာတမ်းများမှာ မှန်ကန်ပါသဖြင့် ဦးမျိုးမင်းသိန်းမှ ၎င်း၏သဘောဆန္ဒဖြင့်ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။

သို့သော်လည်းလူကြီးမင်းတို့၏ ၂၀-၉-၂၀၁၅ရက်ထုတ်သတင်းစာကြော်ငြာ စာမျက်နှာ-(၁)တွင် အများသိစေရန်ကြော်ငြာခြင်းခေါင်းစဉ်ဖြင့်ကြော်ငြာချက်တွင် "ကျွန်ုပ်၏မိတ်ဆွေက ၎င်း၏ပြောစကားနှင့် စာရွက်စာတမ်းများကိုယုံကြည်သဖြင့်" ဟု ဖော်ပြချက်မှာ ကျွန်ုပ်၏ မိတ်ဆွေအား ထိခိုက်စေပါသဖြင့် အဆိုပါဖော်ပြချက်အား ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် အဆိုပါမြေကွက်အား ဦးမျိုးမင်းသိန်း၏ လွတ်လပ်သောသဘောဆန္ဒဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်မောင်အေး LL.B,WIPO (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၂၄၂၉၅)**
**အမှတ်(၅၀)၊ ပထမ-ထပ်၊ E-၁၄၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၇၄၃၄၆**

Royal Material Co.,Ltd.
နိုင်ငံတကာ အရည်အသွေးမီ
အိမ်တွင်းအလှဆင်ပစ္စည်းများ အရောင်းပြခန်းနှင့်
အိမ်တွင်းအလှဆင်လုပ်ငန်း



Royal Space Wall & Handrail




အမှတ် (၃၈၉)၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး (ဝါလမ်းအနီး)၊အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 01 215 080, 01 508 132, 09 731 260 52, 09 5102423

**ပြည်တွင်းရေးရာ**

## ကျေးလက်နေပြည်သူများ သောက်သုံးရေ ရရှိရေး လုပ်ငန်းများအား စစ်ဆေး

**မြိတ် စက်တင်ဘာ ၂၅**

ကျေးလက်နေပြည်သူများ လူနေမှုဘဝ မြှင့်တင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းစဉ်များအနက် ကျေးလက်နေ ပြည်သူများ သောက်သုံးရေရရှိရေး အတွက် ဘဏ္ဍာရေးနှစ်အလိုက် ကျေးရွာများတွင် ကျေးလက်ရေရရှိရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျေးလက်ရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် အောင်တံခွန်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သော ပင်းအိုကျေးရွာအုပ်စု ပင်းအိုကျေးရွာ လက်တူးတွင်း တူးဖော်ဆောင်ရွက်ပြီးစီးမှု၊ ပင်းအို-ငါးအင်းစိမ့်စမ်းရေသွယ်တန်းခြင်း ဆောင်ရွက်ပြီးစီးမှုအပေါ် ပြည်သူများ အသုံးပြုမှုအဆင်ပြေ ချောမွေ့မှုရှိရေးအတွက် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်ထွန်းနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက ကြည့်ရှုစစ်ဆေးခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေရရှိရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်း ၁၇ ခု၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်း ၁၄ ခု စုစုပေါင်း ၃၁ ခုကို ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ကျန်ရှိသော ကျေးရွာများတွင် လည်း ဦးစားပေးအလိုက် ကျေးလက်ရေရရှိရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ **နိုင်ထူး(မြန်/ဆက်)**

## မြစ်သားမြို့၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း တင်းကျပ်စွာဆောင်ရွက်

**မြစ်သား စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ဘူတာရပ်ကွက် မြစ်သား-မြင်းခြံ လမ်းမကြီး အပေါ် စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်ရေး လုပ်ငန်းကော်မတီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်မညီညွတ်သော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တို့ကို တင်းကျပ်စွာ ဖမ်းဆီးအရေးယူလျက်ရှိကြောင်း သိရသည်။

ထိုသို့ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့် မညီညွတ်၍ ဖမ်းဆီးအရေးယူသော မော်တော်ယာဉ်၊မော်တော်ဆိုင်ကယ်များကို စည်ပင် အက်ဥပဒေပုဒ်မ ၉၁ အရ ဖမ်းဆီးအရေးယူပြီး မြို့နယ်တရားရုံးသို့ တရားစွဲဆိုလျက်ရှိသည်။

"ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် မရှိလည်း ဖမ်းဆီးအရေးယူတယ်။ ဦးထုပ်မဆောင်းတာ၊ သုံးယောက်စီးတာလည်း ဖမ်းဆီးအရေးယူပါတယ်။ ကျွန်တော်တို့က ဒီလို တင်းတင်းကျပ်ကျပ် ဆောင်ရွက်တော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာတဲ့သူတွေ များလာတယ်။

"နောက် ယာဉ်၊ဆိုင်ကယ်တွေမှာတုတ်၊ ဓား၊ လက်နက်တွေပါ စစ်ဆေးပေးတော့ ရာဇဝတ်မှုတွေဖြစ်ပေါ်လာမှုအတွက် ပိုနည်းသွားဖို့ အတွက်ပါ"ဟု တာဝန်ရှိသူရဲအရာရှိတစ်ဦးက ပြောသည်။ **ရဲဝင်းထွန်း(မြစ်သား)**



## ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာသန့်ရှင်းမှု စီမံကိန်း ကနီမြို့နယ်၌ ညှိနှိုင်းဆွေးနွေး

**ကနီ စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ကျေးရွာအခြေပြု ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ်ပြည်သူ့ဆေးရုံ သံဃာဆောင်တွင် စက်တင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ Save The Children မှ စီနီယာဒါရိုက်တာ ဦးကျော်ရွှေက ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာ လုပ်ငန်းများ ကနီမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆောင်ရွက်ထားမှုနှင့် ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းတိုး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအုန်းဝင်းနှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆိုင်တို့မှ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာသန့်ရှင်းမှု (WASH) ၏ ကျေးရွာများတွင် ရေပေးဝေရေးနှင့် ကျန်းမာခြင်းဆိုင်ရာ သန့်ရှင်းသော ရေလောင်းယင်လုံအိမ်သာများ ဆောင်ရွက်မှုများကို အကြံပြုဆွေးနွေးတင်ပြခဲ့သည်။

အဆိုပါ ဆွေးနွေးအကြံပြုချက်များအပေါ် WASH မှ Program Manager Mr.Geoffrey Wetende Weyinda နှင့် Regional Portfolio Manager Mr.Bharath Prabandam Mohan တို့က ပြန်လည်ရှင်းလင်းပြီး ဖြည့်ဆည်းဆောင်ရွက်နိုင်မည့် အစီအမံများကို ထပ်မံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာလုပ်ငန်းများကို ဩစတြေးလျနိုင်ငံမှ ပံ့ပိုးကူညီမှုဖြင့် ကနီမြို့နယ်အတွင်း၌ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ကျေးရွာပေါင်း ၄၀ တွင် ဆောင်ရွက်မည်ဖြစ်ပြီး အိမ်ထောင်စု ၅၀၄၉ စုနှင့် လူဦးရေ ၂၆၉၆၃ ဦးတို့အား တိုက်ရိုက်အကျိုး သက်ရောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**


iDEa DIGITAL PRESS (PRINTING) ရုံး Availiable Now!
Name Card, Pamphlet, Menu Book, Show Preview, Company Profile, Map Availiable With A3-A4 Wood Free, Art Paper, Art Card
လက်ကမ်းစာစောင်များ၊ ပြပွဲလမ်းညွှန်များ၊ မြေပုံများ၊ Menu စာအုပ်များပြုလုပ်ခြင်း၊ Company Profile ၊ မှတ်တမ်းစာအုပ်များ၊ Name Card များ၊ စားပွဲတင် Calendar များ စသည်တို့ကို A3-A4 Wood Free/ Art Paper/ Art Cardတို့ဖြင့် မိတ်ဆွေတို့စိတ်တိုင်းကျ အမြန်ဆုံး ဝန်ဆောင်မှု (ခုရိုက်ခုယူစနစ်) ဖြင့် ဆောင်ရွက်ပေးနေပါပြီ . . .
Print & Cut
Also available Trophy, Award, Gift, Key Chain and so on . . .
IDEA digital proudly introduce to you with First HP Latex Ink Technology (high-end printing service in Myanmar)
CNC Laser Cutting for acrylic is available
ကော်ပြား လေဆာဖြင့် ဖြတ်သည်
ရွေးကောက်ပွဲအတွက် Vinly အမြန်ထုတ်သည်
အမှတ် (၂၂၀/၂၂၂)၊ ဗိုလ်တထောင်ဘုရားလမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ Tel : 01 - 90 100 50 ~ 54. Ext 101 ~ 110
HOT LINE 09 515 0003,09 550 2615


### ဆောက်လုပ်ရေးဝန်ကြီးဌာန
### တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)
### (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ် JICA(ODA) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မူးမြစ်ကူး(သမရိုး)တံတား တည်ဆောက်ခြင်းလုပ်ငန်း တင်ဒါအမှတ်စဉ်(၂၃-၂၇/၂၀၁၅) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် JICA(ODA) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မုံရွာ-အရာတော်-ရွှေဘိုလမ်းပေါ်ရှိ မူးမြစ်ကူး(သမရိုး) တံတားတည်ဆောက်ခြင်းလုပ်ငန်း၊ တင်ဒါအမှတ်စဉ် (၂၃-၂၇/၂၀၁၅)၊ တံတားအပေါ်ထည်လုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သည့် ဘိလပ်မြေ (ထိုင်းဆင်)၊ သံချောင်းလုံး(ရွယ်စုံ) (နိုင်ငံခြား)၊ $\frac{၁''}{၄}\times\frac{၃''}{၄}$ ခွဲကျောက်၊ မြစ် /ချောင်းသဲ၊ ၆"×၉" ကျောက်ကြီး၊ သစ်အခြားသား (ရွယ်စုံ)၊ ဒီဇယ်ဆီ၊ Ready-Mix Concrete for Overlay Slab with Elephant Brand Cement (30Mpa Cylinder) များအား တံတားလုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းနှင့် 25T-30T Mobile Crane ငှားရမ်းခြင်း(၄)လ ပြုလုပ်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် | - ၂၁-၉-၂၀၁၅ရက် ရုံးချိန်အတွင်း |
| တင်ဒါပိတ်မည့်ရက်/အချိန် | - ၁၅-၁၀-၂၀၁၅ရက် ၁၂း၀၀နာရီ |
| တင်ဒါဖွင့်မည့်ရက်/အချိန် | - ၁၅-၁၀-၂၀၁၅ရက် ၁၃း၀၀နာရီ |
| တင်ဒါဖွင့်မည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရွှေဘိုခရိုင် |

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၄)၊ ဒုတိယညွှန်ကြားရေးမှူးရုံး၊ မန္တလေးမြို့နှင့် လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရွှေဘိုခရိုင်တို့တွင် ၂၁-၉-၂၀၁၅ရက်မှစ၍ တင်ဒါအမှတ်စဉ်တစ်ခု၊ လျှောက်လွှာပုံစံ(၁)စောင်လျှင် ငွေကျပ် (၅၀၀၀ိ/-) (ကျပ်ငါးထောင်တိတိ) နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အာမခံစပေါ်ငွေ (Deposite) ကျပ်(၅၀၀၀၀ိ/-) (ကျပ်ငါးသိန်းတိတိ) (PO) ချက် ပေးသွင်းရမည်ဖြစ်ပြီး ဖုန်းနံပါတ် (၀၂-၃၉၁၁၇)သို့ အသေးစိတ်အချက်အလက်များကို စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**





Diabetasol®
Diabetes Nutrition Solution
ဆီးချို သွေးချို ရှိသူများ၏ အာဟာရအတွက်
အသင့်တော်ဆုံးရွေးချယ်မှု .. ဒိုင်ယာဘီတစော
Count
တွက်ချက် စားသုံးပါ
Classify
ရွေးချယ် စားသုံးပါ
Comply
လိုက်နာ စားသုံးပါ
Diabetasol START 3C Count Classify Comply CONTROL DIABETES
သွေးတွင်းရှိအချိုဓာတ်ပမာဏကို ထိန်းသိမ်းပေးနိုင်ခြင်း
ကိုလက်စထေရော လုံးဝ မပါဝင်ခြင်း
အမျှင်ဓါတ် ပါဝင်သောကြောင့် ဝမ်းမှန်စေခြင်း
ဓရိုမီယမ် အပါအဝင် ဗီတာမင်နှင့် သတ္တုဓါတ် (၁၇) မျိုးပါဝင်ခြင်း
ဆိုဒီယမ် (ဆား) ပါဝင်မှုနည်း၍ သွေးတိုးသမားနှင့် သင့်လျော်ခြင်း
ကယ်လဆီယမ်ဓါတ် ကြွယ်ဝခြင်း
ဗနီလာ၊ ချောကလက်၊ ကာပူချီနို အရသာ (၃) မျိုး ရွေးချယ်နိုင်ခြင်း
ဆီးချို သွေးချို ရှိသူများနှင့်
ကြိုတင်ကာကွယ်ချင်သူများအတွက် ...
ကယ်လိုရီ လုံးဝ (လုံးဝ) မပါဝင်သော
သကြားအစားထိုးအချို ...
Diabetasol Zero Calorie Sweetener
Diabetasol
Diabetasol
Diabetasol
Diabetasol
Zero Calorie Sweetener
Clinically Proven
KALBE Customer Care 01-2399800
Monday-Friday (9am-5pm)
KALBE


PRENAGEN
(ပရီနာဂင်)
သံဓာတ်ချို့တဲ့မှုကို လျော့ချပေးမည့် BioFe နှင့် Folic Acid ကြွယ်ဝစွာပါဝင်သော
ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်တို့အတွက်
ပြီးပြည့်စုံသောအာဟာရ
Prenagen Mommy emesis သည် ကိုယ်ဝန်ဆောင်မိခင်များအတွက် ပြည့်စုံမှုရှိသော အာဟာရများဖြစ်သည့် ကြွယ်ဝစွာပါဝင်သော Folic Acid, ထူးခြားသောသံဓာတ် Biofe, ကြွယ်ဝသော Calcium, DHA, Choline, Vitamin B6 နှင့် Protein တို့ ပါဝင်ပါသည်။ ကိုယ်ဝန်ဆောင်ကာလ ပထမ(၃)လမှာ ဖြစ်တတ်သော ပျို့အန်ခြင်းဝေဒနာကို သက်သာစေနိုင်ကြောင်း ဆေးပညာအရ စမ်းသပ်အတည်ပြုပြီးဖြစ်ပါသည်။
နို့တိုက်မိခင်များအတွက် အာဟာရအပြည့်ပါသော Prenagen Lactamon လည်း ရရှိနိုင်ပါပြီ။
BioFe has higher absorption and bioavailability
4000
3000
2000
1000
0
3,5 Higher
BioFe
Ordinary Fe
ကောင်းမွန်သော အရသာ
တစ်နေ့ နှစ်ကြိမ်
သောက်သုံးပါ
PRENAGEN mommy emesis
Plain
PRENAGEN lactamom
Vanilla
KALBE
KALBE Customer Care 01-2399800
Monday-Friday (9am-5pm)
CLINICALLY PROVEN
ကိုယ်ဝန်ဆောင်စအချိန်တွင် ဖြစ်တတ်သော ပျို့ခြင်း အန်ခြင်းများ လျော့ကျနိုင်ကြောင်း ဆေးပညာအရ အတည်ပြုပြီးဖြစ်ပါသည်။
မိခင်တို့ရဲ့ ဘဝခရီးကို ထိန်းသိမ်းစောင့်ရှောက်ပေးမည့် PRENAGEN (ပရီနာဂင်)
PRENAGEN Mommy emesis သည် ဆေးဝါးကျွမ်းကျင်ပညာရှင်များ၏ အထူးထောက်ခံချက်ရရှိထားပါသည်။
KALBE


NEO
MIXAGRIP
ကိုယ်လက်မအီမသာဖြစ်ခြင်း
ကြွက်သားများနာကျင်ခြင်း
နှာချေခြင်း
နှာခေါင်းပိတ်ခြင်း
ချမ်းတုန်ခြင်း
ခေါင်းမူးခြင်း
ခေါင်းကိုက်ခြင်း
အအေးမိတုပ်ကွေး အတွက်ဆို
နီယို
မစ်ဆာဂရစ် နဲ့
NEO MIXAGRIP
Prevention and Treatment of Cold and Catarrh
COLD CAPLET MIXAGRIP
NEO MIXAGRIP
လျှင်မြန်ထိရောက်စွာ ပျောက်ကင်းစေပါသည်။
KALBE


NOW AVAILABLE IN MYANMAR
JAPAN QUALITY PRODUCT
NOW AVAILABLE IN MYANMAR
morinaga
(မောရီနာဂါး)
ဉာဏ်ရည်ဉာဏ်သွေးထိန်းသိမ်းစောင့်ရှောက်မှုနှင့် ကိုယ်ခံစွမ်းအားအတွက်
ဘက်စုံထူးချွန်ထက်မြက်သော
စွမ်းဆောင်ရည်များ ရရှိနိုင်စေရန်
ဉာဏ်ရည်ဉာဏ်သွေး ထိန်းသိမ်း
စောင့်ရှောက်ဖို့အတွက် မရှိမဖြစ်
လိုအပ်သော အာဟာရများ
ဖြစ်သည့် Choline, ALA,
LA, DHA, Iron & Inositol တို့
ပါဝင်ပေါင်းစပ်ထားပါသည်။
အကောင်းဆုံးရွေးချယ်မှု
morinaga
chil-school
4
3-12 years
ကိုယ်ခံစွမ်းအားအတွက် အစာခြေ
စနစ်ကို ကောင်းမွန်စေသော
Prebiotic (Lactulose) သည်
အစာအိမ်နှင့်အူလမ်းကြောင်းအတွင်း
ကောင်းသော ဘက်တီးရီးယားများကို
ပွားများစေပြီး ခုခံအားစနစ်ကို
ကောင်းစေသော Lactoferrin,
Vitamin A & Zinc တို့ ထူးခြားစွာ
ပေါင်းစပ် ဖွဲ့စည်းထားပါသည်။
BRAIN CARE
ဘက်စုံထူးချွန်ထက်မြက်သော မျိုးဆက်သစ်များအတွက်
BODY DEFENSE
KALBE
Customer Care
01-2399800
Monday-Friday (9am-5pm)
1
2
3
4
KALBE


myanmaridol
ကမ္ဘာ့အကျော်ကြားဆုံး AMERICAN IDOL သီချင်းဆိုပြိုင်ပွဲ
မြန်မာနိုင်ငံ ကိုပထမဆုံး ရောက်ရှိလာပါပြီ...
သင့်အနာဂတ် အိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်ခွင့်ရမယ့်
PANTENE
Myanmar Idol
သင်သာ Winner ဖြစ်ခဲ့လျှင်...
တေးစီးရီး Album နှင့်အတူ ကျပ်သိန်း ၂၀
မြို့ (၅) မြို့ မှာအသံစစ်ဆေးမှာဖြစ်လို့ သင်နဲ့အနီးဆုံးမြို့ကိုရွေးချယ်ပါ...
MANDALAY
Swan Hotel
(၂၆)လမ်း၊ ကျုံးတောင်ဘက်
မန္တလေးမြို့။
3-4 OCTOBER
TAUNGGYI
မြို့တော်ခန်းမ
သပြေလမ်း၊ သစ်တောရပ်ကွက်
တောင်ကြီးမြို့။
10-11 OCTOBER
MAWLAMYINE
ပြည်နယ်ခန်းမ
သာသနဗိမာန်လမ်း
မော်လမြိုင်မြို့။
17-18 OCTOBER
PATHEIN
Pathein Hotel
မဟာဗန္ဓုလလမ်းမကြီး
ကန်သုံးဆင့်အရှေ့၊ ပုသိမ်မြို့။
24-25 OCTOBER
YANGON
ရွှေတွင်ရှိတင်
၅၁ - B/ အရှေ့မြင်းပြိုင်ကွင်းလမ်း
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
31- OCT/ 1- NOVEMBER
ယခုပဲ လျှောက်လွှာများကို အခမဲ့ ထုတ်ယူပြီး သင့်အိပ်မက်တွေဆီကို ခြေလှမ်းစတင်လိုက်ပါ။
EXCLUSIVELY ON
mntv
CHANNEL 9
Title Sponsor
PANTENE
Platinum Sponsor
MPT
Gold Sponsor
NESCAFÉ
ပြိုင်ပွဲဝင် လျှောက်လွှာများကို အောက်ပါလိပ်စာများတွင် ထုတ်ယူနိုင်ပါသည်။
မန္တလေးရုံးခွဲ - အမှတ် (၉၀၀)၊ ၇၈ လမ်းနှင့် ၄၂ လမ်းထောင့် ခင်စောမူကွေ့၊ ချမ်းမြသာစည် (မြောက်)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ တောင်ကြီးရုံးခွဲ - အမှတ် (၂၇၀) သဇင်လမ်း၊ ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့။ မော်လမြိုင်ရုံးခွဲ -အမှတ် (၆၀/က)၊ ကျိုက္ကမီလမ်းမကြီး၊ ဈေးချိုရပ်၊ မော်လမြိုင်မြို့။ ပုသိမ် ရုံးခွဲ -အမှတ် (၉)၊ အောင်ဇေယျရပ်ကွက်၊ အမှတ် (၃)နယ်မြေ၊ မဟာဗန္ဓုလလမ်း၊ ပုသိမ်မြို့။ ရန်ကုန် ရုံးချုပ် - အမှတ် (၁၃၁/၁၃၃)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Myanmar Idol is a trademark of 19 Television Ltd and FremantleMedia Ltd

## ကြော်ငြာ

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ မွေးမြူရေးသုံးဆေးဝါး(၁၀)မျိုးနှင့် နွားစာ အစာနု(စပ်စာ)(၁)မျိုးတို့ကို ဝယ်ယူလိုပါ၍မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (က) | မွေးမြူရေးသုံးကုသဆေး | ၃ မျိုး |
| (ခ) | မွေးမြူရေးသုံးအားဆေး | ၂ မျိုး |
| (ဂ) | မွေးမြူရေးသုံးအနာဖျန်းဆေး | ၁ မျိုး |
| (ဃ) | မွေးမြူရေးသုံးအကိုက်အခဲပျောက်ဆေး | ၂ မျိုး |
| (င) | မွေးမြူရေးသုံးသန်ချဆေး | ၁ မျိုး |
| (စ) | မွေးမြူရေးသုံးလျှာပွတ်ဆေး | ၁ မျိုး |
| (ဆ) | နွားစာ အစာနု(စပ်စာ) | ၁ မျိုး |

၂။ ဈေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဖြည့်တင်းရေးနှင့် သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်-၀၆၇-၄၀၈၀၂၀၊ ၀၆၇-၄၀၈၁၇၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## မွန်ပြည်နယ်၊ လမ်းဦးစီးဌာန
## မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့
## (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်၊ လုပ်ငန်းများအနက်မှ အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက်ရန်တင်ဒါခေါ်ယူပါမည်။

| | | |
|---|---|---|
| ၁။ ရေး-မလွှဲတောင်အပိုင်း | မိုင်၁၁၀/၀-၁၁၅/၄ ထိ (Guard Rail)စိုက်ထူခြင်း | - ၄ မိုင် ၄ ဖာလုံ |
| ၂။ မုဒုံ-မြဝတီလမ်း | မိုင်၂၆/၀-၃၂/၅ ထိ (ကတ္တရာလမ်းသစ်ခင်းခြင်း) | - ၆ မိုင် ၅ ဖာလုံ |
| ၃။ မုဒုံ-မြဝတီလမ်း | မိုင်၂၂/၀-၃၂/၅အတွင်း (မြေသားတာပေါင်ချဲ့ခြင်း) | - ၁၀ မိုင် |

(က) တင်ဒါရယူနိုင်သည့်နေ့ရက် - ၂၂-၉-၂၀၁၅ ရက်(အင်္ဂါနေ့)
နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့။
(ခ) တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၁၄-၁၀-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)၊ နံနက် ၁၀း၀၀ နာရီ၊
(ဂ) တင်ဒါလျှောက်လွှာဖွင့်မည့် - ၁၄-၁၀-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)၊ နံနက် ၁၀း၀၀ နာရီ၊
နေ့ရက်/အချိန်/နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၅၇-၂၄၈၀၈**

## မွေးနေ့တရားစခန်းအောင်ပွဲ

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၅၁-ရပ်ကွက်၊ အောင်ချမ်းသာမဟာစည်ရိပ်သာစာသင်တိုက် နာယက ကမ္မဋ္ဌာနာစရိယ လမင်းဆရာတော်အရှင်ပဏ္ဍဝ၏ ၅၆ နှစ်ရောက် မွေးနေ့အထိမ်းအမှတ် တစ်လတရားစခန်းအောင်ပွဲ (၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်နေ့) ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်(တနင်္လာနေ့)တွင် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၁။ မွေးနေ့ပွဲကို နံနက် ၉ နာရီမှ စတင်၍ ပင့်သံဃာ(၃၅)ပါးတို့အား သင်္ကန်းစသော လှူဒါန်းဖွယ်ရာများလှူဒါန်းခြင်း

၂။ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုအအေး၊ ဓမ္မပူဇာ အလှူရှင်များအား မွေးနေ့ရှင် ဆရာတော်ကိုယ်တိုင် ရေစက်အနုမောဒနာဟောကြားခြင်း၊ နေ့လယ်စာဧည့်ခံကျွေးမွေးခြင်း။

၃။ မွန်းလွဲ ၂ နာရီတွင် တရားစခန်းအောင်ပွဲအဖြစ် အရှင်တေဇိန္ဒမဟာစည်နာယကဓမ္မဂုဏ်ရောင် ဆရာတော်က တရားဟောကြားချီးမြှင့်သွားမည်ဖြစ်ပါသည်။ တရားတော်နာ ကြွရောက်တော်မူရန်ကိုလည်း ဖိတ်မန္တက ပြုအပ်ပါသည်။

**ဝေယျာဝစ္စအဖွဲ့**
**အောင်ချမ်းသာမဟာစည်ရိပ်သာစာသင်တိုက်**

## သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) အိတ်ဖွင့်တင်ဒါ(Open Tender)များ ခေါ်ယူခြင်း

၁။ သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းမှ တာဝန်ယူတည်ဆောက်မည့် အလျား ပေ ၆၀၊ အနံပေ ၃၀ ရှိ School Cum Cyclone Shelter များအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
(က) ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ဘဝသစ်ကျေးရွာအုပ်စု၊ (၁)ဘဝသစ်ကျေးရွာ
(ခ) ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ဘဝသစ်ကျေးရွာအုပ်စု၊ အောင်ကုန်းကျေးရွာ

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် ။ ။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်(တနင်္လာနေ့) နေ့စဉ် မွန်းတည့် ၁၂း၀၀ နာရီမှ ညနေ ၃း၀၀ နာရီအတွင်း

၃။ တင်ဒါပိတ်မည့်ရက်/အချိန် ။ ။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်(သောကြာနေ့) ညနေ ၃နာရီ

၄။ တင်ဒါဖွင့်မည့်ရက် ။ ။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀ိ/(ငွေကျပ်တစ်ထောင်တိတိ)ဖြစ်ပါသည်။

**သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းရုံး**
**အခန်းအမှတ်(၇၀၇)၊ သတ္တမထပ်၊ MWEA Tower၊ ၂၈၈/၂၉၀၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ တယ်လီဖုန်း-၀၁-၂၄၃၈၂၇**

## ဖေဖေဦးတင်စိန်[ရွှေမြိုင် အ.ထ.က(၂)နှင့် အောင်သိပ္ပံကျောင်းသားဟောင်း] မေမေ ဒေါ်မြင့်မြင့်ခင်(ခ) Maise Hla Aung (ရွှေမြိုင်ကွန်ဗင်းနှင့် အောင်သိပ္ပံကျောင်းသူဟောင်း)တို့၏ (၇၅)နှစ်မြောက် "စိန်ရတု မင်္ဂလာဆုတောင်းလွှာ"

ဖေဖေဦးတင်စိန်၊ တရားလွှတ်တော်ရှေ့နေ[ဘွဲ့ရတပ်ကြပ်ကြီးအထူး(၁/၇၈)ရန်ကုန်၊ နေပြည်တော် ရဲစခန်းမှူး(ငြိမ်း)]နှင့် မေမေဒေါ်မြင့်မြင့်ခင်တို့၏ (၇၅)နှစ်မြောက်စိန်ရတုမှ နဝရတ်ရတုတိုင် လောကီလောကုတ္တရာ နှစ်ဖြာအကျိုးသယ်ပိုး၍ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သားသမီးမြေးမြစ်များ(မောင်ကျော်ဦး)-မကြည်ကြည်ညွှန့်၊ သား-ချစ်ဆွေ၊ သမီး-လဲ့လဲ့ထွေး၊ မောင်အောင်ကျော်-မစန္ဒာ၊ သား-စိုးဇေယျာပိုင်၊ ကျော်ဇင်ထွေး၊ ဟိန်းသူစိုး၊ အရာခံဗိုလ်အောင်မော်-မဝင်းဝင်းမြိုင်၊ သား-ဇော်ဝင်းအောင်၊ သမီး-ဝင်းဝင်းမော်-ပထမနှစ်(မြိတ်တက္ကသိုလ်) အဆရ(၉) မြိတ်မြို့၊ (မောင်ဇော်သွေးလင်း)-မမော်မော်သန်း(မေနှင်းခန့် အင်တာပရိုက်) သိမ်ကြီးဈေး(D)ရုံ(လသာ)၊ ဗိုလ်မှူးအောင်သော်(BA,HGP,MA, OTS-85)-မဝင်းဝင်းမူ(B.A) အထက(ခွဲ) ပြည်စံအောင်၊ သမီး-သိမ့်သက်မှူးအောင်-ပထမနှစ်(မိတ္ထီလာစီးပွားရေးတက္ကသိုလ်) သား-ဇေယျအောင်[သမက(၂)ခုတင်၃၀၀၊ နေပြည်တော်]၊ မောင်အောင်ဇော်ထွေး-မစန္ဒာဦး၊ သား-ဗိုလ်ကြီးစိုးထိုက်[တကစ(၁) မိတ္ထီလာ]၊ သား-ပြည့်စုံအောင်-တောတိုက် မင်္ဂလာဒုံမြို့နယ်။










ကြော်ငြာ

## ရွှေပြည်ဟိန်းမိုးကောင်းလမ်းရေလွှမ်းဒေသကွန်ကရစ်လမ်းခင်းအလှူပါဝင်လှူဒါန်းနိုင်

ရွှေပြည်ဟိန်းဆရာတော်၏ဇာတိနယ်မြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီဘုရားမြို့နယ်နှင့်ကျေးရွာပေါင်း (၃၀)ကျော်တို့ သွားလာမှုအဆင်ပြေစေရန်အတွက် ရေလွှမ်းဒေသအတွင်းပါဝင်သော ထန်းကုန်းကျေးရွာမြောက် (၂)မိုင်ခန့်အကွာ ရွှေပြည်ဟိန်း တံတားမှ မိုးကောင်းရွာအထိ (၂)မိုင်ခွဲအရှည်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆက်လက် ဆောင်ရွက်လျက်ရှိရာ ကျောက်တစ်ကျင်း (၃၀၀၀ကျပ်/-)၊ သဲကားတစ်စီး (၂၀၀၀ကျပ်/-)၊ ဘိလပ်မြေ (၁)အိတ် ၆၀၀၀ကျပ်/-၊ ဂဝံမြေ (၁)ကျင်း ၁၅၀၀ကျပ်/- ပါဝင်လှူဒါန်းကာ လမ်းတံတားအလှူရှင်အဖြစ် ခံယူနိုင်ကြပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

အောက်တိုဘာလ (၁၀၊ ၁၁)ရက်တွင် ၅၂-ကြိမ်မြောက် မျက်စိဝေဒနာရှင်ဦးရေ (၆၇၀၀)ပြည့် အလင်းဒါန ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀ကျပ်/-ကို အလင်းဒါနအလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ထည့်သွင်း၍ဖြစ်စေ၊လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း။ (ကျိုက္ကဆံစုပါဝမ်း၊ တာမွေလေး၊ သလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အစုဝင်စေတနာရှင်သီးသန့် (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

# သီရိကြယ်စင်

## ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

(သူငယ်တန်းမှတက္ကသိုလ်ဝင်တန်းအထိ)

- ကိုယ်ပိုင်လုံးချင်းတိုက်သစ်တွင် စိတ်အေးချမ်းသာစွာသင်ကြားနိုင်ခြင်း။
- ဝါရင့်ဆရာကြီး၊ ဆရာမကြီးများကိုယ်တိုင် ကျောင်းသားကျောင်းသူ(၅)ဦးလျှင် ဆရာမ(၁)ဦးနှုန်းဖြင့်အနီးကပ်ကြီးကြပ်တာဝန်ယူသင်ကြားပေးခြင်း။
- (၂၀၁၆-၂၀၁၇)ပညာသင်နှစ်အတွက် ကြိုတင်စာရင်းသွင်းအပ်နှံနိုင်ပါပြီ။

ပါမောက္ခကြီးများကိုယ်တိုင် သင်ကြားသော...

တက္ကသိုလ်ဝင်တန်း အနီးကပ်(၅)လပြတ် ဘော်ဒါနှင့်စာသင်ဝိုင်း

အောက်တိုဘာ လဆန်းစမည်။

ဘာသာစုံကျွမ်းကျင် Guide လုပ်နိုင်သူ အဆောင်မှူး(မ)အလိုရှိသည်။

အမှတ်(၆၆)၊ ၁၅၇ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ 09-73095664, 09-5053874

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော

## MECHINICAL CAR PARKING




TPW

No. (31), Room (5), 7 Miles, Pyay Road, Yangon

T: 09.259.81.36.36

: 09.259.81.37.37

: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

IMA

Institute of Accounting & Finance

CALL NOW ! Get Free Registration Fee

Tel. 01-526165

09 420011184

09 977177771

CFA Institute

Fees - 200,000Ks

Duration - 2 Months

Start Date - 3 Oct 2015

**Derivatives and Alternative Investments**

THE FUTURE OF FINANCE STARTS WITH YOU

မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းနှင့် နောင်ပေါ်ပေါက်လာမည့် စတော့ဈေးကွက်တို့တွင် ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင် တစ်ယောက်အဖြစ် ရပ်တည်နိုင်မည့် Chartered Financial Analyst (CFA) Qualification

DIPLOMA

Fees - 200,000Ks

Duration - 5 Months

Start Date - 11 Oct 2015

**Diploma in Human Resource Management**

- HR Management နှင့်ပတ်သက်ပြီး အခြေခံ သိလိုသူများအားလုံးနှင့် Management Level တွင် ရှိသူတိုင်းတက်ရောက်သင့်သည့် သင်တန်းဖြစ်သည်။
- HR Professional တစ်ဦးအနေဖြင့် သိထိုက်သည်များနှင့် ဥပဒေများကို သိရှိနားလည်စေရန်။
- မိမိတို့၏ Company တွင် စနစ်ကျပြီး ထိရောက်သော HR Policy နှင့် System များ ရေးဆွဲနိုင်ရန်။

15B, Dhama Zedi Road, San Chaung, Yangon.

Email : enquiry@myanmarinsider.com

# ဂန္ဓာ

မဂ္ဂဇင်း

မြန်ရှိရေး

အမှတ် ၁၈၂၊ မြေညီထပ်၊ ၃၃ လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့။ ☎ ၃၇ ၅၅ ၅၅

ထွက်ရှိနေပါပြီ။

# မြင့်မြတ်

အမှတ်တံဆိပ်

## အမွှေးပြေဆောက်ဆေး

ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဦးခေါင်းတစ်ခုလုံးအုံခဲလေးလံပြီး နာကျင်ကိုက်ခဲခြင်း၊ နားထင်ကြောများကိုက်ခဲခြင်း၊ အာရုံကြောများအားနည်းခြင်းများအတွက် သုံးစွဲနိုင်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR 011342 (0118)

ပင်ရင်း - စကြာမင်းဆေးတိုက်နှင့် ဆေးကုဌာန - ဖုန်း - ၀၉ ၇၃၂၁၁၀၈၁၊ ၀၉ ၇၃၁၉၇၅၂၄၊ ၀၉ ၇၃၀၄၅၁၀၉။

## T.V(ရန်ကုန်)

**အမျိုးသား/အမျိုးသမီး**

**ကားမောင်းစက်ပြင်သင်တန်း**

၁။ No.93/99၊ ဗညားဒလလမ်း (၄လမ်းမှတ်တိုင်နှင့် မဆလာစက်မှတ်တိုင်အနီး)

၂။ မဆလာစက်မှတ်တိုင်ရှေ့

၃။ မြောက်ဒဂုံယာဉ်မောင်းသင်ကွင်း။

Ph: 09-5041550, 09-73044311, 09-421150033, 09-420066955, 09-31551976

အမှန်တကယ်ကားမောင်းတတ်ကျွမ်းလိုလျှင် T.V(ရန်ကုန်)နှင့်သင်လိုက်ပါ။

မှတ်ပုံ ACADEMY တင်ပြီး

တစ်အိမ်တစ်လုံးမရှိမဖြစ်သုံး

# အကယ်ဒမီ

ခြင်ယင်ပိုးမွှားပိုးဟပ်ပြောင်စေရန်

ကြွက်ဖြူး၊ ပိုးသတ်ဆေးကိုသုံးပါ



အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်နှင့်စတိုးဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။

Tel : 95-1-374797, 384944, 385640, 385858, 242726

Email : academychemicalburma@gmail.com

# ဂုဏ်ယူဝမ်းမြောက်ခြင်း

**"CREATIVE ASEAN; JEWELLERY ASEAN DESIGN COMPETTION 2015"**

ပြိုင်ပွဲအတွက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် **ASEAN** ဆုရွေးချယ်ရေး အဖွဲ့မှ မြန်မာနိုင်ငံ ကိုယ်စားပြုအကောင်းဆုံး ကျောက်မျက်ဒီဇိုင်းလက်ရာအဖြစ် **OKKAR GEMS "ကိုဥက္ကာကျော် BSc(Geol), DGI (YGN), FGA (London), JD(GIA)"** ကို (10.9.2015) နေ့တွင် ထိုင်းနိုင်ငံ **BANGKOK GEMS & JEWELLRY FAIR** ၌ ဆုချီးမြှင့်ခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ဖေဖေ - ဒုတိယရဲမှူးကြီး ကျော်ဇေယျ **B.A (Law), LL.B**

မေမေ - ဒေါ်ချိုစမ်းဝင်း **LL.B (OKKAR GEMS)**

ညီမလေး - မမြဖူးရွှေစင် **B.A (EPP), DGI (YGN) (GM-OKKAR GEMS)**



## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦးဒါယကာကြီး**

ဦးစန်းကြွယ်(တပ်မတော်-ငြိမ်း)

**အသက်(၇၇)နှစ်**

**၂၆-၈-၂၀၁၅ မှ ၂၆-၉-၂၀၁၅ထိ (တစ်လပြည့်)**

၂၆-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားခဲ့သော အနန္တကျေးဇူးရှင် ဖခင်ကြီး ဦးစန်းကြွယ်၏ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးကြပါသော နာရေးကူညီမှုအသင်း(ရန်ကုန်)၊ စစ မျိုးဆက်သစ် ကျောင်းသားဟောင်းများ၊ ရပ်နီးရပ်ဝေးမှ ကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းအားပေးခဲ့သူများအားလည်းကောင်း၊ ရပ်ကွက်အတွင်းမှ မိတ်ဆွေသင်္ဂဟ ဆွေမျိုးများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့သူများ၊ ကွယ်လွန်ချိန်မှ ပို့ဆောင် ဂူသွင်းပြီးစီးသည်အထိ ကိုယ်ရောစိတ်ပါ ဝိုင်းဝန်းကူညီပေးကြပါသော မိတ်ဆွေများအားလုံးအားလည်းကောင်း၊ ရက်လည်ဆွမ်းသွတ် တရားနာအတွက် သင်္ကန်း ပရိက္ခရာနှင့် လှူဖွယ်ပစ္စည်းများ ပေးပို့လှူဒါန်းကြသူများနှင့် အားလုံးကို အထူးကျေးဇူးတင် ရှိပါသည်။

**ကျန်ရစ်သူဇနီး ဒေါ်ခင်သန့်နှင့် သားသမီး၊ မြေး မိသားစု**
**အမှတ်(၅၄၄)၊ ခေမာသီလမ်း၊ (ဃ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်**

## ဝမ်းနည်းကြေကွဲခြင်း

ပန်းချီဦးမင်းသိုက်

**အသက်(၆၀)**

ပန်းချီဦးမင်းသိုက်သည် ၂၂-၉-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

**OUR DEEPEST CONDOLENCES**
**TO OUR COLLEAGUE MYAT NOE WAI (MONICA)**
**(COUNTRY MANAGER-ALLIANZ)**

ALLIANZ (SINGAPORE)
ALLIANZ (FRANCE)
ALLIANZ (SWITZERLAND)
ALLIANZ (GERMANY)
ALLIANZ (ENGLAND)

## ဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်ဝင်း(ခ)**Sonny Ko Ko**

**အသက်(၇၃)နှစ်**

**ဒုတိယဝန်ကြီး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

Bonnie, Winnie, Angela, Rubyနှင့် Marie တို့၏ အစ်ကိုကြီး ဦးခင်မောင်ဝင်း(ခ)Sonny Ko Koသည် ၁၇-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(Kalaw) St.Agnes' Convent**
**ကျောင်းသူ၊ ကျောင်းသားဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

ဦးစံဦး(ဇီးဖြူပင်-ခရမ်း)

**အသက်(၈၉)နှစ်**

ဦးကျော်ခိုင်သိန်း-ဒေါ်ခင်စန်းယုတို့၏ ဖခင်သည် ၁၉-၉-၂၀၁၅ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

**B.O.Dအဖွဲ့ဝင်များ**
**Native Power Technology Co.,Ltd**

**WITH OUR DEEPEST SYMPATHY**
**TO MYAT NOE WAI (MONICA)**
**(COUNTRY MANAGER-ALLIANZ)**

CORPORATE MANAGEMENT AND CONSULTANTS
UNITED OVERSEAS INSURANCE (SINGAPORE)
MCLARENS YOUNG SURVEYORS (SINGAPORE)
MARSH BROKERS (HONG KONG)

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဘဒ္ဒန္တမဏ္ဍလ(မဟာဒွါရ)

**သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၈၂)နှစ်**

**သိမ်ကျောင်း၊ မဟာညောင်ကုန်းကျောင်းတိုက်၊ ပုဇွန်တောင်မြို့နယ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာညောင်ကုန်းကျောင်းတိုက်၊ သာသနာ့လင်္ကာရ သိမ်ကျောင်း၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တမဏ္ဍလ မဟာထေရ်သည် (၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ရက်) ၂၃-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ရက်) ၂၇-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၃း၀၀နာရီတွင် ရေဝေး သုသာန်၌ အန္တိမအဂ္ဂိဈာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (မဟာညောင်ကုန်း ကျောင်းတိုက်၊ သိမ်ကျောင်းမှ ကားများ မွန်းလွဲ ၂း၀၀နာရီတွင် ထွက်ပါမည်။)

**တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ**

## ဝမ်းနည်းကြေကွဲခြင်း

လူပိန်ချူး(ခ)ဦးမောင်စိန်

**အသက်(၉၀)**

PME Co.,Ltd ၏ Share Holderဦးစိုးလွင်၏ ကျေးဇူးရှင်ဖခင် လူပိန်ချူး(ခ) ဦးမောင်စိန်သည် ၂၃-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက်၀၀း၃၀နာရီတွင် ကွယ်လွန်သွား ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**Board Of Directors**
**Peace Myanmar Electric Co.,Ltd**
**(Mitsubishi Electric)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး**

လူပိန်ချူး(ခ)ဦးမောင်စိန်

အသက်(၉၀)

ဦးစိုးလွင်၊ ဦးစိုးအောင်၊ ဦးစိုးနိုင်(Director, GEG Co.,Ltd)၊ ဦးစိုးမင်း၊ ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ခင်ချိုဝင်းတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးလူပိန်ချူး (ခ)ဦးမောင်စိန် အသက်(၉၀)သည် ၂၃-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ရန်ကုန်၊ မန္တလေးဝန်ထမ်းများ**
**General Electric Group Co.,Ltd**
**(TCL Airconditioner)**




ကြေးမုံ

စက်တင်ဘာ ၂၆၊ ၂၀၁၅

Hot Line No-0930500100

# ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အခြေခံအကျဆုံးနှင့် အဓိကလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးဖြစ်

သတင်း စာမျက်နှာ » ၃

## မာတိကာ

အစွမ်းကုန် ကြိုးပမ်းအားထုတ် စာမျက်နှာ - ၂

နိုင်ငံတကာစံနှုန်းနှင့် ညီညွတ်သည့် အီလက်ထရွန်နစ် ငွေပေးချေစနစ် ဆောင်ရွက်ရန် SRT(1) ယာဉ်လိုင်းက စီစဉ်နေ စာမျက်နှာ - ၁၀

ခရီးပေါက်ချင် သပဆိုရင် စာမျက်နှာ - ၁၅

# ရောဝတီအသင်းနှင့် ဇလင်စီယာအသင်းတို့ လူငယ်ဖွံ့ဖြိုးရေးဆောင်ရွက်မည်

သတင်းနှင့်ဓာတ်ပုံ – ရှိုင်းထက်ဇော်

မြန်မာဘောလုံးလောကအတွက် သတင်းကောင်း၊ မြန်မာလူငယ်ကစားသမားများအတွက် အနာဂတ် အလင်းတန်းအဖြစ် MNL ကလပ် ရောဝတီအသင်းနှင့် စပိန်လာလီဂါကလပ် ဇလင်စီယာအသင်းတို့ လူငယ်ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်တော့မည်ဖြစ်သည်။

ဇလင်စီယာအသင်းသည် မြန်မာနိုင်ငံတွင် လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များဆောင်ရွက်ရန် ဆန္ဒရှိသောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ဆက်သွယ်ခဲ့ပြီး ဘောလုံးအကယ်ဒမီရှိနေသော ရောဝတီအသင်းနှင့် ဆက်လက်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ ရောဝတီအသင်းတာဝန်ရှိသူများနှင့် ဇလင်စီယာအသင်းတာဝန်ရှိသူများသည် စက်တင်ဘာ ဒုတိယပတ်က စင်ကာပူနိုင်ငံတွင် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး အကြိုသဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။ ဇလင်စီယာအသင်းတာဝန်ရှိသူများသည် အောက်တိုဘာလအတွင်း၌ မြန်မာနိုင်ငံသို့ လာရောက်ကာ ရောဝတီအသင်းတာဝန်ရှိသူများနှင့် နောက်ဆုံးအဆင့် လာရောက်တွေ့ဆုံမည်ဖြစ်ပြီး ပုသိမ်မြို့ရှိ ဘောလုံးအကယ်ဒမီကိုလည်း သွားရောက်လေ့လာမည်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၂ သို့ ○



ဘောလုံးသင်တန်း၌တွေ့ရသည့် မြန်မာလူငယ်ကစားသမားများ။

## ကမ္ဘာ့အကောင်းဆုံးကစားသမား နေမာ မန်ယူအသင်းကို ပြောင်းရွှေ့ဖို့ ဆွေးနွေးခဲ့တယ်ဆိုတာ ဖွင့်ဟ

ဘာစီလိုနာတိုက်စစ်မှူးနေမာကတော့ မန်ယူအသင်းရဲ့ ခေါ်ယူဖို့ကမ်းလှမ်းလာခဲ့မှုနဲ့ပတ်သက်ပြီး သူ့အနေနဲ့ မန်ယူအသင်းနဲ့ ဆွေးနွေးမှုတွေပြုလုပ်ခဲ့တယ်လို့ ဆိုလိုက်ပါတယ်။ ဒါပေမယ့် တိကျခိုင်မာတဲ့ ကမ်းလှမ်းမှုမျိုးတော့ မရှိခဲ့တဲ့အကြောင်း ဆက်လက်ပြောကြားခဲ့ပါတယ်။

တိုက်စစ်မှူးနေမာဟာ အပြောင်းအရွှေ့ရာသီပိတ်သိမ်းခဲ့တဲ့အချိန်အထိ ဘာစီလိုနာအသင်းအတွက် သွင်းဂိုး ၅၇ ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့အပေါ် မန်ယူအသင်းအနေနဲ့ နေမာကို ခေါ်ယူဖို့ စိတ်ဝင်စားခဲ့တာဖြစ်ပြီး မန်ယူအသင်းနဲ့ တိုက်စစ်မှူးနေမာတို့ တွေ့ဆုံဆွေးနွေးခဲ့တဲ့အထိ ဖြစ်ခဲ့တယ်လို့ဆိုခဲ့ပါတယ်။

မန်ယူအသင်းက တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ အက်ဒ်ဝုဒ်ဝ့ါဒ်ဟာလည်း ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့သွားခဲ့တဲ့ နေမာရဲ့အသင်းဖော် **စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ✻**

# ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့်ပန်ဒါနီ ( သို့မဟုတ် ) ကြောင်နီ



ဝါးရွက်စားနေသော မြန်မာပြည်မှ ပန်ဒါနီတစ်ကောင်အားတွေ့ရှိရစဉ်။

ဒေါက်တာမြင့်သိန်း (B.V.S)

သတ္တဝါများကိုဂင်းတို့၏ စားသောက်ပုံဓလေ့စရိုက်အလေ့အထပေါ်မူတည်၍ မြက်စားသတ္တဝါ၊ အသားစားသတ္တဝါ၊ အစုံစားသတ္တဝါဟူ၍ သုံးမျိုးသုံးစားခွဲခြားထားခဲ့ပါသည်။ ထိုအထဲတွင် အစားအစာမှာ သာမန်နို့တိုက်သတ္တဝါများနှင့် လုံးဝကွာခြားပြီး ထူးထူးခြားခြား ဝါးရွက်တစ်မျိုးတည်းကိုသာ အဓိကထား နှစ်နှစ်ခြိုက်ခြိုက်စားသုံးပြီး ယခုထက်တိုင်ကမ္ဘာပေါ်တွင် ဆက်လက်အသက်ရှင်သန် ကျန်ရှိနေသေးသော တိရစ္ဆာန်မျိုးစိတ်တစ်ခု မြန်မာနိုင်ငံတွင် ပေါက်ဖွားရှင်သန်နေဆဲရှိနေခဲ့ပါသည်။

ကမ္ဘာပေါ်တွင် လူသိများထင်ရှားကျော်ကြားပြီး မျိုးသုဉ်းလုနီးပါး ဖြစ်နေသည့် ပန်ဒါဖြူ(Giant Panda) သည်ပင်လျှင် ဝါးရွက်ကို ဝါးရွက်ချည်းသက်သက်သာစားသည်မဟုတ် ဝါးရိုးတံ၏ အတွင်းသားများကိုပါ စားသောက်လေ့ရှိသော်လည်း ယခုဖော်ပြမည့် တိရစ္ဆာန်ကား ဝါးရွက်ချည်းသက်သက်ကိုသာ ထူးထူးခြားခြားစားသောက်သည့် အလေ့အထရှိသော ပန်ဒါနီ (သို့မဟုတ်) ကြောင်နီ ( Red Panda – Ailurus fulgens) ဖြစ်ပါသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪**




themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ The Mirror
၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို
စက်တင်ဘာ ၂၆၊ ၂၀၁၅
စာမျက်နှာ-၁

# ဆန္ဒမဲတစ်မဲ၏ တန်ဖိုး

ခင်မောင်ထွန်း (ပြင်ဦးလွင်)

**ဒီမိုကရေစီထွန်းကားသည့်နိုင်ငံတိုင်းသည် အများနှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် နိုင်ငံသူနိုင်ငံသားအားလုံး၏ဆန္ဒအတိုင်းဖြစ်ရန် စီမံဆောင်ရွက်ရသည်။ ကိစ္စများမြောင်လှတို့ဘောင်တွင်လည်း လုပ်ငန်းကိစ္စအဝဝကို အများဆန္ဒဖြစ်စေရန်မဲပေး၍ အများနှစ်သက်သူကို ရွေးချယ်ကြရသည်ဖြစ်ရာ မြို့တော်စည်ပင်ကော်မတီရွေးကောက်ခြင်း၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ရွေးချယ်ခြင်း၊ ဘုရားဂေါပကရွေးချယ်ခြင်း၊ အသင်းအဖွဲ့များတွင် အမှုဆောင်များ ရွေးချယ်ခြင်းတို့ကို လက်တွေ့မဲပေးခဲ့ကြပြီဖြစ်သည်။**

လူတိုင်းလွတ်လပ်စွာ ရွေးချယ်၊ ပြောဆို၊ ရေးသားခွင့်ရှိသော်လည်း စည်းကမ်း၊ နည်းလမ်းများကိုတော့ လိုက်နာရန်လိုသည်။ လွတ်လပ်ချင်တိုင်း လွတ်လပ်၍တော့မရ။ အကန့်အသတ်တော့ရှိမှရမည်။ တာဝန်မသိတတ်သူများလက်ထဲသို့ ထည့်လိုက်ပါက ခပ်ညံ့ညံ့နိုင်ငံပင်ဖြစ်ပေမည်။

ဒီမိုကရေစီနိုင်ငံတွင် မှီတင်းနေထိုင်ကြသူများသည် အသိအလိမ္မာ၊ ဉာဏ်ပညာနှင့်ပြည့်စုံရန်လိုပေသည်။ ဒီမိုကရေစီသည် အများ၏သဘောအရ စီမံခန့်ခွဲရသောနည်းဖြစ်သောကြောင့် အသိဉာဏ်မရှိသူ၊ မိုက်မဲသူများက ဦးဆောင်နေပါလျှင် လုပ်သမျှအားလုံးအမှားများပင်ဖြစ်ပေလိမ့်မည်။

နိုင်ငံ၊ ရပ်ရွာ၊ အသင်းအဖွဲ့များနှင့်ပတ်သက်သည့် ရွေးကောက်ပွဲများတွင် မဲပေးကြရာတွင်လည်း ပေါ့ပေါ့တန်တန် အရမ်းကာရောမပေးဘဲ စဉ်းစားချင့်ချိန်ဝေဖန်ပိုင်းခြားပြီးမှ ပေးသင့်သည်။

မဲသည် ဒီမိုကရေစီ၏ အသက်။ မဲမပါဘဲ ဒီမိုကရေစီမဖြစ်နိုင်။ မဲပေးသူညံ့လျှင် အညံ့စားဒီမိုကရေစီဖြစ်ပြီး မဲပေးသူတော်လျှင် အထက်တန်းစားဒီမိုကရေစီဖြစ်ပါမည်။ ထို့ကြောင့် မဲပေးခွင့်ရသူတိုင်း မိမိပေးမည့် မဲ၏တန်ဖိုးကိုသိကာ မဲပေးသင့်သည်။

> **မဲသည် ဒီမိုကရေစီ၏ အသက်။ မဲမပါဘဲ ဒီမိုကရေစီမဖြစ်နိုင်။ မဲပေးသူညံ့လျှင် အညံ့စား ဒီမိုကရေစီဖြစ်ပြီး မဲပေးသူ တော်လျှင် အထက်တန်းစား ဒီမိုကရေစီဖြစ်ပါမည်။ ထို့ကြောင့် မဲပေးခွင့်ရသူတိုင်း မိမိပေးမည့် မဲ၏တန်ဖိုးကိုသိကာ မဲပေးသင့်သည်။**

မဲပေးမည့်သူအနေဖြင့် မိမိ၏ ကိုယ်ပိုင်ပစ္စည်း(တစ်နည်း) အနှစ်သက်ဆုံး၊ တန်ဖိုးအရှိဆုံးပစ္စည်းဟုခံယူသင့်သည်။ အခြားသူ တစ်ဦးတစ်ယောက်နှင့်မဆိုင် မိမိသဘောနှင့် မိမိအလိုရှိသလို အသုံးပြုနိုင်သည်။ မိမိပိုင်ပစ္စည်းဖြစ်သော်လည်း ထင်သလိုမသုံးသင့်။ အများအကျိုးအတွက်ဖြစ်သင့်သည်။ ထို့ကြောင့် ငွေဘယ်လောက်ပေးပေး မရောင်းရ။ အခွင့်အရေးတစ်ခုနှင့် လဲလှယ်ခြင်းမပြုရ။ သူတစ်ပါးကို မပေးရ။ သကဲ့သို့ ဖျောက်၍လည်းမရ။ မေ့လည်းမမေ့ရ။ အဖိုးတန်ဆုံး တစ်ဦးတည်းပိုင်ပစ္စည်းတစ်ခုအဖြစ် သဘောထားကာ ရိုသေလေးစားမြတ်နိုးတန်ဖိုးထားရမည်။ အများအကျိုးအတွက် တရားသဖြင့်အသုံးပြုရမည်။

မဲပေးသောအခါ ပုဂ္ဂလဓိဋ္ဌာန်ထက် ဓမ္မဓိဋ္ဌာန်ကျဖို့လိုသည်။

မဲသည်အဖေ၊ အမေနှင့်လည်းမဆိုင်၊ နိုင်ငံနှင့်သာဆိုင်သည်။ အများနှင့်သာဆိုင်သည်။ နိုင်ငံ့မျက်နှာ၊ အများမျက်နှာကို ထောက်ရမည်။ ချစ်၍လည်းကောင်း၊ မုန်း၍လည်းကောင်း၊ ကြောက်၍လည်းကောင်း၊ ပျင်း၍လည်းကောင်း တော်သလိုမပေးသင့်။ အများအကျိုးကြည့်ကာ အကောင်းဆုံးပုဂ္ဂိုလ်ကို ပေးဖြစ်အောင်ပေးသင့်သည်။

နှမ်းတစ်လုံးနှင့် ဆီမဖြစ်ဟုဆိုနိုင်သော်လည်း မှန်ကန်စွာမဲမပေးနိုင်ခဲ့ပါက မိမိရပ်/ရွာ၊ မြို့နယ်၊ နိုင်ငံအတွက် နစ်နာနိုင်သည်။ တစ်မဲဆို-ဆိုသလောက် အရေးပါဖို့လိုသည်။ အချို့သောရွေးကောက်ပွဲများတွင် တစ်မဲတည်းနှင့် ကပ်ရှုံးသည်များရှိခဲ့ဖူးသည်။ မိမိမဲတစ်မဲတည်းနှင့် နိုင်ငံ၏ကောင်းကျိုး၊ ဆိုးကျိုးကိုဖန်တီးနိုင်သည်ဟု ခံယူပါ။

မိမိရွေးချယ်ရမည့် ပုဂ္ဂိုလ်၏အကြောင်းအရာများကို သိရှိအောင်လေ့လာပါ။ ယင်းတို့၏ မူဝါဒ၊ သဘောထားများကို သဘောပေါက်ရန်လိုသည်။ ဟောပြောချက်များ၊ လက်ကမ်း/ပိုစတာများကို ဖတ်ရှုကာ ကောင်း/မကောင်း၊ မှန်/မမှန် ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်ပါ။ အများပြောတိုင်းမယုံမိဖို့နှင့် ဆွဲဆောင်မှုများကို သတိထားရန်လိုသည်။ မည်သူ၏မျက်နှာကိုမှ မထောက်ပါနှင့် နိုင်ငံ့မျက်နှာကိုထောက်ပါ။ သို့မှသာ ဒီမိုကရေစီသဘောသက်ရောက်ပါသည်။

တချို့ပုဂ္ဂိုလ်များက ကိုယ့်လူကိုယ် အားပေးရမယ်ဟု ခံယူကာ ပြီးပြီးရောလုပ်တတ်ကြသည်။ ယခု ရွေးကောက်ပွဲသည် ငွေကြေးအကုန်အကျများစွာ၊ အခက်အခဲပေါင်းများစွာ၊ သံသယပေါင်းများစွာ၊ စောင့်ကြည့်မှုပေါင်းများစွာဖြင့် အချိန်ရော၊ လူရော အသုံးပြုကျင်းပရသည့် ပွဲဖြစ်သည်။

ကိုယ့်သွေး၊ ကိုယ့်သား၊ ကိုယ့်ဆွေမျိုး၊ သူ့ဉာတိဟု မခွဲခြားဘဲ အကောင်းဆုံး၊ အတော်ဆုံးပုဂ္ဂိုလ်ကိုသာ မဲပေးသင့်ပေသည်။ ရွေးကောက်ပွဲကို သာမန်မျှသာ သဘောထားကြမည်ဆိုလျှင် ငါးပါးမှောက်မည်ကိုတော့ သတိရကြစေချင်သည်။ အမှန်သို့ မရောက်၊ အမှားသံသရာတွင် တဝဲလည်လည်နှင့် ဒုံရင်းဒုံရင်းနဲ့ အချိန်ကုန်ပါလိမ့်မည်။

ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လိုပါလျှင်၊ ဒီမိုကရေစီအမှန်တကယ်ထွန်းကားလိုပါလျှင် မဲ၏တန်ဖိုးကို သိပြီး လာမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် မိမိရပ်ရွာ၊ မိမိမြို့၊ မိမိနိုင်ငံအတွက်အမှန်တကယ် အကျိုးပြုမည့်သူကိုသာ မဲပေးကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

လူမှန်၊ နေရာမှန်၊ လူတော်၊ လူကောင်းများကို ရွေးချယ်ပေးနိုင်ကြပါစေ။

❑❑❑

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၁၄ ရက်မှစ၍တစ်နိုင်ငံလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကြေညာထားသည်။ မဲဆန္ဒရှင်ပြည်သူများ သွားရောက်ကြည့်ရှုပြီး အမည်မပါလျှင် ပုံစံ(၃)ဖြင့် ဖြည့်ပေးရန်၊ မပါသင့်သူပါနေလျှင် ပုံစံ(၄)ဖြင့် ပယ်ဖျက်ပေးရန်၊ အချက်အလက်မှားနေလျှင် ပုံစံ (၄-က)ဖြင့် ပြင်ဆင်ပေးရန်၊ သို့မှသာ မှန်ကန်သည့် မဲစာရင်းဖြစ်ပြီး မဲပေးနိုင်ကြမည်။ မဲပေးခွင့်မဆုံးရှုံးစေရန် မဲစာရင်းသွားကြည့်ပြီး ဖြည့်စွက်/ပြင်ဆင်/ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားကြရန်။

## မြို့နယ်အတွင်း မဲဆန္ဒရှင်စာရင်းကြေညာထားမှု ကွင်းဆင်းစစ်ဆေး

**သနပ်ပင် စက်တင်ဘာ ၂၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီးတာဝန်ခံ ဒေါက်တာဒေါ်မြင့်ကြည်သည် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမင်းမောင်နှင့်အတူ စက်တင်ဘာ ၂၃ ရက်က သနပ်ပင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဈေးပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မွေးနှင့်အဖွဲ့ဝင်များအားတွေ့ဆုံ၍ ရပ်ကွက်ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်စာရင်းများအား အများပြည်သူ လာရောက်ကြည့်ရှုမှု လွယ်ကူအောင်အချိန်ပြည့်ကြေညာထားရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက မဲဆန္ဒရှင်စာရင်းများ ပြည့်စုံစွာကြေညာထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



ထို့နောက် မြို့ပေါ်ရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ မဲဆန္ဒရှင်စာရင်း ကြေညာထားရှိမှုတို့ကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ရွေးကောက်ပွဲတွင် အသုံးပြုမည့်ပစ္စည်းများအား ပြန်လည်ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက အထွေထွေရွေးကောက်ပွဲတွင်အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများအား ဥတ္တရခရိုင်အတွင်းရှိ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်ရုံးများသို့ ပြန်လည်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **(ရွှေရဲရင့်)**



**ရွေးကောက်ပွဲကျင်းပရန် ၄၃ ရက်သာ လိုတော့သည်။**

# မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးကျော်စွာစိုးက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**လေးစားအပ်တဲ့ မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ခင်ဗျား -**

မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိကြတဲ့ ဆင်းရဲသားလယ်သမား၊ အလုပ်သမားများနှင့်တကွ တိုင်းသူပြည်သားအပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပဏာမ ဆုတောင်းမေတ္တာများ ပို့သလိုက်ပါတယ်။ ကျွန်တော်ကတော့ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးကျော်စွာစိုး ဖြစ်ပါတယ်။

မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီလို့ခေါ်တဲ့ ကျွန်တော်တို့ရဲ့ လယ်သမားပါတီဟာ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ ဖဆပလခေတ်၊ နဝတခေတ် စတဲ့ ခေတ်အဆက်ဆက်မှာ လုံးဝမပေါ်ပေါက်နိုင်ခဲ့ပါဘူး။ ယခုလို ဒီမိုကရေစီခေတ်ရောက်မှသာ လယ်သမားထုကြီးနဲ့ ဖွဲ့စည်းထားတဲ့ လယ်သမားပါတီကြီး ပေါ်ပေါက်လာတာဟာ အလွန်ပဲအံ့သြဝမ်းသာဖို့ကောင်းနေပါတယ်။

ဒီပါတီကြီးပေါ်ပေါက်လာတာဟာ ကျွန်တော် တော်လို့မဟုတ်ရပါဘူး။ ကျွန်တော်ကတော့ ဒီဆင်းရဲသား လယ်သမားပါတီဖြစ်ပေါ်လာအောင် စုစည်းဖော်ဆောင်ပေးခဲ့ခြင်းသာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ဆင်းရဲသားလယ်သမားထုကြီးဟာ တိုင်းပြည်လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ရှိပါတယ်။ ဒါပေမယ့် အဲဒီလယ်သမားထုကြီးဟာ တိုင်းပြည်မှာ အလုပ်လုပ်ဆုံးလူသားတွေဖြစ်ပြီး အဆင်းရဲဆုံးလူသားတွေလည်း ဖြစ်နေပါတယ်။ အလုပ်မလုပ်လို့ ဆင်းရဲတာ ဆင်းရဲထိုက်ပေမယ့် အလုပ်လုပ်ရင်းနဲ့ ဆင်းရဲတာ သဘာဝလုံးဝမကျပါဘူး။ လယ်သမားထုကြီးရဲ့ စိတ်ထဲမှာ အခုမှ ငါတို့ကို ကိုယ်စားပြုမယ့် ဒို့ရဲ့ မိရင်းဖရင်း ပါတီကြီးပေါ်ပေါက်လာပြီကွဆိုပြီး တစ်ခဲနက် ပါဝင်လာကြတဲ့အတွက် သုံးနှစ်တာကာလအတွင်း လျှင်လျှင်မြန်မြန် အင်အားကြီးထွားလာခဲ့ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ အလံနဲ့တံဆိပ်ကို ကြည့်လိုက်မယ်ဆိုရင်လည်း အင်္ဂလိပ်ကိုလိုနီခေတ်က အသက်ကိုပဓာနမထားဘဲ တိုင်းပြည်အတွက် ရှုပ်ရှုပ်ချွံချွံ အသက်ပေးပြီး တော်လှန်ခဲ့တဲ့ ဂဠုန်နဂါးတံဆိပ်ကြီးရဲ့ မူလပိုင်ရှင်ဖြစ်တဲ့ ဂဠုန်ဆရာစံကြီးရဲ့ အမှတ်တံဆိပ်ကို လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ဆင်းရဲသားလယ်သမားထုကြီးဟာ ယနေ့ထိတိုင်အောင် နှစ်ပေါင်းများစွာ ဘာအခွင့်အရေးမှ မတောင်းဆိုခဲ့ကြပါဘူး။ ကျေးလက်မှာနေ၊ မြို့ပြဆိုရင် အထင်ကြီး၊ ကိုယ့်တိုင်းပြည်ခေါင်းဆောင်ဆိုရင် လေးစား၊ ရိုးရိုးသားသားနဲ့ အခွန်ထမ်းပြီး တိုင်းပြည်ကိုအလုပ်အကျွေးပြုလာတဲ့ လူထုလူတန်းစားကြီးဆိုရင်လည်း ငြင်းလို့မရပါဘူးခင်ဗျာ။

အခုလို ဒီမိုကရေစီခေတ်ရောက်လာတဲ့အခါမှာတော့ ဘယ်လိုလူတန်းစားမဆို နိုင်ငံတော်ကို မိမိတို့ရဲ့ဘဝအခြေအနေမှန်တွေကို ပြောဆိုတင်ပြလာနိုင်ပြီဆိုတာ လယ်သမားထုကြီးလည်း သဘောပေါက်လာခဲ့ကြပါပြီ။ ဒါကြောင့် ကျွန်တော်တို့ ဆင်းရဲသားလယ်သမားထုကြီးကလည်း ကိုယ့်လယ်သမားပါတီ ကိုယ်ထူထောင်ကာ လွှတ်တော်ထဲမှာ မိမိတို့အကြောင်း၊ မိမိတို့ဘဝနဲ့ လိုအပ်ချက်တွေကို တိုင်းပြည်သိအောင်တင်ပြနိုင်ဖို့ ကြိုးစားလာခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ဆင်းရဲသားလယ်သမားတွေဟာ ရွှံ့တော၊ နွံတောထဲမှာ နှစ်ပေါင်းများစွာ ဆင်းရဲဒုက္ခခံပြီး တိုင်းပြည်အကျိုးကို သယ်ပိုးနေခဲ့ကြရတဲ့ ကာလတွေ ကြာရှည်လွန်းလို့ ကိုယ့်အကြောင်းလေး ကိုယ်တင်ပြနိုင်အောင် ရွှံ့တောထဲကနေ လမ်းမပေါ်တက်လာကြတာကို တွန်းမချလိုက်ပါနဲ့လို့ မေတ္တာရပ်ခံအပ်ပါတယ်။

ကျွန်တော်တို့ ဆင်းရဲသားလယ်သမားထုကြီးဟာ မြန်မာနိုင်ငံသားစစ်စစ်တွေဖြစ်ပြီး တိုင်းပြည်ကို တစ်ခါမှဒုက္ခမပေးခဲ့ဖူးပါဘူး။ ဒါကြောင့် ကျွန်တော်တို့လွှတ်တော်ထဲသွားပြီး ပြောနိုင်ဆိုနိုင်အောင် ထမင်းစားတဲ့သူတိုင်းက ကျေးဇူးဆပ်တဲ့အနေနဲ့ မဲပေးပြီး လွှတ်တော်ထဲကို အရောက်ပို့ပေးပါလို့ ပြောပါရစေ။ လွှတ်တော်ထဲရောက်ခဲ့ရင်လည်း ယခင်ထက်ပိုပြီး တိုင်းသူပြည်သားအကျိုးကို ပိုမိုပြီး ထမ်းဆောင်သွားပါမယ်လို့ အားလုံးကိုကတိပေးပါတယ်။

ကျွန်တော်တို့ လယ်သမားအားလုံးရဲ့ဘဝဟာ မြန်မာလယ်သမားလည်း ဆင်းရဲတာပဲ၊ ရှမ်းလယ်သမားလည်း ဆင်းရဲတာပဲ၊ ကချင်လယ်သမားလည်း ဆင်းရဲတာပဲ၊ ကရင်လယ်သမားလည်း ဆင်းရဲတာပဲ၊ မွန်လယ်သမား၊ ရခိုင်လယ်သမား စတဲ့ ညီနောင်တိုင်းရင်းသား လယ်သမားအားလုံး ဆင်းဆင်းရဲရဲနေခဲ့ရတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ ဒါကြောင့် ဆင်းရဲသားလယ်သမားဘဝကို ဆင်းရဲသားလယ်သမားပါတီကသာ နားလည်ပြီး ကိုယ်ချင်းစာတတ်မှာပါ။

ကျွန်တော်တို့ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေနဲ့ **တိုင်းဒေသကြီးများမှာရှိတဲ့** တောင်သူလယ်သမားများရဲ့ သိမ်းဆည်းခံလယ်ယာမြေပေါင်းများစွာကို ဥပဒေဘောင်အတွင်းကနေပြီး နိုင်ငံတော်ကို တင်ပြတောင်းဆိုပေးခဲ့ပြီးဖြစ်ပါတယ်။ မရရှိသေးတဲ့လယ်ယာမြေများကိုလည်း ဆက်လက်တိုက်ပွဲဝင်တောင်းဆိုသွားဦးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တောင်သူလယ်သမားအားလုံးဟာ နှစ်ပေါင်းများစွာ ပြောင်းလဲမှုမရှိဘဲ ဆင်းရဲတွင်းနက်လာကြတဲ့အတွက် ကျွန်တော်တို့အားလုံးဟာ အပြောင်းအလဲကြီးတစ်ခုကို လိုချင်နေကြပြီဆိုတာ တစ်တိုင်းပြည်လုံး ငြင်းလို့မရပါဘူး။ အမှန်တကယ် ချွေးနဲ့၊ သွေးနဲ့ အလုပ်လုပ်နေကြရတဲ့ ဆင်းရဲသားလယ်သမား အလုပ်သမားထုကြီးကသာ တိုင်းပြည်ကို တိုးတက်မြင့်မားအောင် ပြောင်းလဲနိုင်မယ်လို့ ယုံကြည်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား -**

ကျွန်တော်တို့ရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လယ်ယာမြေနှင့် နိုင်ငံခြားရေးဆိုင်ရာ မူဝါဒများကို ဆက်လက်တင်ပြလိုပါတယ်။

**(က) စီးပွားရေးဆိုင်ရာမူဝါဒ**

(၁) လွတ်လပ်သောအမျိုးသားစီးပွားရေးမူဝါဒအား ချမှတ်ကျင့်သုံးပြီး လယ်ယာထွက်ကုန်များအား လွတ်လပ်စွာစိုက်ပျိုးခွင့်၊ ရောင်းချခွင့်၊ သိုလှောင်ခွင့်ရရှိစေရန် ဆောင်ရွက်မည်။

(၂) လယ်ယာသုံးစက်ကိရိယာနှင့် မြေသြဇာအပါအဝင် လယ်ယာလုပ်ငန်းခွင်အတွက် လိုအပ်သည့် ကုန်ပစ္စည်းများအား အဖိုးနှုန်းသက်သာစွာဖြင့် ဝယ်ယူတင်သွင်းခွင့်ရရှိစေရန် ဆောင်ရွက်မည်။

(၃) စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပဈေးကွက်ဝေစုရရှိရေး ဦးစားပေးဆောင်ရွက်မည်။

**(ခ) ပညာရေးဆိုင်ရာမူဝါဒ**

(၁) နိုင်ငံသားတိုင်းစာတတ်မြောက်ရေးအတွက် သက်ဆိုင်ရာလူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မည်။

(၂) အရည်အချင်းပြည့်ဝသော ပညာရေးဝန်ထမ်းများ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရေးဝန်ထမ်းများအတွက် လုံလောက်သော လစာ၊ ရိက္ခာ၊ ခံစားခွင့်များရရှိစေရန် ဆောင်ရွက်မည်။

(၃) မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူများကို နိုင်ငံတော်မှ ကျွေးမွေးထောက်ပံ့နိုင်အောင် ကြိုးစားသွားမည်။ ဒါမှသာ ကာယ/ ဉာဏ အားများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာမည်။

**(ဂ) ကျန်းမာရေးဆိုင်ရာမူဝါဒ**

(၁) နိုင်ငံသားတိုင်း ထိရောက်သော ကျန်းမာရေးကူညီစောင့်ရှောက်မှုရရှိစေရန်နှင့် အခြေခံလူတန်းစားများ အခမဲ့ဆေးကုသခွင့် ရရှိစေရေးဆောင်ရွက်မည်။

(၂) ကျေးလက်ဒေသနှင့် တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ နယ်စပ်ဒေသများတွင် မြို့ပြနှင့်တစ်ပြေးညီ ကျန်းမာရေးကူညီစောင့်ရှောက်မှုများ ရရှိစေရေးဆောင်ရွက်မည်။

**(ဃ) လယ်ယာမြေဆိုင်ရာမူဝါဒ**

(၁) စိုက်ပျိုးမြေများ တိုးချဲ့ဖော်ဆောင်၍ ဒေသနှင့်ကိုက်ညီသော သီးနှံများ လွတ်လပ်စွာဥပဒေနှင့်အညီ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်မည်။


(၂) လယ်ယာလုပ်ငန်းအတွက် လိုအပ်သော စိုက်ပျိုးစရိတ်နှင့် အခြားထောက်ပံ့မှုများအား အတိုးမဲ့ကူညီထောက်ပံ့နိုင်ရန် ဦးစားပေးဆောင်ရွက်မည်။

(၃) ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံသော်လည်း အကြောင်းကြောင်းကြောင့် လယ်ယာမြေလက်လွတ်ဆုံးရှုံးခဲ့ရသော လယ်သမားများအတွက် လယ်ယာမြေ လက်ဝယ်ပြန်လည်ရရှိစေရေး ဥပဒေနှင့်အညီ အလေးထားဆောင်ရွက်မည်။

(၄) ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို မြေပြန့်၊ တောင်တန်း မခွဲခြားဘဲ ထိထိရောက်ရောက်အသက်ဝင်ရန် ဆောင်ရွက်သွားမည်။ ထို ၂၀၁၂ ခုနှစ် ဥပဒေထဲမှ လိုအပ်သလို ထပ်မံဖြည့်စွက်/ပယ်ဖျက်ပေးသွားမည်။

**မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ တိုင်းပြည်မှာ ကျွန်တော်ရော၊ တိုင်းသူပြည်သားအားလုံးရော လိမ်ပြောစရာမလိုဘဲ ဘဝကို ဖြတ်သန်းနိုင်ဖို့ လိုပါတယ်။ ကျွန်တော်တို့လူမျိုးဟာ ကြောက်ရင်လည်း လိမ်ပြောပေးလိုက်တာပဲ၊ သနားရင်လည်း လိမ်ပြောပေးလိုက်တာပဲ၊ အားနာရင်လည်း လိမ်ပြောပေးလိုက်ကြတာပဲ။ အဲဒီလိုလိမ်ပြောလိုက်တာဟာ ခဏတစ်ဖြုတ်တော့ အဆင်ပြေသွားမှာပါ။ ဘဝအတွက်တော့ ကြာလာရင် အခက်အခဲပေါင်းများစွာ ဖြစ်လာပါတယ်။ တိုင်းပြည်နဲ့ လူမျိုးဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အမှန်တရားကို သတ္တိရှိရှိ ရဲရဲဝံ့ဝံ့ ပြောရဲလုပ်ရဲဖို့လိုပါတယ်။ ကြောက်ကြောက် ကြောက်ကြောက်နဲ့နေရင်လည်း သေမှာပဲ၊ ရဲရဲဝံ့ဝံ့နဲ့နေလည်းသေမှာပါပဲ။ သေမယ့်အတူတူ ရဲရဲဝံ့ဝံ့နဲ့ သေသွားချင်ပါတယ်။ ဒါကြောင့် ရဲရဲဝံ့ဝံ့နဲ့ ဆောင်ရွက်မယ့် ဂဠုန်နဂါးတံဆိပ်နဲ့ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီကို မဲပေးရွေးချယ်ကြဖို့ တိုက်တွန်းလိုပါတယ်။



သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းက ကမ္ဘာကြီးဟာ မကောင်းတာလုပ်သူတွေကြောင့် ပျက်စီးသွားမှာ မဟုတ်ပါဘူး။ မကောင်းတာလုပ်နေတာကိုမြင်လျက်နဲ့ လက်ပိုက်ကြည့်နေသူတွေကြောင့် ပျက်စီးသွားမှာပါလို့ ဆိုခဲ့ပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားတွေအနေနဲ့လည်း လယ်သမားတွေရဲ့ဘဝကို လယ်သမားတွေကသာ ပြောင်းလဲတိုးတက်အောင်လုပ်နိုင်မှာမို့ လက်ပိုက်ကြည့်နေလို့မရဘဲ လွှတ်တော်ထဲအထိ ချီတက်အရေးဆိုကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ ကိုယ်စားလှယ်လောင်းအားလုံးဟာ တိုင်းပြည်အတွက် သစ္စာရေသောက်ပြီးမှ တိုင်းပြည်အကျိုးကိုလုပ်တာဖြစ်ပါတယ်။

မြန်မာနိုင်ငံကြီး တိုးတက်တာကို မြင်ချင်တဲ့သူဟာ မြန်မာနိုင်ငံသားစစ်စစ်ပဲဆိုတာ ယုံကြည်လို့ရပါတယ်။ မြန်မာနိုင်ငံသားဖြစ်ပါလျက်နဲ့ မြန်မာနိုင်ငံကြီးပွားတိုးတက်တာကို မမြင်ချင်ရင်တော့ မြန်မာနိုင်ငံသားစစ်စစ် မဟုတ်ဘူးလို့ မှတ်ယူရမှာပဲ။ ခေါင်းဆောင်ဆိုတာ ပြည်သူတွေရဲ့ လက်ရှိအခြေအနေကို တိုးတက်မြင့်မားအောင် လုပ်ဆောင်ပေးနိုင်မှသာ ခေါင်းဆောင်လို့ ခေါ်ထိုက်ပါတယ်။

ကျွန်တော်တို့ပြည်သူတွေဟာ ရေမလာလည်း ဘာမှမပြောပါဘူး။ မီးမလာလည်း ဘာမှမပြောဘဲ သည်းခံနေကျ။ ကျွန်တော်တို့အားလုံးတောင်းဆိုချင်နေတာ လင်ခရူစာကားကြီးတွေ၊ ကွန်ဒိုတိုက်ခန်းကြီးတွေလည်း မဟုတ်ပါဘူး။ ထမင်းလေးဝဝလင်လင်စားပြီး ကြွေးကင်းကင်းလေးနေရပြီး တဲအိမ်လေးနဲ့နေရလည်း ပျော်နေပါပြီ။ အဲဒါဟာ ပြည်သူအားလုံးရဲ့ ဆန္ဒပါ။

နိုင်ငံတော်ဆိုတာ ပြည်သူအားလုံးကို ကိုယ်စားပြုထားတဲ့နေရာပါ။ အစိုးရဆိုတာ ပြည်သူကိုစောင့်ရှောက်ဖို့ ပြည်သူက အပ်နှင်းထားတာပါ။ ကိုယ့်ရဲ့ဘဝကို အပ်ထားတဲ့သူကို ချစ်ပဲချစ်ချင်ပါတယ်။ မကြောက်ပါရစေနဲ့လို့ ပြည်သူအားလုံးက ဆုတောင်းနေပါတယ်။ ကျွန်တော်တို့ အခုလုပ်နေတာဟာ တကယ့်နိုင်ငံ့အရေး မဟုတ်သေးပါဘူး။ နိုင်ငံရေးသမားလို့ အမည်ခံပြီး လူထုကိုပြောလိုက်၊ ဂျာနယ်/မဂ္ဂဇင်း/စာစောင်တွေက ထည့်ရေးလိုက်နဲ့ ဒါလေးနဲ့ ကျေနပ်နေတာပါ။ ပြည်သူလူထုကတော့ နေပူထဲမှာ ဆင်းရဲမြဲဆင်းရဲ၊ စိတ်ပင်ပန်း လူပင်ပန်းနေတာ မပြောင်းလဲသေးပါဘူး။ တိုင်းပြည်ရဲ့ နိုင်ငံရေးသမားစစ်စစ်ဆိုတာ ပြည်သူလူထု စိတ်ချမ်းချမ်းသာသာနဲ့ ဘဝတိုးတက်မြင့်မားအောင် ပြောင်းလဲပေးနိုင်ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဆင်းရဲသားလယ်သမား၊ အလုပ်သမားလူထုကြီးကို မှာလိုတာက မိမိရဲ့ စိတ်ခံစားမှုလေးတစ်ခုတည်းကိုကြည့်ပြီး တိုင်းပြည်အတွက် အရေးကြီးဆုံးကာလမှာ တိုင်းပြည်အတွက်၊ အများအကျိုးအတွက် လျစ်လျူရှုလိုက်မယ်ဆိုရင် မိမိဘဝကို ရက်ရက်စက်စက် ဖျက်ဆီးလိုက်တာနဲ့တူတယ်။ နောင်မှ နောင်တရလို့မဆုံး ဖြစ်နေလိမ့်မယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ပြည်သူလူထုကြီးက ယုံယုံကြည်ကြည် ရဲရဲတင်းတင်း တာဝန်ပေးအပ်နိုင်ဖို့အတွက် ဆင်းရဲသားတောင်သူလယ်သမား အလုပ်သမားများကို ကိုယ်စားပြုမယ့် ကျွန်တော်တို့ **“မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ”**ရဲ့ ဒေါင်ဒေါင်မြည် ကိုယ်စားလှယ်လောင်း ၂၈၅ ဦးကို ပြည်သူတွေရှေ့မှောက် အရောက်ပို့လိုက်ပါပြီ။ မဲဆန္ဒရှင် မိဘပြည်သူများကလည်း ကျွန်တော်တို့ပါတီရဲ့ အမှတ်အသားဖြစ်တဲ့ ဂဠုန်နဂါးတံဆိပ်ရဲ့ဘေးမှာ အမှတ်တံဆိပ်ခတ်နှိပ်ပြီး ပြည်သူကိုယ်စားပြုမယ့် ပြည်သူ့ပါတီကို မဲပေးရွေးချယ်ပေးကြပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

## “လယ်သမားသမ္မတ”

**ရေး/ဆို-ညီဝင်းစိန်**

V: [သပြေထွန်းတဲ့တောင်ကျွန်းဒီပါ မြန်မာပြည်ကြီးဝယ်၊ လယ်သမားအတွက် ဆောင်ရွက်နေတာ ဒီပါတီပါကွယ်]ᒧ ကျေးလက်တောရွာအနှံ့ တကယ် ဆောင်ရွက်နေတာပါတယ်၊ ဆုံးရှုံးမှုတွေပျောက်ကွယ် အမှန်တရားပေါ်လွင်မယ်၊ အောင်ပန်းဆွတ်ကာ လယ်ယာစနစ်တွေ ထွန်းသစ်ခါသာရယ် လယ်သမားသမ္မတ၊ သမ္မတဟော့လို့ ဒို့များကြွေးကြော်မယ်။

Cho: [(ကြိုးစားမယ်)ᒧ ဒို့တွေကြိုးစားမယ်၊ ပါတီဂုဏ်ရှိန်မြင့်အောင်ကွယ် ဒို့များကြံဆောင်မယ်]ᒧ ဆက်လက်တည်စေမယ်၊ ဂဠုန်နဂါးအလံ အောင်ပွဲခံလို့ ကမ္ဘာအနှံ့သိစေမယ်။

# ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြော တင်ပြ

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ ဥက္ကဋ္ဌ ဦးကျော်မင်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြော တင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား -**

အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ ဥက္ကဋ္ဌ ဦးကျော်မင်း ဖြစ်ပါတယ်။ ပါတီရဲ့မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို ပြည်သူအပေါင်းအားတင်ပြခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါတယ်။

ဦးစွာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီကို မိတ်ဆက်လိုပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီကို ၂၀၁၃ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် မှတ်ပုံတင်အမှတ် (၆၃)ဖြင့် ဖွဲ့စည်းထူထောင်ခွင့်ရရှိပြီး ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီတစ်ခုဖြစ်ပါသည်။ ပါတီရဲ့ ဌာနချုပ်ကို အမှတ်(၁၁၆/၁၁၈) (၆)လွှာ ဘိုကလေးဈေးလမ်း (၈)ရပ်ကွက် ဗိုလ်တထောင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် တည်ထားပါသည်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီရဲ့ ရည်ရွယ်ချက်ကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဝှမ်းတွင် လူ့အခွင့်အရေး မှန်ကန်မျှတစွာရရှိရေး၊ စစ်မှန်ပြည့်ဝသော ဒီမိုကရေစီဖော်ဆောင်ရေးနှင့် လူ့အခွင့်အရေးဆုံးရှုံးခံနေရသူများအား ကာကွယ်မြှင့်တင်ပေးရေးတို့ကို ဆောင်ရွက်ရန်။

ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းရာတွင် တစ်တပ်တစ်အားပါဝင်ရန်။

နိုင်ငံတော်ရှိ တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု တည်မြဲရေးအား အစဉ်သဖြင့် တည်တံ့ခိုင်မြဲရေးကို ရည်ရွယ်သည့်အပြင် ရခိုင်ပြည်နယ်တွင် မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားညီနောင်အားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ရန်။

မြန်မာနိုင်ငံတွင် နိုင်ငံသားတစ်မျိုးတည်းသာရှိပြီး အားလုံးတန်းတူရည်တူ အခွင့်အရေးရရှိရေးကို ရည်ရွယ်သော နိုင်ငံရေးယဉ်ကျေးမှု "Political Culture" တစ်ရပ်တည်ဆောက်ရန်။

နိုင်ငံတော်ရှိ တိုင်းရင်းသားလူနည်းစု အသီးသီးနှင့် ပြည်သူအားလုံး၏ စည်းလုံးရေးနှင့် တန်းတူညီမျှရေးအတွက် ရေရှည်အာမခံချက်ရှိသော နိုင်ငံရေးဖြေရှင်းချက်များပေါ်ထွက်လာအောင် ဆောင်ရွက်ရန်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအမြင် အယူအဆချင်း တူညီသော နိုင်ငံရေးပါတီများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ၏ ခံယူချက်ကို တင်ပြရလျှင်-**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ နိုင်ငံသားတစ်ရပ်လုံး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် တန်းတူရည်တူ အခွင့်အရေးများရှိစေရမည်ဟု ခံယူသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တရားဥပဒေစိုးမိုးသည့် စစ်မှန်သည့် ဒီမိုကရေစီကို ဖော်ဆောင်နိုင်မှသာ မကြာသောကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာမည်ဟု ခံယူသည်။

တိုင်းရင်းသားလူမျိုးစုအရေးကိစ္စများနှင့် လူ့အခွင့်အရေးကိစ္စများကို သက်ဆိုင်သူတို့အားလုံးနှင့် ပူးပေါင်း၍ ဆွေးနွေးညှိနှိုင်းဖြေရှင်းခြင်းဖြင့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးဖြစ်လာမည်ဟု ခံယူသည်။

မြန်မာပြည်သူပြည်သားများကို လူမျိုး၊ ဘာသာ၊ နေရာဒေသမရွေး အသားအရောင်ခွဲခြားခြင်းမပြုဘဲ တူညီသောစံ၊ တူညီသော ဥပဒေများဖြင့်သာ အုပ်ချုပ်ရမည်ဟု ခံယူသည်။

အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများ နေရပ်ပြန်လာခွင့်ရှိပြီး ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ခွင့်ရရှိစေရမည်ဟု ခံယူသည်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီက ချမှတ်သောလုပ်ငန်းစဉ်များ အနက် အချို့ကိုတင်ပြလိုပါတယ်။

**ပညာရေးကဏ္ဍ**

အခြေခံမူလတန်းနှင့် အလယ်တန်းပညာရေးကို တစ်နိုင်ငံလုံး မသင်မနေရသတ်မှတ်ပြီး ထိုပညာရေးကို အခမဲ့သင်ယူခွင့်ရရှိအောင် ကြိုးပမ်းမည်။

အခြေခံအထက်တန်းပညာရေးနှင့် အဆင့်မြင့်ပညာရေးများကို စရိတ်စကသက်သာစွာဖြင့် သင်ယူနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။

ဘက်စုံပညာရေး အဆင့်အတန်းမြင့်မားလာရေးအတွက် လိုအပ်သော ပညာရေးရန်ပုံငွေကို နိုင်ငံတော်ဘတ်ဂျက်မှ ပိုမိုရရှိနိုင်ရေးအတွက် ကြိုးပမ်းမည်။

ကမ္ဘာ့အသိအမှတ်ပြု ပညာရေးဝန်ဆောင်မှုပေးနိုင်သောနိုင်ငံအဖြစ် ရောက်ရှိနိုင်ရေးအတွက် လိုအပ်သော အစီအမံများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်မည်။

**ကျန်းမာရေးကဏ္ဍ**

စရိတ်စကသက်သာစွာဖြင့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ဆောင်မှုကို ပြည်သူအားလုံးခံစားခွင့်ရရှိအောင် ကြိုးပမ်းဆောင်ရွက်မည်။

ကူးစက်ရောဂါအားလုံးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူတစ်ရပ်လုံး ဦးဆောင်ပေးနိုင်သော စွမ်းရည်ရှိအောင် ကြိုးစားမည်။

ဆေးပညာရပ်များ၊ ဆေးကုသနည်းများ၊ ဆေးဝါးထုတ်လုပ်ရေးနည်းများ၊ တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတကာအဆင့်မီလာစေရန် လိုအပ်သော အစီအမံများကို ချမှတ်ဆောင်ရွက်မည်။

**စီးပွားရေးကဏ္ဍ**

ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ပေါ်ပေါက်လာရေး၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ လူမျိုးစုအလိုက် ဒေသအလိုက်တန်းတူညီမျှသော အလုပ်လုပ်နိုင်သော အခွင့်အရေးများ ရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

ရေတို၊ ရေရှည်အကျိုးရှိမည့် Micro, Macro စီးပွားရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင် မပျက်စီးရန် အလေးထား၍ ဖော်ဆောင်တည်ဆောက်နိုင်အောင် ကြိုးစားမည်။

**တောင်သူလယ်သမားကဏ္ဍ**

တောင်သူလယ်သမားများသည် ဥပဒေနှင့်အညီ လယ်ယာမြေပိုင်ဆိုင်ခွင့်နှင့် လွှဲပြောင်းပိုင်ခွင့်ဆက်ခံပိုင်ခွင့်ရှိရမည်။

မိရိုးဖလာစိုက်ပျိုးရေးမှ ခေတ်မီတိုးတက်သော စက်မှုလယ်ယာစနစ်သို့ ဆင့်ကဲဆင့်ကဲ ပြောင်းလဲအောင် ဆောင်ရွက်မည်။

မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ မြေမဲ့ယာမဲ့လယ်လုပ်သားများနှင့် မူလလုပ်ကိုင်ခွင့်ရတောင်သူများအား တရားဝင်လုပ်ကိုင်ခွင့်ရရှိအောင် ကြိုးစားမည်။

စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနှင့် အရည်အသွေးကောင်း လယ်ယာထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းများကို ပြည်တွင်း/ပြည်ပ ကုမ္ပဏီများနှင့် ပူးပေါင်း၍ တောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းစေရန် ဆောင်ရွက်မည်။

တောင်သူလယ်သမားများ၏ နစ်နာဆုံးရှုံးမှုများ၊ ရပိုင်ခွင့်များ၊ ပြဿနာအရေးကိစ္စများကို တောင်သူလယ်သမားအကျိုးအတွက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် တောင်သူလယ်သမားအဖွဲ့များဖွဲ့စည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

**အလုပ်သမားကဏ္ဍ**

အလုပ်သမားတိုင်း ထိုက်တန်သော လုပ်ခလစာရရှိရေး အလုပ်လက်မဲ့ဖြစ်ခြင်းမှ ကာကွယ်ရေးအတွက် ဆောင်ရွက်မည်။

လူမျိုး၊ ဘာသာ၊ နေရာဒေသ ကျား/မ ခွဲခြားခြင်းမခံရဘဲ တူညီသော အလုပ်အတွက် တူညီသော အခကြေးငွေရရှိရေး ဆောင်ရွက်မည်။

အဓမ္မအလုပ်ခိုင်းစေခြင်း၊ လုပ်ငန်းခွင်တွင် နှိပ်စက်ခြင်းများကို တားဆီးနိုင်ရန် ကြိုးပမ်းမည်။

အလုပ်သမားတိုင်း မိမိအကျိုးခံစားခွင့်ကို ကာကွယ်နိုင်ရန် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခွင့်ရရှိအောင် ကြိုးပမ်းမည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO)၏ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် ကြိုးပမ်းမည်။

**ကျောင်းသားလူငယ်ကဏ္ဍ**

လူငယ်များသည် တိုင်းပြည်၏ အဖိုးတန်ဆုံးအင်အားတစ်ရပ်ဖြစ်သည့်အားလျော်စွာ နိုင်ငံ၏အနာဂတ်ဖြစ်သော လူငယ်များ၏စွမ်းရည်ဖော်ထုတ်ရေးကို ဦးစားပေးဆောင်ရွက်မည်။

ကျောင်းသားများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုလျက် ကျောင်းသားသမဂ္ဂများကို ဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်ရရေးကို အားပေးမည်။

**တရားရေးကဏ္ဍ**

တရားစီရင်ရေးမဏ္ဍိုင်ကို ဒီမိုကရေစီစံနှင့် ကိုက်ညီ၍ လွတ်လပ်စွာ ရပ်တည်စေရန် ကြိုးပမ်းမည်။

တရားသူကြီးများသည် ဥပဒေပြဋ္ဌာန်းချက်များကိုသာ လိုက်နာကျင့်သုံး၍ လွတ်လပ်မှန်ကန်စွာ တရားစီရင်ခွင့်ရရှိစေရမည်။

အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် သက်ဆိုင်သည့် မည်သည့်အဖွဲ့အစည်းကိုမျှ တရားစီရင်ခွင့် အာဏာမအပ်နှင်းရ။ ဝင်ရောက်စွက်ဖက်ခွင့်မပြုရအောင် ကြိုးပမ်းမည်။

တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးနှင့်တကွ စီရင်ချက်များကို အများပြည်သူတို့၏ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်။

ပြစ်မှုများအတွက် စွပ်စွဲခံရသူများအား ဥပဒေနှင့်အညီ ခုခံချေပခွင့် အပြည့်အဝပေးရမည်။ အယူခံပိုင်ခွင့်ရှိရမည်။ မည်သည့်ပြစ်မှုဆိုင်ရာဥပဒေများ နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှု မရှိစေရ။

ဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်း မရှိသေးသမျှ မည်သူ့ကိုမဆို အပြစ်ကင်းသည်ဟု မှတ်ယူရမည်။

လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် စစ်ဆေးမှု၊ အပြစ်ပေးမှု၊ ပြစ်ဒဏ်ခံစားစေမှုများ မပြုလုပ်ရ။

ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အပြစ်ပေးအရေးယူရာတွင် ပြစ်မှုကျူးလွန်သူနှင့် ပတ်သက်သော မိသားစုဆွေမျိုး၊ လူမျိုးစု၊ ကိုးကွယ်သည့် ဘာသာ၊ သာသနာအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သက်ရောက်မှုမရှိစေရ။

**အုပ်ချုပ်ရေးကဏ္ဍ**

တရားဥပဒေစိုးမိုးသော၊ ပွင့်လင်းမြင်သာသော၊ တာဝန်ခံမှုရှိသော၊ အကျင့်ပျက်မှုကင်းသော လူမျိုး/ ဘာသာဒေသစွဲကင်းသော ဒီမိုကရေစီကျသော၊ တရားမျှတမှုရှိသော၊ အုပ်ချုပ်ရေးယန္တရားဖြစ်ပေါ်စေရန် ကြိုးပမ်းတည်ဆောက်မည်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးစံနှုန်းစံထားနှင့် မကိုက်ညီသော၊ ဥပဒေရေးရာမှာ ရှုပ်ထွေးမှုဖြစ်စေသော အုပ်ချုပ်ရေးယန္တရားမဖြစ်ပေါ်စေရန် ကြိုးစားတည်ဆောက်မည်။

**နိုင်ငံခြားရေးကဏ္ဍ**

နိုင်ငံတကာနှင့် ဆက်ဆံရာတွင် တက်ကြွပြီး လွတ်လပ်၍ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမည်။

နိုင်ငံတကာနှင့် ဆက်ဆံရာတွင် လူထုအခြေပြုအဖွဲ့အစည်းများ၏ ကဏ္ဍကို အထူးအလေးပေးဆောင်ရွက်မည်။

**တိုင်းရင်းသားလူမျိုးများကဏ္ဍ**

တိုင်းရင်းသားလူမျိုးများအားလုံး၏ တန်းတူရည်တူအခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း၊ တစ်ဦး၏အယူအဆယဉ်ကျေးမှု ထုံးဓလေ့များကို တစ်ဦးကလေးစားခြင်း၊ အခြေခံလူ့အခွင့်အရေး လေးစားလိုက်နာခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရအောင် အားထုတ်မည်။

တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများ ဖွံ့ဖြိုးတိုးတက်ရေး အားထုတ်မည်။

တိုင်းရင်းသားများအချင်းချင်း အမြင်ချင်းဖလှယ်ခြင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းခြင်းဖြင့် တိုင်းရင်းသားများအတွင်း ယုံကြည်ချစ်ကြည်မှုရအောင် ကြိုးပမ်းအားထုတ်မည်။

တိုင်းရင်းသားနယ်မြေအသီးသီးတွင် စီးပွားရေးအခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ လွတ်လပ်စွာဆောင်ရွက်ခြင်း၊ ဆင်းရဲမှုပပျောက်ရေး၊ တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ်များမြှင့်တင်ခြင်းဖြင့် အကျိုးပြုနိုင်ရန် ကြိုးပမ်းမည်။

တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါ အခြေခံအခွင့်အရေးများ ပြည့်ဝစွာခံစားခွင့်ရရေး တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရေး ကြိုးပမ်းမည်။

တိုင်းရင်းသားလူမျိုးများ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် လေးနက်သော နိုင်ငံရေးဖြေရှင်းချက်တစ်ရပ် ရရှိလာအောင် ကြိုးပမ်းမည်။

တိုင်းရင်းသားလူမျိုးများ၏ တိမ်ကောနေသော သမိုင်းမှန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးမည်။

မည်သည့်တိုင်းရင်းသားလူမျိုးကိုမဆို ကွဲပြားခြားနားသော ဘာသာရေးယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို အခြေခံ၍ အခြေခံအခွင့်အရေးများ ပိတ်ပင်ခြင်းမပြုနိုင်အောင် အားထုတ်မည်။

**ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ**

တပ်မတော်သည် နိုင်ငံတော်တွင် မရှိမဖြစ်လိုအပ်သောအဖွဲ့အစည်းဖြစ်သည့် အားလျော်စွာ စွမ်းရည်ထက်မြက်သော၊ နည်းပညာပိုင်းဆိုင်ရာတိုးတက်သော၊ စွမ်းရည်မြင့်မားသော တပ်မတော်ကြီးဖြစ်ရန် အားပေးကူညီမည်။

ပြည်သူချစ်သော၊ ပြည်သူ၏ယုံကြည်ကိုးစားမှုခံထိုက်သော တပ်မတော်ကြီးဖြစ်ရန် အားပေးကူညီမည်။

ရဲတပ်ဖွဲ့သည် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ မိမိ၏တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်သူအများအားကိုးအားထားရသော ရဲတပ်ဖွဲ့ဖြစ်လာစေရန် အားပေးကူညီမည်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူတို့ခင်ဗျား-**

ကျွန်တော်များ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ၏ Logo အမှတ်တံဆိပ်မှာ ချိန်ခွင်ဖြစ်ပြီး နိုင်ငံသားအားလုံး တန်းတူညီမျှရေးကို ဖော်ဆောင်သော သင်္ကေတဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်တင်ပြအပ်ပါတယ်။

အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ

လာရောက်ဟောပြောခြင်းမပြု၍ ဖော်ပြနိုင်ခြင်း မရှိပါ။

အမျိုးသား ညီညွတ်ရေးကွန်ဂရက်
UNITED NATIONAL CONGRESS

# ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ











**မဲဆန္ဒရှင်တိုင်း မဲပေးသင့်သည်။**

**မဲပေးမည်ဆိုပါက သင့်အမည်**


**မဲစာရင်းတွင် ပါရန်လိုသည်။**









# 4TV ၏ တစ်ပတ်စာကြည့်ရှုရေးအစီအစဉ်ကောင်းများ
## (၂၆-၉-၂၀၁၅ မှ ၂-၁၀-၂၀၁၅ အထိ)

Vol.1 No-37

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

မြန်မာပြည်အနှံ့ မြို့နယ်တိုင်းမှာ ကြည့်နိုင်ပြီ
4TV ရုပ်သံဖမ်းစက် နှင့် ဗန်း
SATELLITE RECEIVER
အရည်အသွေးမြင့်ရုပ်သံလိုင်းပေါင်းများစွာ ဖမ်းယူကြည့်ရှုနိုင်သည်

## အားရိုးပျော်သည် 4TV



4TV SHOWROOM MONYWA



4TV SHOWROOM TAUNGGYI

## မှတ်တမ်းတင်ကျေးဇူးတင်ရှိခြင်း

4TV Showroom မုံရွာ နှင့် 4TV Showroom တောင်ကြီး ဖွင့်ပွဲအခမ်းအနားများသို့ကြွရောက်ချီးမြှင့်ပေးပါသော သက်ဆိုင်ရာ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဒေသခံ မြို့မိမြို့ဖများ၊ ဧည့်သည်တော်များ၊ 4TV ကို အားပေးကြသော မိတ်ဟောင်း မိတ်သစ်များ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို 4TV မိသားစုမှ လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သင့်မိတ်ဆွေများသို့ စကားလက်ဆောင်ပါးလိုက်ပါ ...

4TV HD Receiver ရှိပြီးသား မိတ်ဟောင်းမှ နောက်ထပ် Receiver ဝယ်ယူမည့် မိတ်သစ် ခေါ်လာပါက

စက်အသစ်

30,000Ks.
++One Month Free



~~45,000 Ks.~~

4TV ၏
မိတ်ဟောင်းမိတ်သစ်များအတွက်
အထူးအခွင့်အရေး

စက်အဟောင်း

(၁)လ အခမဲ့ ကြည့်ရှုခွင့်

ရရှိမှာဖြစ်ပါတယ်...

September 9th to October 9th

စက်အဟောင်းတစ်လုံးလျှင် စက်အသစ် သုံးလုံး ဝယ်ယူခွင့်ရှိသည်။

Hotline - 01-2306166

